www.burmeseclassic.com



# ကျေးဇူးပြစ်မှားဒဏ်ဆယ်ပါး

# နှင့်

# ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း

BURMESE CLASSIC

ပိုင်းလော့ဆရာတော်

အရှင်ဇေယျပဏ္ဍိတ


အမှတ် (၁၆) ရပ်ကွက်၊ မြောက်ဒဂုံမြို့သစ် မြောက်ပိုင်း။

တရားစခန်းဝင်ယောဂီများအတွက်သာ (သီးသန့်)

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



# အချိန်တိုင်း တွေးနေရင်း ဘဝပြောင်းနေသည်။

ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတ (မိုးကုတ်ဝိပဿနာဆိက)

မိုးညှင်းသိဂီကျောင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com

ရတနာမြတ်သုံးပါးအားဦးထိပ်ထားလျှက်
ဓမ္မပူဇာအဖြစ်
ကျေးဇူးတုံ့ဆပ်ပူဇော်အပ်ပါသည်။

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

## ကွယ်လွန်သူ ဖခင်ကြီး

## ဦးဘင်ကင်း အားရည်စူး၍

## ဇနီး- ဒေါ်နု ၊ သမီး-ဒေါ်စန်းစန်းဝင်း

## (စင်ကာပူနိုင်ငံ)

## မိသားစုတို့၏ မြတ်ဒါန

3.12.2009 (ကြာသပတေးနေ့)

---

၁၃၇၁ -ခုနှစ်၊ နတ်တော်လဆုတ် (၂)ရက်

"ဤကောင်းမှု ကုသိုလ်ကံစေတနာအဝေပါင်းတို့ကြောင့်
သတ္တဝါများ သမ္မာသမ္ဗုဒ္ဓဘုရားရှင်၏တရားတော်မြတ်ကို
သိမြင်ကျင့်ကြံအားထုတ်နိုင်ကြပါစေ"

www.burmeseclassic.com

www.burmeseclassic.com

မိုးညှင်းသင်္ဂီကျောင်းတိုက်ဆရာတော်

အရှင်ဇေယျပဏ္ဍိတ

ဟောကြားတော်မူသော

# ကျေးဇူးပြုစ်များ ဒကာ်ဆယ်ပါး

နှင့်

# ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း

အလှူရှင်အမည်

............................................................

............................................................

............................................................

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၈၆၂၀၆၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၈၀၂၀၆၁၂

❖ ထုတ်ဝေသူ ❖
ဦးကျော်ဟင်း 'ယုံကြည်ချက်စာပေ'
အမှတ် - ၁၁၁၊ ၃၃-လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖ ပုံနှိပ်သူ ❖
ဦးဋ္ဌေးလှိုင် (၀၂၄၅၃) 'ခရီးဖော်ပုံနှိပ်တိုက်'
၅၅၊ ကမ္ဘာအေးစေတီလမ်း။ မရမ်းကုန်းမြို့နယ်။
ရန်ကုန်မြို့။ ဖုန်း-၆၆၁၄၆၅။

❖ အဖုံးဒီဇိုင်း ❖
Stars

❖ ကွန်ပျူတာစာစီ၊ အတွင်းဖလင် ❖
ပုံရိပ်ရှင်

❖ စီစဉ်သူ ❖
ဦးလေးငယ်၊ ကိုမင်းသူ
ထုတ်ဝေသည့်ကာလ
၂၀၀၇၊ ဇန်နဝါရီ

❖ အကြိမ် ❖
တတိယအကြိမ်

❖ အုပ်ရေ ❖
၁၀၀၀

❖ တန်ဖိုး ❖
၅၅၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ခင်ပွန်းကြီးဆယ်ပါး ကန်တော့ရခြင်းအကြောင်း | ၁ |
| ၂။ | ပြစ်မှားတဲ့ကံ, ဖြေရှင်းခြင်း | ၁ |
| ၃။ | မကန်တော့မီ သင်ယူလေ့လာရန် | ၄ |
| ၄။ | လေ့လာရန် နံပါတ် (၁) ခင်ပွန်း | ၄ |
| ၅။ | ခင်ပွန်း (၁၀)ပါး ရေတွက် | ၅ |
| ၆။ | ကျေးဇူး | ၆ |
| ၇။ | ကျေးဇူးကိုချေလို့မရ၊ ထေလို့မရ | ၈ |
| ၈။ | သံသရာသက်တမ်း ရေတွက်ပုံ | ၁၂ |
| ၉။ | ဒသနနဲ့ တဏှာ | ၁၃ |
| ၁၀။ | သံသရာ၌ ကျေးဇူးကင်းသူမရှိ | ၁၄ |
| ၁၁။ | နံပါတ် (၂) ဒဏ်ဆယ်ပါး | ၁၅ |


www.burmeseclassic.com

www.burmeseclassic.com


၁၂။ သွေးအန်ဖြစ်လွယ် ၁၈

၁၃။ ရောင်းဝယ်ရှုံးခြင်း ၂၀

၁၄။ ချုပ်ယွင်းအင်္ဂါ ၂၅

၁၅။ နှုန်းကုန္ဒ ၂၆

၁၆။ ရှုးကြဖောက်ပြန်၊ မင်းဒဏ်သင့်ခန်း ၃၀

၁၇။ ကြမ်းတမ်းစွပ်စွဲ ၃၃

၁၈။ သေကွဲသားချင်း ၃၅

၁၉။ ပျက်ခြင်းစည်းစိမ်၊ နေအိမ်မီးလောင် ၃၆

၂၀။ ပုဂ္ဂိုလ် (၁၄)ဦးနဲ့ တန်ပြန်အစ ၄၂

၂၁။ မြတ်စွာဘုရားရဲ့ မေတ္တာတော်ကြီးမားပုံ ၄၆

၂၂။ သက်ရှိဘုရား ၄၈

၂၃။ ပြစ်မှားခြင်း ၅၀

၂၄။ ဘာကြောင့် ချက်ချင်းအကျိုးမပေးတာလဲ ၆၁

၂၅။ အမွေပေးတတ်ပါစေ ၆၃

၂၆။ နိဗ္ဗာန်လိုချင်သူများ အတင်းမပြောနဲ့ ၆၇

၂၇။ ကန်တော့ခန်း ၇၁

၂၈။ စကြဝဠာပျံ့နေသော ဘုရားဓာတ် ၇၃

၂၉။ ဆုတောင်းခန်း၊ ကန်တော့ခန်း ၈၀

၃၀။ မေတ္တာပို့ အမျှဝေ ၈၁


www.burmeseclassic.com

www.burmeseclassic.com

## ခင်ပွန်းကြီးဆယ်ပါးပူဇော်ခြင်းအကျိုးဆယ်ပါး

၁။ အရပ်တစ်ပါးသွားလည်း အစားအစာမရှားပါးခြင်း။

၂။ ရောက်ရာအရပ်၌ လေးစားပူဇော်ခံရခြင်း။

၃။ ရန်သူမျိုးငါးပါး မနှိပ်စက်ခြင်း။

၄။ ချစ်ခင်သူပေါများခြင်း။

၅။ မည်သည့်ပရိသတ်အလယ်၌မဆို တင့်တယ်စွာ နေနိုင်ခြင်း။

၆။ ကောင်းသော ဂုဏ်သတင်းကျော်စောခြင်း။

၇။ အခြံအရံ မပြတ်ရှိခြင်း။

၈။ မွေးမြူသော တိရစ္ဆာန်၊ စိုက်ပျိုးသော သီးနှံဖြစ်ထွန်းခြင်း။

၉။ ဘေးဒုက္ခရောက်ခဲ့သော် အကူအညီ အမှီအတွယ် ရရှိခြင်း။

၁၀။ သားသမီးနှင့် စီးပွားဥစ္စာကောင်းမွန်စွာ ဖြစ်ထွန်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com

# ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ခင်ပွန်းကြီးဆယ်ပါးကန်တော့ရခြင်းအကြောင်း

ဘုန်းဘုန်းဟာ တရားသင်တန်း (၅) ရက်ပေးလေ့ရှိပါတယ်။ (၄) ရက်မြောက်နေ့ဆိုရင် သစ္စာလေးပါးကို သဘောပေါက်ရန် သင်ပါတယ်။ ဒီလိုသင်ပေးတဲ့အခါ အကုန်လုံးကို ရစေချင်ပါတယ်။ ဒါပေမယ့် တစ်ချို့ပုဂ္ဂိုလ်တွေဟာ ဉာဏ်လည်းကောင်းတယ်။ ဘွဲ့ရ၊ ပညာတတ်တွေလည်း ပါတယ်။ ဒါပေမဲ့ ဘုန်းဘုန်းသင်တာကို ဘယ်လိုမှ နားမလည်နိုင်ကြဘူး။ သင်တဲ့အခါ ငိုက်တော့တာပဲ။ ဘုန်းဘုန်းက တစ်နာရီသင်လိုက်၊ နာရီဝက်လောက် နားလိုက် လုပ်ပေးတယ်။ မငိုက်အောင်ပေါ့။ ဒါပေမဲ့ ငိုက်တာပဲ။ ဒါကို လေ့လာကြည့်တော့ အဲ့ဒီ ကလေးတွေဟာ အဖေ အမေကို သေခန်းပြတ်ဆိုတဲ့ ကလေးတွေလို့ သိရတယ်။ ပြစ်မှားတာ များတာကိုး။

**ပြစ်မှားတဲ့ ကံ့ ကြွေးရှင်းခြင်း** ဘုရားဟောကို လေ့လာကြည့်တော့ ပြစ်မှားတဲ့ ကံ၊ သတ္တိများတဲ့ ပုဂ္ဂိုလ်တွေဟာမဂ်တား၊ ဖိုလ်တား ဖြစ်နိုင်တယ်လို့ ဆိုထားတယ်။

တရားကျင့်လို့ မရနိုင်ကြဘူး။ တရားနာလည်း သဘောပေါက်မလွယ်ဘူးပေါ့နော်။ ဒီလို ပုဂ္ဂိုလ်မျိုးတွေအတွက် ဘုန်းဘုန်းက နည်းလမ်းရှာရတာပေါ့။ ဘယ်လိုကန်တော့ရင် ပြေနိုင်မလဲဆိုပြီးရှာတော့ ကျမ်းတစ်ခုမှာ သွားတွေ့ တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှားခံပုဂ္ဂိုလ်ကို တိုက်ရိုက်ကန်တော့ရင် ပြေပါတယ်တဲ့။ ဒ့ါ့ပြင် မဟုတ်ဂုဏ်ပေါင်းစုတဲ့ ဘုရားဓာတ်တော်ကိန်းရာမှာ ကန်တော့ရင်လည်း ကျေပါတယ်လို့ ပါတယ်နော်။

ဒါနဲ့ ခင်ပွန်းကြီးဆယ်ပါးကို ကန်တော့ခိုင်းတယ်။ စမ်းသပ်ကြည့်တာပေါ့။ အံ့ဩစရာ ကောင်းလောက်အောင်ပါပဲ။ ကန်တော့ပြီးတဲ့ ကလေးတွေမှာ ကြည်လင်လန်းဆန်းသွားတာကို တွေ့ရတယ်။ ဝမ်းသာသွားတယ်နော်။ ဒီတော့မှ ဘုန်းဘုန်းက ကန်တော့ခန်းကို ဆက်သင်ပေးတော့တာ။ ထူးခြားတာက အဲ့ဒီ ကန်တော့ခန်းမှာ ရောဂါလည်းပျောက်တာ တွေ့ရတယ်။ စီးပွားရေးကအစ အကုန်အဆင်ပြေပြီး ကောင်းသွားတာ တွေ့ရတယ်နော်။ ဒဏ်ဆယ်ပါးလည်း ကင်းတယ်။

ဒကာတစ်ယောက်ဆိုရင် အရိုးကြီးပေါင်းတက်တဲ့ ရောဂါဖြစ်တယ်နော်။ သူက ကန်ထရိုက်ဆောက်တဲ့နေရာမှာ သံချည်သံကွေး လုပ်ရတယ်။ တစ်နေ့ကို အမြတ်ငွေမနည်းရတယ်။ သူက အဲ့ဒီရောဂါဖြစ်တော့ မူးမူးနေတယ်။ အလုပ် မလုပ်နိုင်တော့ဘူး။ ဆေးကုခလည်း မနည်းကုန်နေပြီ။ ဘုန်းဘုန်းဆီရောက်လာပြီး သူ့အခက်အခဲကို ပြောပြတယ်။ ဒီတော့ ဘုန်းဘုန်းက ဘုရားဟောအတိုင်း ရှင်းပြခဲ့ရတယ်။ မှတ်ကြပါ... ကံနဲ့ပတ်သက်ပြီး မကောင်းတဲ့ ကံ သတ္တိတွေ ဖြစ်မှားတဲ့ အကုသိုလ်ကံတွေ ရှိမယ်ဆိုရင် အဲ့ဒီ ဖြစ်မှားလိုက်တဲ့ သတ္တိတွေကြောင့် တန်ပြန်လှိုင်းတွေရှိတယ်။ ဝန်ဆွဲတဲ့ နွားရဲ့ ခြေရာနောက်ကို လှည်းဘီးလိုက်သလိုပဲ ဘဝအဆက်ဆက်ပါတယ်တဲ့။

ဖြစ်မှားတယ်ဆိုတာက နှလုံးအိမ်မှာ စိတ်ကမှီထားတာကိုး။ တီဗွီ(TV) စက်ဖမ်းသလိုပဲ။ ပုံဖော်လိုက်တာနော်။ စိတ်ကညွှတ်ပြီးတော့ ဖြစ်မှားလိုက်တာ။ သူ့ရဲ့ မကောင်းတဲ့ဂုဏ်တွေ၊ အပြစ်တွေနဲ့ တန်ဆာဆင်ပြီး၊ ဒီက (နှလုံးအိမ်က) တက်လာတာ။ မကျေမနပ်တဲ့အရှိန်နဲ့ သူ့ရဲ့ မကောင်းတဲ့အကြောင်းတွေကို ပြောချလိုက်တာ။ မနောကထွက်လာနဲ့

www.burmeseclassic.com

www.burmeseclassic.com



အတူတူပဲ။ နှုတ်ကထွက်တော့ ပိုဆိုးတာပေါ့။ ပိုအရှိန်ပြင်းတာပေါ့နော်။

ဒီလိုပြောလိုက်တဲ့ အခါမှာ အမှိခံမှာလည်း သတ္တိကိန်းတယ်။ အဆိပ်တက်သလို ပျံ့နှံ့သွားတယ်။ အပြင်ဟိုဘက်က တန်ပြန်လှိုင်းက ရိုက်ခတ်လာတာ ရိုက်ပုံ ရိုက်နည်းက နာရီတွေ၊ နှစ်တွေ တောက်လျှောက်ပါသွားတာပေါ့။ ဝန်ဆွဲတဲ့ နွားရဲ့ခြေရာကို လှည်းဘီးလိုက်သလိုဘဲတဲ့ ပြေးလို့မလွတ်ဘူး။ သဘောပေါက်တယ်နော်။

ဒီခေတ်အနေနဲ့ဆို ရေဒါစက်လိုပေါ့။ ဥပမာ - လေယာဥ်ပစ်တဲ့ ဒုံးကျည်ဆိုပါတော့။ အပူလှိုင်းရှိတယ်။ ဒါကို ရေဒါနဲ့ ဖမ်းလိုက်တာ။ အပူငွေ့ရှိတဲ့ဆီကို အဲ့ဒါက လိုက်တော့တာပဲ ပြေးလို့ မလွတ်တော့ဘူး။ ဒီသဘောလိုပဲ အကုသိုလ်နဲ့ ပြစ်မှားတဲ့ တန်ပြန်လှိုင်းတွေ လိုက်တော့တာပဲ။ အဲ့ဒီလို ပြစ်မှားလိုက်တဲ့ တန်ပြန်လှိုင်းဟာ ဘဝအဆက်ဆက် လိုက်တက်တယ်လို့ ဘုရားအမိန့် ရှိထားတယ်နော်။

နှလုံးအိမ်ပူစရာတွေ့တယ်ဆိုရင် ပြစ်မှားလိုက်တဲ့ အကုသိုလ်ကံ အကျိုးပေးလို့ ဘုရားကဟောတယ်။ ဒီ အကုသိုလ် အကျိုးပေးကို ဘာနဲ့ဖြတ်ရလဲဆိုရင် ကံ,ကို ကံ,နဲ့ပဲဖြတ်ရတယ်တဲ့။ ကုသိုလ်ကံ အကောင်းနဲ့ ဖျက်မှ ရတာနော်။ ဘုရားရဲ့ ဓာတ်ရုပ် ဓာတ်ခိုးဟာ အင်မတန်အားများတယ်။ ဘုရားကို ကြည်ညိုတဲ့စိတ်နဲ့ ရိုသေစွာကန်တော့မယ်ဆိုရင် သတ္တိပြောင်းတယ်။ တန်ပြန်လှိုင်းပါ ပြောင်းပြီးရပြီတဲ့။ ဒါဆိုရင် ပျောက်ပြီလို့ ဘုန်းဘုန်း ခံယူထားတယ်။ ဒီတော့ စမ်းကြည့်ဆိုပြီး ကန်တော့ခိုင်းလိုက်တယ်။ အဲ့ဒီ ဒကာကြီးဟာ ဘယ်မှ မသွားနိုင်တော့ အိမ်မှာပဲ ခဏခဏကန်တော့တယ်။

ကန်တော့ပွဲမပါလည်း သစ်သီးဆယ်မျိုးပေါ့ ဒါနများစွာနဲ့ ကြိုက်သလို လှူပါ။ အဓိကတော့ ဘုရားကို မနောက ကြည်ညိုဘို့ အဓိကဘဲ။ ဒီလိုနဲ့ (၁)လလောက် ကန်တော့လိုက်တာ။ အချိုးတည့်သွားတယ်။ (၁) လကြာတော့ တိုင်းရင်းဆေးဆရာတစ်ယောက် ရောက်လာတယ်။ ဆေးဖိုးငါးရာ

www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ ကုန်သွားခဲ့တယ်။ အဲ့ဒီဆေးကိုသုံးတော့ အခု ရောဂါပျောက်သွားပြီ။ အဲ့ဒီဆေးကို သူများပေးတော့ မပျောက်ဘူးနော်။ အရိုးကျိုးပေါင်းတက်တယ်ဆိုတာ လွယ်ကူတာမှ မဟုတ်တာ။ ဒါကို ပျောက်သွားတယ်ဆိုတော့ အံ့သြစရာပါပဲ။

**မောင်တော့ဗီ သင်ပုံရှေ့ဟာရှုန်** ❀ ဒီကာန်တော့ခန်းဟာ အင်မတန်နက်ရှိုင်းပါတယ်။ အကုသိုလ်လှိုင်းနဲ့ ကုသိုလ်လှိုင်း တိုက်ခိုက်တဲ့ သဘောပါပဲ။ အကုသိုလ်လှိုင်းကို ကုသိုလ်လှိုင်းနဲ့ အစားထိုးပြီး ဖယ်တဲ့နည်းလို့ မှတ်ရမယ်။

ဒီကာန်တော့ခန်းမှာ သိသင့်တဲ့အပိုင်းက –

နံပါတ် (၁) ခင်ပွန်းဆိုတဲ့ စကားနဲ့ ကျေးဇူးဆိုတဲ့စကားနော် ...

နံပါတ် (၂) က ဒဏ်ဆယ်ပါး၊ ဒါကိုလည်း သိအောင်ရှင်းပြမယ်။

နံပါတ် (၃) ဒါက တန်ပြန်အဆနဲ့ ပုဂ္ဂိုလ် (၁၄)ဦး၊ ဒါကိုလည်း သိသင့်တယ်။

နံပါတ် (၄) က ပြစ်မှားခြင်း၊ ဒါကို ဝတ္ထုနဲ့ သင်ပေးမယ်။

နံပါတ် (၅) သည် ပြန်လည်သုံးသပ်ချက်ပါပဲ။

နံပါတ် (၆) သည် ကန်တော့ခန်းပါ။

အားလုံး အပိုင်း (၆)ပိုင်းရှိတယ်။ ဒါကို ဘုန်းဘုန်းက သင်ပေးပါမယ်။

**ရှေ့ဟာရှုန် နံပါတ် (၁) ခင်ပွန်း** ❀ အဲ့ဒီ ခင်ပွန်းဟာ ကိုယ့်ရဲ့ယောက်ျား ခင်ပွန်းသည်လို့ပဲ အောက်မေ့ကြမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစကားပါပဲ။ သို့သော် ခက်ဆစ်အဓိပ္ပါယ်ဖွင့်ရတယ်။ ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်မှန်ရင် ခင်ပွန်းလို့ သုံးတယ်။ ခင်ပွန်းကြီးဆယ်ပါးလို့ ဆိုလိုက်တော့ တစ်ချို့ မျက်စိလည်နေတယ်။ ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်မှန်သမျှကို ခင်ပွန်းလို့ သုံးတယ်နော်။ လူတစ်ဦးနဲ့တစ်ဦးဟာ ရက်တွေ၊ လတွေ၊ နှစ်တွေ တော်တော် ကြာကြာပေါင်းခဲ့တာကို မဆိုနဲ့၊ တစ်ဦးနဲ့တစ်ဦး အဖော်အဖြစ် လေးငါးဆယ် လှမ်းသွားမိရင်တောင် ခင်ပွန်းဖြစ်သွားပြီ။ ကျေးဇူးရှိလို့ ခင်ပွန်းခေါ်ထိုက်ပြီ။ ဘုရားအလောင်းတော် ကျေးမင်းဟာ သစ်ပင်ကို မှီပြီးစားရလို့ သစ်ပင်ကို တောင် အဆွေခင်ပွန်းလို့ သတ်မှတ်တယ်။ ပညာရှိများ သတ်မှတ်တာနော်။

**ခင်ပွန်း (၁၀) ပါး ရေတွက်** အဲဒီ ဆယ်ပါးက ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ လည်းဆိုတော့ ဘုရားရယ်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေရယ်၊ ဘုရားရှင်ရဲ့ ပါရမီကို လေးပုံတစ်ပုံဖြည့်တဲ့ အဂ္ဂသာဝကတွေရယ်နော်။ အဲဒီ သာဝကတွေဟာ တသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ရတယ်။ အဂ္ဂသာဝကဆိုတာ အခြားမဟုတ်ဘူး။ လက်ဝဲရံလေးဆယ်၊ လက်ယာရံလေးဆယ် ပေါင်း ရှစ်ဆယ်ရှိတယ်နော်။ ဦးဆောင်တဲ့ ပုဂ္ဂိုလ်က အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်မထေရ်နှစ်ပါးဖြစ်တယ်။ အဲဒီ နှစ်ပါးကို အဂ္ဂသာဝက လို့ခေါ်တယ်။

သူတို့တွေဟာ ဖွဲ့စည်းပုံတွေ ကောင်းသထက် ကောင်းအောင် တသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတောင် အချိန်ပေးပြီး ဖြည့်ခဲ့ရတာတဲ့။ အဲဒီ အားတွေနဲ့ တည်ဆောက်ထားတဲ့ ခန္ဓာအိမ်ဆိုတော့ စွမ်းအားများလို့ သီးခြား ခွဲပေးထားတယ် မှတ်ပါ။ ကျန်တဲ့ (၇၈) ပါးသော ပုဂ္ဂိုလ်တွေဟာ ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ခဲ့ရတဲ့ပုဂ္ဂိုလ်တွေ မဟာသာဝကခေါ်တယ်။ သူတို့လည်း စွမ်းအားရှိတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁) မြတ်စွာဘုရား (၂) ပစ္စေကဗုဒ္ဓါ (၃) အဂ္ဂသာဝက မဟာသာဝက (၄) ရိုးရိုး ရဟန္တာတွေဖြစ်တယ်။ သူတို့ကျတော့ ဘယ်လောက်အတိုင်းအတာ အထိ ပါရမီဖြည့်ရတယ်။ မရှိဘူးနော်။ ခန္ဓာအိမ် ဖွဲ့စည်းမှုဟာ ရဟန္တာ လောက်တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဆောင်လောက်တဲ့အထိ အားရှိတယ်။ ဒါဟာ သီးခြားခွဲထားတယ်လို့ မှတ်ထားပါ။

နံပါတ် (၅) နဲ့ (၆) ဟာ မိခင်နဲ့ ဖခင်ဖြစ်တယ်။ နံပါတ် (၇)က လောကီအနေနဲ့ ကြည့်မယ်ဆိုရင် အသိအလိမ္မာဆိုတာ တခြားမဟုတ်ပါဘူး။ စာပေ၊ အသက်မွေးဝမ်းကျောင်းပညာတွေရဲ့ အသိအလိမ္မာတွေပေါ့နော်။ ဒါတွေကို သင်ကြားပေးတဲ့ ဆရာသမားကျေးဇူး အင်မတန်များတယ်။ နောက် နံပါတ် (၈) သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေ ဖြည့်ကျင့်တဲ့ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်ကြီးတွေရှိတယ်။ သောတာပတ္တိမဂ်ကနေ အရဟတ္တဖိုလ် မတိုင်မီ အရဟတ္တမဂ်အထိ ယူရတယ်နော်။

**နံပါတ် (၉)** ဒါက ဘုရားရဲ့ တရားတော်တွေကို ပြန်လည်ဟောကြားပေးတဲ့ ဆရာသမား၊ စကားလုံးတစ်လုံးလေးပဲ အသိရသွားပါစေ။ ကျေးဇူးရှိတယ်နော်။ ဘယ်လိုနည်းနဲ့ပဲ နာလိုက်ရပါစေ။ တိတ်ခွေနဲ့နာလိုက်ရလည်းပဲ ကျေးဇူးရှိတယ်လို့ မှတ်ပါ။

**နံပါတ် (၁၀)** ထမင်းတစ်လုတ်၊ ရေတမှုတ်ဖြစ်စေ၊ နောက်ဆုံးနေရာလေး ဖယ်ပေးတာကအစ အကုန်ပါတယ်။ အထောက်အပံ့ပြုခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ပါတယ်နော်။ အဲ့ဒီ ပုဂ္ဂိုလ်တွေကို ခင်ပွန်းကြီးဆယ်ပါးထဲ ထည့်ထားပါတယ်။

**ကျေးဇူး** ကျေးဇူးဆိုတဲ့ စကားဟာ ဆန်းကြယ်ပြန်တယ်။ ကျေးဇူးဆိုတာကို တကယ်သိသလား?။ ဘုရားတရားတော်ကို ခံယူတဲ့အခါ စကားတစ်လုံးရရင် ဒီစကားဟာ ဘာကိုသမုတ်တာလဲ၊ အသမုတ်ခံ

www.burmeseclassic.com

www.burmeseclassic.com



သဘောကို မြင်အောင်လေ့လာရတယ်။ အဝိဇ္ဇာဆိုရင် အဝိဇ္ဇာ ဆိုတဲ့စကားသည် ဘာကို သမုတ်တာလည်း ဆိုတာကို ရှင်းရှင်းသိမှ လေးနက်မှုရှိမှာပေါ့။ စာလုံးကြီးကို မယူရဘူးနော်။ ကိုယ့်သဏ္ဍာန် ဘယ်လိုသဘောကို သတ်မှတ်တာလည်း ဆိုတာကို ရှင်းရှင်းသိမှရမယ်။ ဒါမှ ကျင့်လို့ရမှာပေါ့။

ဥပမာ - ရေပုလင်းလို့ သမုတ်လိုက်တယ်ဆိုပါစို့။ ဒီလို သမုတ်လိုက်ပြီဆိုရင် ကိုင်ပြနိုင်ရမယ်ပေါ့။ ဒါဟာ အသမုတ်ခံသဘော၊ ရေပုလင်းဟာ စကားလုံး သမုတ်တာနော်။ သဘောပေါက်ပြီလား။

ဒီဥပမာလိုပဲ ကျေးဇူးဆိုရင်လည်း အကောင်အထည်မရှိတဲ့ ဓမ္မသဘောသဘာဝကို သမုတ်တာဖြစ်တယ်။ အသမုတ်ခံ သဘောကို ကိုင်ပြသလို့ သိမှဖြစ်မှာပေါ့။

မိမိကိုယ်မိမိ မေးကြည့်ပါ။ ကျေးဇူးဆိုတာ ဘာကိုခေါ်တာလဲ ဘယ်သဘောကို သမုတ်လာလဲလို့နော်။ ကျေးဇူးတင်ပါတယ်လို့ မပြောကြဘူးလား။ ( ပြောပါတယ်ဘုရား ) ဒါဖြင့် ကျေးဇူးဆိုတာ ဘာကို ခေါ်တာလဲ။ ကိုင်ပြသလို ရှာကြည့်ပါအုံး။ ရမလားလို့။ သိသလိုလို သိသယောင်ယောင်တော့ ရှိသားနော်။ တကယ်သိသလားဆိုတော့ မသိဘူး။ ရှာလို့မရဘူး။ ဘုန်းဘုန်းတို့ ကိုယ်တိုင်ဖြစ်ခဲ့လို့ ကိုယ်ချင်းစာပြီး သင်နေရတာနော်။

ဒီတော့ မှတ်ပါ။ ပဋ္ဌာန်းမှာ ဘုရားဟောထားတယ်။ အထောက်အပံ့လို့ ခေါ်တယ်။ ပစ္စည်းလို့ ပါဠိလိုသုံးတယ်။ မြန်မာလိုပြန်တော့ အထောက်အပံ့ပေါ့။ ပစ္စည်းဆိုတဲ့စကားကို ပါဠိကနေ ဆွဲယူပြီး မြန်မာလို သုံးထားတာ အများကြီးရှိတယ်။

ဥပမာ - ရေခွက်၊ ဒီခွက်ကို ကိုယ်ပိုင်ဆိုင်ထားတယ်ဆိုရင် ငါ့ပစ္စည်းလို့ မပြောဘူးလား။ ( ပြောပါတယ်ဘုရား ) ရေကို လက်ခုတ်နဲ့ ယူသောက်မယ်ဆိုရင် ပင်ပန်းတယ်။ ရေခွက်နဲ့ဆို စိတ်ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ရတာပေါ့။ ဒီလို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာတာကို ထောက်ပံ့သောကြောင့် ပစ္စည်းလို့ခေါ်တာနော်။

ကုလားထိုင်လည်း ပစ္စည်းလို့ခေါ်တယ်။ အောက်မှာထိုင်ရင် ညစ်ပတ်တယ်။ စိတ်ပင်ပန်းရတယ်။ ထိုင်ခုံပေါ်ထိုင်တော့ သက်သာပြီး ချမ်းသာမှုရသောကြောင့်၊ အထောက်အပံ့ဖြစ်သောကြောင့် ပစ္စည်းလို့ခေါ်တယ်။

ထမင်းစားလိုက်တယ်ဆိုရင် ဝမ်းဗိုက်ထဲမှာ အထောက်အပံ့ရတာကို သတိထားရမယ်။ ဘုန်းဘုန်းပြောမယ် စဉ်းစားပါ။ ကိုယ် နေထိုင်မကောင်းခဲ့သည်ရှိသော် ထမင်းစားမကောင်းဘူး ဆိုပါတော့။ ဒီအခါ ဦးခေါင်းတွေ ထောင်နိုင်မှာ မဟုတ်ဘူး။ ဘုန်းဘုန်းတို့ အခုလို ခေါင်းတွေ ထောင်နိုင်အောင်လို့။ အားလေးစိုက်ထားရတာနော်။ အဆက်ဆက် တွန်းအားလေးပေးပြီးတော့ ဒီဦးခေါင်းကို ထောင်ထားတာ တွန်းအားရှိတယ်နော်။ စေတနာတွန်းအားလေး…နော်။ အဲ့ဒီ အရှိန်သည် ဘယ်ကလာလဲလို့ ကြည့်ရမှာ။ နှလုံးအိမ်က ထွက်တာတော့ သေချာသွားပြီ။

စိတ်ဟာ သူ့ချည်းပေါ်လို့ မရဘူးတဲ့။ အညမညသတ္တိဟာ ကံ-ရုပ်လည်းပါတယ်။ ဥတုနဲ့ အဟာရလည်းပါတယ်။ ဒီလို အားစိုက်ပြီး ထောင်နိုင်တာသည် စားထားတဲ့ အဟာရကြောင့်နော်။ တကယ်လို့ ရက်ပေါင်း (၂၀) လောက် အစာမစားနိုင်ဘူးဆိုရင် ခေါင်းဘယ်ထောင်နိုင်ပါ့မလဲ စဉ်းစားလေ။

**ကျေးဇူးကို ချေလို့မရ၊ ဆေးလို့မရ** ❂ လူတစ်ယောက်ဟာ ကိုယ့်ကို ထမင်းတနပ်ကျွေးလိုက်တယ်။ သူက တစ်ထောင်ဘိုးကျွေးတယ်ဆိုပါစို့။ ကိုယ်က နှစ်ထောင်ဘိုး ပြန်ပေးလိုက်တယ်ဆိုရင် သူကျွေးလိုက်တဲ့ ပစ္စည်းရဲ့ အထောက်အပံ့ အစဉ်အဆက်သည် ရပ်သွားပါ့မလား။ ( မရပ်သွားပါဘုရား…) ဒါဖြင့် မှတ်ပါ။ ကျေးဇူးကို ချေလို့မရဘူး။ ဒီလိုနော် နားလည်ပြီလား။

www.burmeseclassic.com

www.burmeseclassic.com



ရှင်သာရိပုတ္တရာမထေရ်သည် ဆွမ်းခံတုန်းက
တစ်ဇွန်းလောင်းဖူးသည့်ကျေးဇူးကြောင့်
ပုဏ္ဏားအိုကြီးကို သူစောင့်ရှောက်ပါရစေဟု ဗုဒ္ဓအား ခွင့်တောင်းခံနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူး ချေတယ်ဆိုတဲ့စကားကို မပြောရဘူး။ ကျေးဇူးဆိုတာ မချေကောင်းဘူး။ ငွေနဲ့လည်း ချေလို့၊ ထေလို့ မရပါဘူး။

အရှင်သာရိပုတ္တရာမထေရ်ဆိုရင် ဘုရားအင်မတန်ချီးကျူးတယ်။ တစ်နေ့ ပုဏ္ဏားအိုကြီးတစ်ယောက်ဟာ အသက်ကြီးမှ ရဟန်းဝတ်ချင်တယ်ဆိုပြီး ဘုရားကို လာလျှောက်တယ်။ ဘုရားက သူ ရဟန္တာဖြစ်မယ်ဆိုတာ သိတယ်။ သူ့ကျေးဇူးကို ဘယ်သူမြင်လို့၊ ဘယ်သူတွေ စောင့်ရှောက်မလဲလို့ သံဃာတွေမေးတော့ အရှင်သာရိပုတ္တရာက သူစောင့်ရှောက်ပါမယ်တဲ့။ (လူအိုလူမင်းတွေ ရဟန်းဘဝကို သွင်းတယ်ဆိုတာကလည်း လွယ်တော့ မလွယ်လှဘူးနော်။ မေတ္တာပြည့်မှ သူတို့ကို စောင့်ရှောက်လို့ ရမှာကိုး)

ဒီတော့ ဘုရားက ဘယ်ကျေးဇူးမြင်လို့လဲလို့ မေးတော့ မှန်လှပါဘုရား… ဘုရားတပည့်တော် ဆွမ်းခံတုန်းကတစ်ခါ၊ တဇွန်းလောင်းဖူးပါတယ်ဘုရား… ဒါကို စားထားမိပါတယ်ဘုရားတဲ့။ ဒီကျေးဇူးဟာ သူ့မှာ အများကြီးရှိခဲ့တဲ့အတွက် သူစောင့်ရှောက်ပါရစေလို့ ခွင့်တောင်းတော့ ဘုရားကသာဓုခေါ်တယ်တဲ့…နော်။

ဘုရားက ကျေးဇူးသိတယ်။ ကျေးဇူးဆပ်ရာမည်တယ်လို့သာ ဟောတာ၊ ကျေး ဇယ်လို့မပြောဘူးနော်။ ကျေးဇူးကို မချေကောင်းဘူး။ မထေကောင်းဘူးလို့ မှတ်ပါ။ ကျေးဇူးကို ဆပ်တာတောင် မနည်းကြိုးစားရမှာ နားလည်ပြီနော်။ လိုင်းက တစ်လိုင်းစီ ဖြစ်နေတာကို သူက ကိုယ့်ကို ရေတစ်ခွက်တိုက်လို့ ကိုယ်က သူ့ကို ရေ(၂)ခွက် ပြန်တိုက်လို့ ဒီက (ဒီကိုယ်ထဲက) ရပ်သွားပါ့မလား ? ( မသွားပါဘူးဘုရား ) ဒါဖြင့် ကျေးဇူးကို ချေလို့ရမလား ? ( မရပါဘူးဘုရား ) သဘောပေါက်ပြီနော်။

ဘုရားဟောတယ်။ အခု တရားနာချိန်လေးမှာ မိဘပေးတဲ့ အသွေးအသားနဲ့ အားထုတ်ရတယ်။ တရားနာခွင့်ရတယ်။ ဒီလိုမဟုတ်လား ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



က မိခင်ရဲ့ နို့ရည်တစ်စက်၊ ဖခင်ရဲ့ ပြုစုမှုတစ်ချက်လေးဟာ ( စောင်လေးခြုံပြီး နွေးနွေးထွေးထွေးထားပေးတာကအစ ပါတယ်နော်။) အဲဒီကျေးဇူးတွေဟာ ခုထိ ထောက်ပံ့တုန်းဘဲတဲ့ စဉ်းစားလေ။ အဝေးဆိုတော့ ဉာဏ်မှီပါ့မလား။ (မမှီပါဘူးဘုရား) ဘုရားရဲ့ ဉာဏ်တော်နဲ့မှ မြင်နိုင်တာနော်။ ပဋ္ဌာန်းထဲမှာ ပါတယ်။ နတ္ထိပစ္စယောလို့ပြတယ်။ အဟာရက ဥပနိဿယပစ္စယောနော်။ အားကြီးတဲ့မှီရာ အထောက်အပံ့နော်။

ဟိုကျတော့ နတ္ထိပစ္စယောလို့ ခေါ်တယ်။ ထောက်ပံ့ပေးခဲ့တယ်။ ဒါပေမဲ့မရှိတော့ဘူး။ လက်ဆင့်ကမ်းသဘောမျိုးလို့ မှတ်ရမယ်။ သေသေချာချာမှတ်ပါ။

ဥပမာ - မွေးခါစ ကလေးတစ်ယောက်ကို မိဘနှစ်ပါးက အဝတ်အထည် မပေးဘူး။ နို့မတိုက်ဘဲ တစ်ပတ်လောက်ထားလိုက်တယ် ဆိုပါစို့။

ဒီဘက် တစ်ပတ်မှာ အစာမစားရဘူးပေါ့နော်။ ဒါဆို ဒီကလေး အသက်ရှင်ပါ့မလား။ ( မရှင်ပါဘူးဘုရား ) ဒါဆို ဒီဘက်က အဟာရ မဆက်မိတော့ဘူးပေါ့။ သဘောပေါက်လား။ ဒါဆို မိခင် ဖခင်တို့ရဲ့ ပြုမှုဟာ ကျေးဇူးမကြီးဘူးလား ( ကြီးပါတယ်ဘုရား ) ဆင့်ကဲ့ ဆင့်ကဲ ထောက်ပံ့ပြီး လာခဲ့တာလို့နော်။ ဒါကြောင့် ကျေးဇူးကို ဆက်ကြည့်တဲ့အခါ ငယ်ငယ်ထဲ က မိခင်နို့ရည်တစ်စက် ဖခင်ရဲ့ ပြုစုမှုတစ်ချက်လေးဟာ ခုချိန်ထိ ရှိတယ်လို့ မှတ်ရမယ်။ အင်မတန် ကျေးဇူးကြီးတယ်နော်။

ဒါကြောင့် အမိကိုလက်ဝဲ၊ အဖကို လက်ယာ (သို့မဟုတ် ) ပခုံး နှစ်ဘက်ပေါ်မှာ မိဘကို တင်ပြီး နှစ်ပေါင်းတစ်ရာအထိ လုပ်ကျွေးအုံးတဲ့ ကျေးဇူးဆပ်ရာမမည်သေးဘူးလို့ ဒီလိုဆိုတယ်နော်။

မိဘနှစ်ပါးကို မဂ်ဖိုလ်ရတဲ့အထိ ပြန်စောင့်ရှောက်နိုင်ရင်တော့ ကျေးဇူး ဆပ်ရာတော့မည်တယ်တဲ့။ ကျေတယ်လို့ မပါဘူး။ ဒါဟာ ဘုရားရဲ့ ဉာဏ်တော် နဲ့မို့လို့ မြင်နိုင်တာ သဘောပေါက်ပြီလား။ ရဂိနော်။

www.burmeseclassic.com

www.burmeseclassic.com



**သံသရာသက်တမ်းရေတွက်ပုံ**

နောက်တစ်ချက် ဘုရားက ဟောပြန်တယ်။ သံသရာသက်တမ်းဟာ အင်မတန် ကြာတယ်တဲ့။ ဘယ်လောက်ကြာလဲဆိုရင် သင်္ချေပေါင်းအနန္တတဲ့ ဘုန်းဘုန်းစဉ်းစားတယ်။ သင်္ချေပေါင်း အနန္တဆိုတာ ဂဏန်းသင်္ချာတစ်ခုအနေနဲ့တော့ ရှိရမှာပေါ့။ တစ်သင်္ချေဟာ ဘယ်လောက်ရှိလဲလို့ မေးခွန်းထုတ်တော့ တစ်ချို့ပုဂ္ဂိုလ်များဟာ မဖြေနိုင်ကြဘူး။ စာတတ်ပုဂ္ဂိုလ်ဆရာတော်ကြီးတွေကို မေးတော့မှ တစ်သင်္ချေဆိုတာဟာ တစ်နောက်မှာ သုညအလုံးပေါင်း တစ်ရာ့လေးဆယ်ရှိတယ်တဲ့။ သတ်မှတ် ချက်တစ်ခုတော့ ရှိရမှာပေါ့။ သေသေချာချာမှတ်ပါ။

တသင်္ချေဆိုတာသည် တစ်နောက်မှာ သုညအလုံးပေါင်း တစ်ရာ့လေးဆယ်ရှိတယ်လို့နော်။ ဒါဟာ နှစ်လားဆိုတော့ မဟုတ်ဘူး။ ကမ္ဘာတွေတဲ့ စာထဲဖတ်ရင် အင်မတန်ရှုပ်မယ်။ မပြီးနိုင်တော့ဘူး။ ကမ္ဘာအလုံးပေါင်းလို့ မှတ်လိုက်ပါ။ ကမ္ဘာစတည်တယ်။ နောက်ပျက်သွားတယ်။ ကမ္ဘာအလုံးပေါင်းလို့ မှတ်နော်။ ကာလနော် အဲဒါကို တသင်္ချေလို့ခေါ်တယ် နားလည်ပြီနော်။

တစ်ကမ္ဘာကို ဘယ်လောက်ကြာသလဲလို့ မေးတော့ ဘုရားဖြေခဲ့တယ်။ အလျား (၁၂) မိုင်၊ အနံ ၁၂ မိုင်၊ အမြင့် (၁၂) မိုင်ရှိတဲ့ သံကန်ကြီးတဲ့၊ အဲ့ဒီ သံကန်ကြီးထဲကို မုံညှင်းစေ့အပြည့်ထည့်မယ်တဲ့။ ချစ်သားတို့ အနှစ် (၁၀၀) ကြာမှ မုံညှင်းစေ့ တစ်စေ့ဖယ်မယ်။ ထိုမုံညှင်းစေ့များ ကုန်သွားသော ကာလသည် တစ်ကမ္ဘာခန့်ဟု မှတ်တဲ့။ အမိန့်ရှိခဲ့တယ်။ အချိန်ကာလ အင်မတန်ကြာတာနော်။

တစ်ကမ္ဘာအတွင်းမှာ မသေဘူးတဲ့နေရာ မရှိဘူးတဲ့။ ဘုန်းဘုန်းတို့ အခုထိုင်တဲ့ နေရာဟာလည်း နေရာဟောင်း အသစ်မဟုတ်ဘူး။ ခြေချခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာတိုင်းလဲ့သည်း ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ နေခဲ့ဖူးတဲ့နေရာနော်။ နေရာဟောင်းကြီးပဲလို့ မှတ်ပါ။ ဒါဟာ မလွဲတဲ့ နိယာမဖြစ်နေတာ။

ဘုန်းဘုန်းတို့ အနေနဲ့ ကြာခဲ့တဲ့ ကမ္ဘာသင်္ချေအစုသည် အနန္တလို့ပြောတာ။ နားလည်ပြီနော်။ ဘုရားရှင်ဖြည့်ခဲ့တာက အဲ့ဒီလို သင်္ချေအစုလေးစု အပြင် အစွန်းထွက် ကမ္ဘာတစ်သိန်း၊ လေးစုအပြင် ကမ္ဘာတစ်သိန်းနော်။ ဘုန်းဘုန်းတို့ သံသရာရှည်ခဲ့တာလည်း အဲ့ဒီလို အစုပေါင်းမနည်းတော့ဘူး တဲ့။ အနန္တလို့ပြောတာနော်။ ဒါကြောင့်ဘုရားရှင်ဟာ သတ္တဝါတွေရဲ့ အထည် အစ(တစ်နည်း) ဘဝအစကို မဟောဘူး။ ဘာလို့လဲဆိုတော့ အချိန်မပေးနိုင်တာ။

ဘုရားဉာဏ်တော်ကြီးနဲ့ နောက်ကို ပြန်တွေးလိုက်ရင် တစ်ဝီထိမှာ အင်မတန်တိုတဲ့ ကာလလေးမှာတောင် ကမ္ဘာပေါင်း သိန်းချီပြီး မြင်နိုင်တဲ့ အားရှိတယ်။ သို့သော် အချိန်ပေးလိုက်ရတယ်။ ပညာအလင်းဟာ အင်မတန် အားကောင်းတာလို့မှတ်။

**ဒဿန နှင့် ဓမ္မ**

ချစ်သားတို့ လူတစ်ယောက်အကြောင်းကို နောက်ဆုတ်တွေးလိုက်ရင် (၄၅) ဝါ ဖြည့်တာတောင် အစရောက်မှာ မဟုတ်ဘူးတဲ့။ အချိန်ပေးရတယ်။ ဒါကြောင့် ဘုရားမဟောဘူး။ အကျိုးမထူးလို့တဲ့။ ကိုယ်တိုင်မမြင်တာကိုလည်း ဖြီးဖြန်းပြီး မဟောဘူး။ အထင်နဲ့လည်း မဟောဘူးတဲ့။ မြင်တာကိုဘဲ ဟောတယ်လို့ ဆရာတော်ကြီးတွေ ဟောခဲ့တယ်။ လိုအပ်ရင်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်းဘယ်လောက်က ဘာဖြစ်ခဲ့တယ်။ ဒီလိုတော့ ဟောတယ်နော်။ သံဝေဂရအောင်၊ တရားရအောင်တော့ ဟောတယ်နော်။ ဒါလေးမှတ်ထားပါအုံး။

ဒဿနဆိုတာ တိုက်ရိုက်မြင်တာကိုပဲ ပြောတာနော် မှန်းဆပြီး ဘုရားက မဟောဘူး။ တိုက်ရိုက်မြင်တာကို ဒဿနလို့ ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မှန်းဆတွေးတာကို တက္ကလို့ခေါ်တယ်။ ရှေးတုန်းက ဂိုဏ်းဂဏ တွေဟာ ကိုယ်တိုင်မြင်တာ မဟုတ်ဘဲနဲ့ သေရင်ရောက်မယ်။ May be (မေဘီ)ပေါ့နော်။ ဒါဟာ ကျိန်းသေမဟုတ်ဘူး။ သေရင်ရောက်လိမ့်မယ်ဆိုတာ တက္ကဝါဒ၊ ဒါကြောင့် တက္ကတွန်းလို့ခေါ်တာ။ သဘောပေါက်ရဲ့လား၊

ဘုရားက နိဗ္ဗာန်ကို တိုက်ရိုက်မြင်တာနော်။ အခုသက်ရှိ ထင်ရှား ကိုပဲ နိဗ္ဗာန်မြင်ရမယ်။ သေရင်လည်း ကျိန်းသေလွတ်မြောက်မယ်။ တိုက် ရိုက်မြင်တဲ့ တရားကိုဘဲ ဘုရားက ဟောတာ သဘောပေါက်လား။ တခြားသော တက္ကဝါဒတွေက တစ်ယောက်ယောက်က ပို့ပေးလိမ့်မယ်။ သေချာဘူး။ တကယ်မြင်တာ မဟုတ်ဘူး။

ဥပမာ - ဖြဟ္မာကြီးတွေက စတယ်။ တစ်ချို့က ဖန်ဆင်းရှင်တွေက ဖန်ဆင်းတယ်လို့ပြောတဲ့ ပုဂ္ဂိုလ်တွေလည်း တကယ်မသိဘူး။ သူမြင်တာ မဟုတ်ဘဲနဲ့ မှန်းဆပြီးပြောလိုက်တာ။ သူလည်း မမြင်ဘူး။ ကိုယ်လည်း မမြင်ဘူး။ တမင်သက်သက်စွဲတာ သူလည်းမပြနိုင်ဘူး။ ကိုယ်လည်း မမြင်နိုင်ဘူး။ ဘုရားရှင်ဟာ ဒီလိုမဟုတ်ဘူး။ တိုက်ရိုက်ကျင့်၊ တိုက်ရိုက်မြင်ရမယ်။ ဒီလိုနော် ခိုင်မာတဲ့ဝါဒခေါ်တယ်။ ဒါကို သိထားနော်။

**သံသရာ၌ ကျေးဇူးကောင်းသူမရှိ**

ဘုရားကပြပြန်တယ်။ မြေကြီးခဲကို ဇီးစေ့ လောက်လေး လုံးတဲ့ အဲဒီလို လုံးပြီး၊ဒါဟာ ဒီဘဝမှာ တော်ခဲ့တဲ့အဖေဆိုပြီးဖယ်လိုက်၊ ဒုတိယ ဘဝ၊ တတိယ ဘဝက အဖေတွေလို့ ရည်စူးပြီး ဖယ်လိုက်တဲ့ မြေကြီးသာ ကုန်သွားဖွယ်ရာရှိတယ်။ အဖေ၊ အမေတွေ ဆုံးမှာ မဟုတ်

www.burmeseclassic.com



ဘူးတဲ့။ ဒီလောက် သံသရာမှာ များခဲ့တာနော်။ ဒါကြောင့် တရားတစ်ပွဲလုံး မတော်ဘူးတဲ့ အဖေ၊ အမေ မရှိပါ။ အကုန်လုံးဟာ အမျိုးတော်ခဲ့ဖူးသူတွေ ချည်းပဲ။ ဒါကြောင့်မို့ ဘာသာတွေ၊ လူမျိုးတွေ မခွဲကြပါနဲ့။ အမျိုးတော် ခဲ့ဖူးသူတွေချည်းပဲ။ လူဟာ လူပါပဲ။ ဘာသာအရှင့်တံတိုင်း ခြားမနေပါနဲ့။ ဘာသာဆိုတဲ့ အယူဝါဒတွေ ခြားထားလို့ လူတွေဟာ မေတ္တာ ကင်းမဲ့ ကုန်ကြတာ။ သဘောပေါက်ရဲ့လား။ "ဘာသာ"ဆိုတဲ့ နယ်နိမိတ် ခြားထားတာကိုး။ ဒီတော့ မေတ္တာတွေကင်းမဲ့ကုန်တာပေါ့။ နယ်နိမိတ် တွေ မခြားဘဲ လူ့လူချင်း မေတ္တာထားရင် အကောင်းဆုံးပဲပေါ့။

တစ်ဦးနဲ့တစ်ဦး ကျေးဇူးမြင်ရင် အားလုံးသဏ္ဌာန်မှာ ဘာပေါ်လဲ ဆိုတော့ မေတ္တာဆိုတာ ပေါ်လာတယ်။ ဘာပေါ်လာလဲ။ (မေတ္တာပါဘုရား) မေတ္တာစိတ်ထွက်ခြင်းရဲ့အကြောင်းရင်းက ကျေးဇူးမြင်ခြင်းပဲ။ ဒီတော့ ကျေးဇူး ကင်းတဲ့သူတွေ မရှိပါဆိုတာ သဘောပေါက်ရမယ်နော်။ တစ်ဖက်သားရဲ့ ကျေးဇူးကို စိတ်က ကျက်စားလိုက်ရင် အင်အားစိတ်ထွက်တယ်။ သဘော ပေါက်လား။ ဒါဟာ မေတ္တာပဲ။ ကျေးဇူးကို မြင်တာလည်း မေတ္တာစိတ် ထွက်ပေါ်ရေးရဲ့ အနီးကပ်ဆုံးသော အကြောင်းလို့မှတ်ပါ။ တရားတစ်ပွဲလုံး ဟာ လူဟောင်းတွေချည်းပဲဆိုတာ သဘောပေါက်ရမယ်နော်။

**နံပါတ် (၂) အကျိုးဆယ်ပါး** ဒါဟာ တခြားမဟုတ်ပါဘူး။ ကျေးဇူးတရားဆို တာ ကိုယ့်ရဲ့စိတ်အစဉ်မှာ ဆက်စပ်နေတယ်။

တစ်ဦးနဲ့တစ်ဦးဟာ ဆက်စပ်နေတယ်။ သူပေး တဲ့အစားအစာ၊ သူပေးတဲ့ အင်အားပေါ့။ တခြားပုဂ္ဂိုလ်ကပေးတဲ့ စွမ်းအင်တွေ ကိုယ့်မှာရထားတယ်။ အဲ့ဒီအင်အားနဲ့ အဲ့ဒီပုဂ္ဂိုလ်ကိုပြန်ပြီး ကိုက်ခိုက်တယ်ဆို တော်ပါ့မလား။ ( မတော်ပါဘူးဘုရား ) ရှင်းရှင်းလေး မရှုတ်ပါဘူးနော်။ တစ်ယောက်နဲ့တစ်ယောက်ဟာ အပြန်အလှန် ကျေးဇူးတွေ ရှိနေတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



မမြင်တာကို ကန်းတယ်လို့ ခေါ်တယ်မဟုတ်လား။ ( တင့်ပါဘုရား) ကျေးဇူးကန်းတဲ့စကားကို ပြောတာဟာ သူ့ရဲ့ ပြုဖူးပေးခဲ့တဲ့ ကျေးဇူးကို မမြင်တာသည် ကန်းတာပဲပေါ့။ အချင်းချင်းတိုက်ခိုက်တဲ့ စကားတွေကို ပြောကြတယ်။ ကန်းတော့ မဟုတ်တာတွေ လုပ်ကြတာပေါ့။ အချင်းချင်း တိုက်ခိုက်ကြတာပေါ့။ အမှန်တကယ်ဆို မတိုက်သင့်ဘူး။ ဘုရားဉာဏ်နဲ့ ကြည့်တော့ (သူတော်ကောင်းအမြင်နဲ့ ကြည့်လိုက်တော့) ပြစ်မှားစရာ ပုဂ္ဂိုလ် တစ်ယောက်မှကို မရှိဘူး။ ပြစ်မှားခြင်းဆိုတာလည်း အပူဓာတ် အပူနှိုက်တွေပဲ။ ကိုယ်လိုချင်တဲ့ ပုံစံနဲ့ဖြစ်နေတာ အချိုးမတည့်ရင် ပူတာချည်းပဲ…နော်။

ဥပမာ - ကိုယ်က ဘယ်အချိန်သွားမယ်ဆိုပြီး အချိန်ကို သတ်မှတ်လိုက် တယ်ဆိုပါစို့ …. ဒီအချိန်မှာ ကားက နောက်ကျနေပြီ ဆိုရင် ရင်ထဲပူမလား အေးမလား။ ( ပူပါတယ်ဘုရား )

ကိုယ်က တစ်နေရာကို သွားဖို့ပြင်ဆင်တယ် ဆိုပါစို့။ ကိုယ်က ပြီးပြီ။ အခြားတစ်ယောက်က မပြီးသေးဘူးဆိုရင်ရော ရင်ထဲဘယ်လိုနေမလဲ။ (တင်းနေပါတယ်ဘုရား)။ ဒါဟာ ပူတာပဲပေါ့။ ဒီအပူနဲ့တင် ရပ်မထားသေး ပဲ "လုပ်တာက အချိုးမပြေဘူး"ဆိုပြီး ပြောလိုက်ရင် ပြစ်မှားတာပဲ။ အပူဓာတ်ကို လွှတ်လိုက်တာပေါ့။ အဲ့ဒီအခါ ကိုယ့်မှာလည်း သတ္တိတွေဟာ အဆိပ်ပြန့်သလို ပြန့်သွားတဲ့အပြင် တန်ပြန်လှိုင်းလည်းလာတော့တယ်။ အင်မတန် သိမ်မွေ့တယ်နော်။ ပြစ်မှားတာ သိပ်မြန်တာပဲ။ ဒါကို ရှေးဆရာ များက ဒေါသလို့ သုံးတယ်။ ဒေါသဆိုတာ တခြားမဟုတ်ပါဘူး။ ကွာဟချက် ကို နှလုံးသွင်းလိုက်လို့ ပူတာကို ပြောတာပါ။ နေရာတိုင်းရှိနေတယ်နော်။ တရားနာရင်လည်း ရှိတာပဲ။

ကြာနီကန်ဆရာတော်ဟောတာကို သွားသတိရမိတယ်။ ရှေးတုန်းက ဆရာတွေက သုတ္တန်ကို အဟောများကြတယ်။ ရှေးတုန်းက ဘုန်းကြီးကိုင် တဲ့ ယပ်တွေက ကြီးတယ်။ တရား…ဟောတဲ့အခါ အဲ့ဒီယပ်ကြီးတွေကို

www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြီး ကွယ်ပျောက်ကြတယ်။ ယပ်ထောင်ခေါ်တယ်။ တရားက မဆုံးမချင်း ပျောနေတော့ ပရိသတ်က အိပ်ချင်သည်ဖြစ်စေ၊ မအိပ်ချင်သည်ဖြစ်စေ၊ ပျောနေတာပဲ။ ဇာတ်လမ်းက မပြီးနိုင်သေး။ ပရိတ်သတ်ကလည်း အိပ်ချင်လာပြီ။ ကလေးတွေကလည်း ငိုလို့ပေါ့နော်။

ဒီအချိန်မှာ ဒကာမတစ်ယောက်ရဲ့ ကလေးကငိုတယ်။ သူကလည်း ပြန်ချင်ပြီဆိုတော့ စိတ်ကမရှည်ဘူး။ ဒေါသဖြစ်တာပေါ့နော်။ သူဖြစ်ချင်တဲ့ ပုံစံနဲ့ ဖြစ်နေတာက ကွာဟတော့ ဒေါသဖြစ်ပြီး ပူလာတယ်ပေါ့။ ကလေးပေါင်တွင်းကြောကို လိမ်ဆွဲပြီး....ဟဲ့.....

အဘိဓမ္မာ မသပ်သေးဘူးတဲ့...၊ ဒေါသနဲ့ ပြစ်မှားလိုက်တယ်...

တရားနာရင်လည်း ရှိတတ်တယ်နော်၊ နေရာတိုင်းရှိတာကို သတိထား။

တချို့ဆွမ်းပွဲ ပြင်ရင်းနဲ့တောင်ရှိတယ် ဟင်းခွက်ကို ဘယ်ပုံစံချရမယ်လို့ ဖော်ထားတယ်။ ဒါကိုအခြားတစ်ယောက်က ပုံစံတစ်မျိုးနဲ့ ချလိုက်မိတယ်ဆိုရင် ရင်ထဲတင်းသွားပြီ၊ (၁) ခါ၊ (၂)ခါတော့ သည်းခံပြီး (၃)ခါလောက် လည်းကျရော အော်လိုက်တယ်ပဲ။ သိနေရမယ်နော် ကိုယ်သတ်မှတ်လိုက်တဲ့ ပုံစံလေးနဲ့ ဖြစ်နေတာက ကွာဟနေတယ်ဆိုရင် ဒေါသဆိုတာ ရှိတယ်လို့ မှတ်လိုက်တော့။ အဲ့ဒီ ဒေါသအပူလှိုင်းကို 'ကြောင့်'တတ်တာ။ ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့်ပေါ့နော်။ 'ကြောင့်' တတ်လွဲတယ်ဆိုရင် ပြစ်မှားတာပဲ။ ဒီအခါ ကိုယ့်ရှိတဲ့ စွမ်းအားလည်း ပျက်သွားတယ် အဆိပ်တက် သလိုပဲ အပူဓာတ်တွေဟာ ပြန့်နှံ့သွားတယ် ပြီးရင် တန်ပြန်လှိုင်းလိုက်မယ်။ ဆိုကျိုးတွေပေါ့။ ဒါကို ဒဏ်လို့ခေါ်တယ်နော်.... အကျိုးပေးတွေပေါ့ ဘုရားက ဆယ်ပါးလို့ပိုင်းခြားသတ်မှတ်ပေးတယ် အပူလှိုင်းရဲ့ အကျိုးပေးပေါ့ အချိုးအစား လိုက်ပြီး ဖြစ်တာနော်။ လက်ာလေးစပ်ထားတာ ဆိုရအောင်နော်...။

"သွေးအန်ဖြစ်လွယ်၊ ရောင်းဝယ်ရှုံးခြင်း၊ ချို့ယွင်းအင်္ဂါ၊ နူနာကုဋ္ဌ၊ ရူးကြဖောက်ပြန်၊ မင်းဒဏ်သင့်ခဏ်း၊ ကြမ်းတမ်းစွပ်စွဲ

www.burmeseclassic.com



သေကွဲသားချင်း၊ ပျက်ခြင်းစည်းစိမ်၊ နေအိမ်မီးလောင်၊ ဒုက္ခကောင်သည်၊ လူ့ဘောင်ဒိဋ္ဌ၊ တွေ့ကြုံရ၍၊ သေကငရဲ၊ ကမ္ဘာစွဲ၏။ ဤဒထ ဆယ်ပါးအပြင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုပင် တားနိုင်ပါသည်။

ဈေးဆိုင်ကြက်ကျယ် ☞ ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်တွေကို ပြစ်မှားမိရင် ကင်ဆာစတဲ့ ကုစားရခက်တဲ့ ဝေဒနာမျိုးဖြစ်တတ်တယ်…

စွဲကပ်တတ်တယ်တဲ့ ဖြစ်ပေါ်လာတယ်ဆိုရင် အတိတ်ကြောင့်ဖြစ်စေ၊ ပစ္စုပ္ပန်ကြောင့်ဖြစ်စေ၊ ကိုယ့်ရဲ့ပြစ်မှားတဲ့ ကံအကျိုးပေးလို့ မှတ်ရမယ်။

ကျောင်းမှာ ဘုန်းကြီးတစ်ပါးဟာ အဆုတ်နာ၊ ရင်ကြပ်လို့ သွေးအန်တာကိုး၊ ဘုန်းဘုန်းက သိချင်လို့မေးကြည့်တော့…တပည့်တော် ငယ်ငယ်က တရားခံတွေကို တာဝန်ပေးရင် စစ်ဆေးရတယ်တဲ့။ ဒီအခါ ခေါက်ထိုးဆွဲထား၊ နှာခေါင်းထဲကို ရေလောင်းထည့်၊ ဒီလိုလုပ်ရတာပဲနော်….ဒါတွေကြောင့်ပဲ နေမှာပေါ့ဘုရားတဲ့။

ဘုန်းဘုန်းတွေးကြည့်တယ် တစ်ယောက်နဲ့တစ်ယောက်ဟာ မြင်ဖူးတာလည်းမဟုတ်၊ ရန်သူလို့သာပြောတယ် စကားပြောဖူးတာလည်း မဟုတ် ရန်ဘက်လည်း မဟုတ်ဘဲနဲ့ ဒါကို အညှိုးနဲ့လုပ်တယ်ဆိုတော့ ဘယ်ကောင်းမလဲနော်။ ညှင်းဆဲတယ်ဆိုတာ ပြစ်မှားတာပဲပေါ့။ အဲ့ဒီဒဏ်တွေ သူ့မှာ ထိတာပဲ။ ဒါကြောင့် ရင်ကြပ်တာ၊ တစ်ခါတလေ သွေးအန်တယ်။ ဒီလိုဖြစ်တာ…နော်။ ဒီတော့ ဘုန်းဘုန်းက အရှင်ဘုရား ဘုရားဟောနဲ့ ကိုက်ညီတယ်လို့ ပြောမိတယ်။

နောက် ဒကာမတစ်ယောက်ကျတော့ သူ့ရဲ့မိဘနှစ်ဦးဟာ ဦးနှောက်သိပ်မကောင်းဘူး။ ဒါကိုသူက ဆဲတယ်။ အော်ငေါက်ပြီး နှင်ချတယ်။ ကြိမ်းတမ်းတယ်။ ဒေါသနဲ့တိုက်ခိုက်တယ် ခေါ်တယ်နော်…ဘုန်းဘုန်းတို့ ဆွမ်းခံသွား

www.burmeseclassic.com


တဲ့အခါ အဲ့ဒီ ဒကာမရဲ့ ပြောဆိုသံတွေကို နားမခံနိုင်လို့ ရှောင်ရတယ်။ ဘုန်းဘုန်း ဝါလေး နည်းနည်းရတော့ သူ့ကိုလည်း ခင်တော့ ဆုံးမတာပေါ့။ ရွှေ့သွားတော့ လျှော့တယ်။ ဒါပေမယ့် ဝါသနာဖြစ်နေတော့မရဘူး။ ပြစ်မှားတာပဲ သူအသက် (၅၀) လောက်ရတော့ နှုတ်ခမ်းကို သရက်စေးလောင်တယ်။ ညှော်မိပြီးတော့ ပါးတွေရောင်လာတယ်။ နောက် ကင်ဆာဖြစ်သွားတယ်။ ပါးက အပေါက်ကြီးဖြစ်ပြီး ကုလို့ကို မရတော့ဘူး။ သွားဖုံးတွေပုပ်ပြီး သွားတွေ ကျွတ်ကုန်တယ်။ လောက်တွေလည်း တွယ်လို့… ဒီရောဂါနဲ့ပဲ သေသွားတယ်။ ဘုန်းဘုန်း သံဝေဂရပြီး တော်တော်ထိတ်လန့်မိခဲ့တယ်။

ဘုရားဟောမှာ ပါတယ်။ ပြိတ္တာဘုံခန်းမှာ ဖတ်ရတာ။ အမေနဲ့သမီးက ဘုရားတည်တာကို သွားကူညီနေတယ်။ ဒါကို ယောကျ်ားက မလုပ်ဖို့ ကြမ်းကြမ်းတမ်းတမ်း ပြောချ်တားမြစ်တယ်နော်။ ကုန်ကူးတော့လည်း အမြတ်ငွေ အများကြီးတင်ပြီး ကုန်ကူးတယ်။ ဒီကံ (၂)ခုကြောင့် သူသေတော့ ပြိတ္တာဖြစ်ရတယ်။ တန်ခိုးသေးတဲ့ နတ်ခေါ်တယ်ပေါ့… အဲ့ဒီ အကုသိုလ်ကံတွေကြောင့် ပြိတ္တာဖြစ်ရတာနော်။ သူ့ရဲ့ပါးစပ်မှာ အနာဖြစ်ပြီး လောက်တွေ တွယ်နေတယ်။ ကျောပြင်မှာလည်း အနာတွေနဲ့၊ စားတော့လည်း ကိုယ့်ကျောခုံးသားကို ကိုယ်ခွာစားနေရတာတဲ့….။ ရဟန္တာကြီးတွေနဲ့တွေ့တော့ သူ့ကို သနားလို့ ချဉ်းကပ်ပြီးမေးတယ်။ သူ့ရဲ့ဖြစ်စဉ်တွေကို ပြောပြတယ်။ သူလုပ်ခဲ့တဲ့ကံတွေနဲ့စာရင် သူခုလိုဖြစ်တာ နည်းပါသေးတယ်တဲ့။ သူမှားခဲ့တာပါတဲ့၊ ဝန်ခံတယ်၊ ကျောခုံးသားကို ခွာစားရတာက တစ်ဖက်သားရဲ့ ကျောခုံးသားကို ခွာစားသကဲ့သို့ တစ်ဖက်သားခွန်အားနဲ့ ရှန်းကန်ပြီး ရှာထားတာကို မတရားအမြတ်တင်စားလို့နော်… ဒါကြောင့် အမြတ်ကြီး မစားနဲ့လို့ ပြောတာပေါ့။ သူလည်း သက်သာစေ၊ ကိုယ်လည်း အမြတ်ရစေပေါ့။ တစ်ချို့ရှိတယ်။ ဖယောင်းတိုင်လေးတစ်တိုင်တောင် ခက်ခဲမှန်းသိတော့ မတရားအမြတ် တင်ပစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့လည်း ဝယ်ရတာပဲ။ ဒီလိုမလုပ်နဲ့နော်…။ ကျမ်းမှာဖတ်ရတာ မသေခင်ကို လောက်တွယ်တာတဲ့။ စောစောက ဒကာမဆို ပြစ်မှားတဲ့ကံ များလွန်းတော့ တကယ်ကို လောက်တွယ်ပြီး သေရတာနော်။ ဘုန်းဘုန်းကိုယ်တိုင်တွေ့ရတဲ့ဖြစ်စဉ် မှန်ပဲ…။

**ဧောင်းဧယ်ရှုံးခြင်း** ❓ စီးပွားကျတာ၊ စီးပွားပျက်တာကို ပြောတာနော် ကိုယ်ဖြစ်တဲ့ အတိုင်းဖြစ်ပြီး စိတ်တိုင်းကျတာဟာ ကုသိုလ်စေတ် အကျိုးပေးလို့မှတ်။

**ဉပမာ** ❓ ဒီပုံစံလေး ဖြစ်ချင်တယ်ဆိုပြီး ညှတ်တဲ့အတိုင်း စိတ်တိုင်းကျဖြစ်ရင် မပျော်ကြဘူးလား။ အဲအေးစေတ်ဟာ အမှန်တကယ်တော့ ကုသိုလ်စေတ်အကျိုးပေးလို့ခေါ်တယ်၊ တစ်ဖက်သားစိတ်တိုင်းကျအောင် မိဘဆရာသမား စိတ်တိုင်းကျအောင် ပေးပြီးပျော်တဲ့ ပုဂ္ဂိုလ်များသည် တူသောအကျိုးပေး၊ စိတ်တိုင်းကျဖြစ်မှာပဲ။ ဒီလိုမဟုတ်ဘဲ အမြဲတိုက်ခိုက်ပြီး စိတ်တိုင်းမကျအောင် လုပ်ရင်လည်း တူသောအကျိုးပေးလာမှာပဲ။ ကိုယ်လည်း စိတ်တိုင်းမကျ ဖြစ်တတ်တယ်။ ဆင်းရဲမယ်ပေါ့။ မအောင်မြင်ဘူး။ ဒါကို မသိဘဲ ဗေဒင်သွားမေး၊ နတ်သွားမေးရင်တော့ ဘယ်ဂြိုဟ်စီးတယ်။ ဘယ်နတ်ကိုင်တယ်ပေါ့။ ဒီလိုနော်…။

အမှန်တကယ်တော့ ဒီက (အခံသတ္တိ) စေတ်က ညှံ့ပြီရင်တော့ အကုန်ဝင်တာပဲ။ ကံ သတ္တိညှံ့ပြီဆိုရင် ကျန်တာအကုန်ပြောင်းတာပဲ။ ကံသည်အဓိကပဲနော်…။ ဒီတော့မှတ်ပါ။ ဘေးမှာရှိတဲ့ စေတ်သဘောတွေ နတ်တွေသည် အဓိကမဟုတ်ပါ။ ကံသည် အဓိကပါ။ သေသေချာချာ မှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားအလောင်း၊ သခ္ဓမိုတဲ့အခါ ကြော့ဥညာတစ်ကောင်မှာရှိတဲ့
နတ်မင်းကြီးလေးယောက်ကလည်း၊ သခ္ဓမိုတဲ့နေရာမှာ လာပြီး
စောင့်ရှောက်နေပုံ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းတော်ကြီး သန္ဓေမှီတဲ့အခါ စကြဝဠာတစ်သောင်းမှာ ရှိတဲ့ နတ်မင်းကြီး လေးသောင်းကလည်း သန္ဓေမှီတဲ့ နေရာမှာလာပြီး စောင့်ရတယ်။ ဘာကြောင့်လည်းဆိုတော့ ကံ အရှိန်ကြောင့် လာကြရတာနော်။ စကြဝဠာတစ်သောင်းရှိ ဂြိုဟ်၊ နတ်ကွတ် အသွားအလာ အကုန်လုံး အကောင်းပြောင်းပေးရတာလို့မှတ်။ ဒါကြောင့် ဂြိုဟ်တွေ၊ နတ်တွေကြောင့် ကံ ပြောင်းတာမဟုတ်၊ ကံကြောင့်သာ ဂြိုဟ်တွေ၊ နက္ခတ်တွေပြောင်းရတာပါ။ သေသေချာချာမှတ်ပါ… နတ်ဖမ်းစားလို့ ကံညံ့တာမဟုတ်ပါ။ ဂြိုဟ်ကြောင့် ကံ ပြောင်းတာမဟုတ်ပါ။ ကံ ကြောင့်သာ ဂြိုဟ်တွေ၊ နတ်တွေလိုက်ရတာ အယူအဆ အမှားတွေကို ပြင်ကြနော်။

ဘုရားတွေမှာ ဂြိုလ်တိုင်တွေ ထားတယ်မဟုတ်လား။ တကယ်တော့ ထေရဝါဒသာသနာစစ်စစ်မှာ ဂြိုလ်တိုင်တွေမရှိဘူး။ ဒါကြောင့် ဘုန်းဘုန်းတို့ အောက်ဘက်ဒေသတွေမှာ ဘုရားတည်တဲ့အခါ ဂြိုလ်တိုင်တွေထည့်ကို မထည့်ဘူး။ ပုဂံခေတ်မှာ ရှင်အရဟံဆိုတဲ့ ရဟန္တာကြီးရှိတယ်မဟုတ်လား။ ထေရဝါဒ စစ်စစ်ပဲ။ ပုဂံဘုရားတွေကို လေ့လာကြည့်၊ ဂြိုလ်တိုင်မပါဘူး။ ရွှေစည်းခုံဘုရားမှာလည်း မရှိဘူး။ မိုးတွင်းက ဂြိုလ်စီး၊ ဂြိုဟ်နင်းဆိုတာ ရှိမှမရှိဘဲ။ စဉ်းစားလေ၊ ဂဠုန်တို့ ဆင်တို့ဆိုတာ တမင်သက်သက် ပုံဖော်ကြတာ။ ဒါကြောင့် တကယ့် ဒဿနပညာရှင်ကြီးတွေက ပြောတာပေါ့။ ဖန်ဆင်းရှင်နဲ့ ပတ်သက်ပြီး ဘယ်လိုပြောလဲဆိုတော့ "ဖန်ဆင်းရှင်က လူကို ဖန်ဆင်းတာမဟုတ် လူကသာ ဖန်ဆင်းရှင်ကို ပြန်ဖန်ဆင်းတာတဲ့"၊ ရှိတယ်လို့ထင်ပြီး ဖန်ဆင်းထားလို့သာ၊ သူက ဖန်ဆင်းတာ မဟုတ်ဘူးနော်၊ စိတ်ကသာ အထင်မှားနဲ့ ဖန်ဆင်းလို့ ဆင်တွေ၊ ဂဠုန်တွေ ဖြစ်ကုန်တာ။ သဘောပေါက်လား၊ ကိုယ့်ရဲ့ အယူအဆ မှားတွေကို ပြင်တော့နော်။

www.burmeseclassic.com

www.burmeseclassic.com



ကံ အရှိန်ဟာ အဓိကပဲ။ ကံအရှိန် ကောင်းလာပြီဆိုရင် ဂြိုဟ်နက္ခတ်အသွားအလာ အကုန်ပြောင်းပေးရတာ၊ ဒီအရှိန်နောက်ကို လိုက်ရတာနော်။

ဘုရားကျတော့ အင်မတန် ပါရမီဖြည့်ခဲ့တဲ့အားဟာ ကောင်းတယ်။ လိုအပ်ရင် အသက်တောင်ပေးပြီး ပါရမီဖြည့်ခဲ့တာနော်။ အဲဒီ အရှိန်အဟုန်အားကြီးလွန်းတော့ သန္ဓေမှီတဲ့အခါ နတ်တွေကလည်း ချစ်ပြီး အကုန်ဝိုင်းရံတယ်။ ကောင်းတာတွေကို ပြောင်းပေးရတယ်။ အသွားအလာ အကုန်ပြောင်းကြရတာ၊ မျက်စိမလည်ကြနဲ့နော်။ နားလည်ပြီလား...။ စီးပွားရေးဆိုလည်း ဒီအတိုင်းပဲတဲ့။ ငွေကြေး၊ ပစ္စည်းဥစ္စာအားလုံးသည် ဒီက (သတ္တိ) ကံ အရှိန်ကောင်းမှ အချိုးတည့် ဝင်လာတာနော်။ ကံအရှိန်ဟာလည်း တခြားမဟုတ်ပါဘူး။ တူသော အကျိုးပေးပါပဲ။ ဘယ်သူ့ကိုဖြစ်ဖြစ် ကြည့်ရင်ချမ်းသာပါစေ။ တိုးတက်ပါစေဆိုပြီး ပေးပျော်နေ၊ တစ်ဖက်သား ရတာကိုပီတိဖြစ်ပြီးနေနော်။

ဓမ္မဒါနဆိုပါတော့၊ တရားပွဲ ကျင်းပပေးတိုင်း အသိတွေ တိုးပါစေ၊ စိတ်ချမ်းသာပါစေဆိုပြီး ကြည့်ပျော်နေပါ။ ထုံးစံပဲနော်။ အဲဒီစွမ်းအားဟာကိုယ်မှာဝင်နေပြီ။ ဒါကိုလည်း ဘုရားကဟောတယ်။ အဲဒီသတ္တိနဲ့ တန်ပြန်ဟာလှသွားရာ အရိပ်ပါသလိုပဲတဲ့။ တူသောအကျိုးပေးပဲ။ စီးပွားလေး ဒီလိုလုပ်ရင်ကောင်းမယ်လို့ မှန်းလိုက်တာနဲ့ ချက်ချင်းဖြစ်တယ်။ ကူညီမယ့်သူပေါ်လာတာပဲ၊ သူ့ရဲ့ ဆွဲအားကလည်း ကောင်းတာကိုး၊ နားလည်ပြီနော်။ စီးပွားအတက် အကျသည် ဒါကြောင့်ပဲလို့မှတ်ပါ။

ဘုန်းဘုန်းရဲ့ ကိုယ်တွေ့ ဖြစ်ရပ်တစ်ခု ပြောမယ်။ တချို့ကလေးတွေဆိုရင် ဘွဲ့ရ၊ ပညာတတ်ပါဘဲ။ အမေက သားကိုလွမ်းလို့ နယ်ကိုလိုက်သွားတယ်။ သားကကျောင်းဆရာနော်...ချွေးမနဲ့အမေက သိပ်မတည့်ချင်ဘူး။ ချွေးမဖြစ်သူက အမေလာမယ်ဆိုတာ ကြိုသိတော့ ဘယ်နေ့သား၊ သမီးလာရင် ခိုက်တတ်တယ်ဆိုပြီး ပူးသလို ကပ်သလို ပုံစံနဲ့ပြောထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကလည်း ယုံတယ်။ ဒီလိုနော်…အမေက ညဘက်ရောက်သွား တော့ ရင်ဝဆီးပြီးကန်လိုက်သလိုပဲ၊ "အမေ ဒီနေ့ ဘယ်နေ့ သား၊ သမီး မလာရဘူးလို့ နတ်ကပြောထားတယ်တဲ့။ ဒါကြောင့် တခြားအိမ်မှာ သွားအိပ်ပါ အမေရယ်"လို့ပြောတော့ အမေဟာ အတော်စိတ်ဆင်းရဲသွားတယ်။ တခြား အိမ်သွားအိပ်ဖို့ကြံရတယ်။ အိမ်ထဲကို မဝင်ရဘူး။ အဲ့ဒီနောက်ပိုင်း ဒီဒကာဟာ စီးပွားထိုးကျသွားတယ်။ ကျောင်းဆရာဘဝလည်း ပြုတ်၊ စီးပွားလည်းပြုတ်ပဲ။ နေစရာအိမ်တောင်မရှိတော့ဘူး။ အခုတော့ အသက် (၅၀)လောက်ရှိသွားပြီ။ အမေကအသက်ကြီးပြီ… သေခါနီးပြီဆိုတော့ ဘုန်းဘုန်းတအားသင်ရတာ အမေကိုကန်တော့ခိုင်းရတယ်။ အဲ့ဒီနောက်ပိုင်း အလုပ်လေးပြန်ရတယ်။ ဒါပေမယ့် အိမ်ပိုင်တော့ မရှိသေးဘူး။ အမေ့မေတ္တာစာတ်ကို ဖျက်ဆီး ပစ်လိုက်တာကိုး။ ဒီလောက်ဆိုးဝါးတာနော်။ ဒါကြောင့်မှတ်ပါ။ ပြစ်မှားတဲ့ ကံ ဒဏ်ထိထားရင် စီးပွားမတက်ဘူးလို့ မှတ်ပါ။ မိခင်၊ ဖခင် မျက်ရည်ကျပြီ ဆိုရင် ဒဏ်ထိထားပြီ၊ အရှမ်းကြောက်စရာကောင်းတယ်နော်။ သတိထားပါ။ အဲ့ဒီလို ဒဏ်စူးထားတဲ့ ပုဂ္ဂိုလ်များဟာ ဘယ်တော့မှ မကြီးပွားဘူး။ သတိထား ကြနော်…။

နောက်တစ်ယောက်က အမျိုးသမီးနော်။ သူက အမေကို ဖက်နပန်း လုံးတာ။ အဖေတော့ မရှိတော့ဘူး။ အဖေရှိတုန်းကလည်း သောင်းကျန်းပေါ့။ အမေပဲရှိတယ်။ အမေနဲ့ကျတော့လည်း မကျေနပ်ရင် ဖက်နပန်းလုံးတော့တာပဲ။ သိပ်အားများလာတော့ အကျိုးပေးတာနော်။ ယောက်ျားနဲ့ကွဲ၊ စီးပွားလုပ်တော့ လည်း အရင်းတွေပြုတ်၊ အဖမ်းခံရနဲ့ အကုန်ရှုံးပေါ့။ သူငယ်ချင်းတွေက သူနဲ့ မတွဲရဲဘူး။ သူပါရင်ရှုံးလို့၊ သား အိမ်သွားနေတော့လဲ သားလည်း အလုပ်ပြုတ် တယ်။ သူရောက်တာနဲ့ အဲ့ဒီအိမ်ဟာ ဒုက္ခရောက်တာပဲ။ အရမ်းအံ့သြစရာ ကောင်းတယ်။ သိပ်ကြမ်းတမ်းတာကိုး။ သူကြမ်းတာက (၃/၄)ဆင့် ကြမ်း တာနော်။ ဘုန်းဘုန်းက သူ့ညီမနဲ့လည်းခင်တော့ သူ့ညီမကိုလည်း သင်ပေး

www.burmeseclassic.com

www.burmeseclassic.com



တာကို၊ မိဘကိုကန်တော့ခိုင်းတယ်။ ကန်တော့ရင်လည်း ခြေထောက်နဲ့ နဖူး ထိပြီး ရိုရိုသေသေ ကန်တော့ခိုင်းတယ်။ ခြေရာကိုလည်း တောင်းခိုင်းထား တယ်။ ပြီးရင် တရိုတသေထားဖို့လည်း မှာရတာပေါ့။ အကြီးမကတော့ အမေနဲ့ မတည့်ဘူးဆိုရင် ယူထားတဲ့ခြေရာကို ဓားနဲ့ခုတ်ပစ်တယ်။ (၃)ခါ လောက် တောင်းပေးတယ်။ (၃)ခါစလုံး ခုတ်ပစ်တယ်။ သိပ်ဆိုးတာပဲနော်။ ဒီလောက် ကြမ်းတမ်းနေတာ ဘယ်ခံနိုင်တော့မှာလဲနော်။ နောက်ဆုံးပိတ် ဒဏ်သင့်တာက ခုချိန်ထိ သင့်တုန်းပဲ။ အရမ်းအံ့ဩစရာ ကောင်းတယ်။ ကိုယ်တွေ့ဖြစ်ရပ်ပဲ။ အနှစ် (၂၀)အတွင်းမှာ အဲဒီဒဏ်ကာမဟာ ခုထိ နလံမထူနိုင်ဘူး။ ညီမကတော့ ချမ်းသာနေပြီ။ ညီမက မိဘကို တအားရိုသေတယ်။ နှစ်ပေါင်း (၂၀)အတွင်း မှာ အများကြီးကွာသွားတယ်။ တစ်မိသားစုထဲက မွေးထားတာနော်။ စိတ်ကျက်စားရာ မှားတာကို သဘောပေါက်ပြီလား။

**ချို့ယွင်းအချက်** ဒါကလည်း မိဘတွေ နှလုံးပူအောင်လို့ အော်ဟစ် ဆဲဆို ပြီး စစ်ထဲဝင်တဲ့ ကလေးတွေသာ ဒဏ်ရာရတာနော်။ ဘုရားရှိသေ၊ မိဘရှိသေတဲ့ ပုဂ္ဂိုလ်တွေဆိုရင် မိုလ်ချုပ် ဖြစ်တာတောင် ဒဏ်ရာ မရဘူး။ ကွာခြားတယ်… ဘာလို့လဲဆိုတော့ ဒါတွေဟာ ကံအရှိန်တွေပဲ။ မိဘလည်း ရှိသေတယ်။ ဂုဏ်တော်တွေလည်း ပွားနေတဲ့ပုဂ္ဂိုလ်တွေဆို မိုင်းနင်းမိတောင် မပေါက်ဘူးနော်။ ဘုန်းဘုန်း အသိကလေးတစ်ယောက်ဆိုရင် စစ်ထဲဝင်တော့ မိဘခြေရာကို ယူခိုင်းထား တယ်။ မိဘနှစ်ပါးကို နဖူးနဲ့ခြေထောက်ထိပြီး ကန်တော့ခိုင်းတယ်။ ပြီးတော့ ခြေရာတောင်းထားခိုင်းတယ်။ ဒါဟာ ရှေးပညာရှင်များရဲ့နည်းနော်။ ပိတ်စ လေးမှာ မဲနယ် (သို့မဟုတ်) မှင်ပေါ့။ တစ်ခုခုကိုယူပြီး ခြေရာကို သုတ်တယ် ပြီးရင် ပိတ်စလေးပေါ် နင်းခိုင်းလိုက်ရတယ်။ ကိုယ်က ခြေထောက်ကို ဖိပေး ရတယ်။ ပြီးရင် မိဘနှစ်ပါးကို ခြေဆေးပေးရသေးတယ်။ ပြီးတော့ အဲဒီပိတ်စကို

www.burmeseclassic.com

www.burmeseclassic.com



သူတို့လက်ထဲ ပြန်ထည့်ပေးလိုက်။ မိဘနှစ်ပါးကို အမြင့်မှ တင်ထားပြီး နဖူးနဲ့ခြေထောက်ထိပြီး ရှိရှိသေသေ ကန်တော့ပါ။ ပြီးမှ မွေးထဲက ခုချိန်ထိ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ပြစ်မှားမိရင် ခွင့်လွှတ်ပါလို့ တောင်းပန်ကန်တော့။ ဒီအခါ ရင်ထဲမှာ အေးနေပစေ။ ပြီးမှ မိဘတွေရဲ့ခြေရာကို ကိုးကွယ်ရာ အဖြစ်ပေးပါဆိုပြီးတောင်း၊ ဆောင်ထား။ မိဘရှိသေးတယ်ဆိုရင် ညတိုင်း ကန်တော့ပြီးမှအိပ်၊ ခရီးသွားမယ် ဆိုရင်လည်း ကန်တော့ကြ၊ မိဘသေမှ ဒီကုသိုလ် ယူချင်လို့မရဘူး။ မသေခင်သာရမှာနော်…ဟုတ်တယ်နော်။ စောစောက ကလေးဆိုရင် ဦးထုပ်ထဲကို ထည့်ပြီးဆောင်ထားတယ်။ အတိတ်ကံနဲ့ သူမိုင်းနင်းမိတယ်… သူကဘာမှ မဖြစ်လိုက်ဘူး…။ ဘေးလူတွေ တော့ထိတယ်။ ဒါတွေဟာ တကယ့်ဖြစ်ရပ်တွေ။

ဘာကြောင့်လဲဆိုရင် မေတ္တာစာတ် အရှိန်ကြောင့်ဘဲ။ မေတ္တာဆိုတာ အအေးဓာတ်မဟုတ်လား။ မေတ္တာအကျိုး (၁၁) ပါး ဆိုတာ ကြားဖူးတယ် မဟုတ်လား။ "ချမ်းသာအိပ်နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်း၊ လူ၊ နတ်၊ နတ်စောင့်တတ်လျက် လက်နက်၊ ဆိပ်၊ မီး၊ မရောက်ပြီးခဲ့တဲ့ (လက်နက်၊ အဆိပ်တောင်ပြီးတယ်တဲ့နော်) စိတ်လည်းကြည်လင်၊ သေလျှင်မတွေ၊ သေသော အခါ ဗြဟ္မာရွာ လားရာမေတ္တာကျိုးတဲ့"ဒီလိုပြထားတယ်နော်။ မေတ္တာအအေး ဓာတ်ကို ရအောင်ယူရတယ်။ ကိုယ်ကလည်းအေးမယ်။ မိဘတွေရဲ့ မေတ္တာ ဓာတ်လည်းရတယ်ဆိုရင် အန္တရာယ်အကုန်ကင်းတယ်။ အောင်ခြင်းရှစ်ပါးမှာ ဘုရားဟာ တခြားတန်ခိုးမသုံးဘူးနော်။ မေတ္တာတစ်ခုတည်းသုံးတယ်။ အအေး ဓာတ်ပဲ နားလည်ပြီနော်၊ တခြားဘာအကာအကွယ်မှ မလိုဘူး။ တချို့က အဆောင် တွေ ဆောင်ထားကြတယ်။ မလိုပါဘူး။ ဒီအအေးဓာတ်ကိုသာ အရယူကြပါ။

နူနာဂုဏ်

ဒါဟာလည်း ကိုယ်တွေ့ပါဘဲ… ရဟန်းတစ်ပါးကို ဘုန်းဘုန်း ကိုယ်တွေ့ တွေ့ရဘူးတယ်။ ဘုန်းဘုန်း ခပ်ငယ်ငယ် ကျောင်းစထိုင်ခါစပေါ့…။ ဒီတရားနဲ့

www.burmeseclassic.com



ပတ်သက်လို့ မရှင်းရင် အရပ် (၉)မျက်နှာမှာ ကိုယ့်ထက်အဆင့်အတန်းမြင့်ကဲ့ ရဟန္တာပြဟ္မာကြီးတွေ တောထဲမှာလည်း တန်ခိုးအာဘိညာဏ်ရှိတဲ့ ရဟန္တာကြီး တွေရှိတယ်နော်။ အဲ့ဒါကို သစ္စာဆိုပြီး တိုင်တည်ရင်ရတယ်။ နည်းမှတ်ထားနော်။ သစ္စာဆိုရင် သူတို့ကြားတယ်။ ဒီတရားနဲ့ပတ်သက်ပြီး လမ်းမှန်ရောက်အောင် သင်ကြားပေးပါလို့ တိုင်တည်ရတယ်။ ကိုယ်မသိတာကို တိုင်တည်ပေါ့။ နောက် တပည့်သားအဖြစ် သတ်မှတ်ပါဆိုပြီးလည်း အပ်ရတယ်။ ဆရာပေးတဲ့ နည်းနော်။ ဘုန်းဘုန်း ဒီနည်းကို သိထားတော့ အကြောင်းအရာတစ်ခု စဉ်းစား လို့မရဘူး။ မရှင်းတော့ဘူးဆိုရင် တိုင်တည်တာဘဲ။ အဲ့ဒီအခါ အိပ်မက်နဲ့ လာပေးတာတို့၊ တစ်ခါတလေ ဒကာတစ်ယောက်က စာအုပ်အဟောင်းလာပို့ တယ်ဆိုရင် တိုက်တိုက်ဆိုင်ဆိုင်ပဲ ဘုန်းဘုန်းသိချင်တဲ့ အကြောင်းအရာ အချက် တွေ ပါလာတာပဲ။ တစ်ခါတလေ အနီးအနားမှာရှိတဲ့ စာအုပ်ထဲလည်း ပါရင်ပါ တယ်။။ ဆန်းကြယ်တယ်နော်။ တစ်နေ့မှာ ဘုန်းဘုန်း ခက်ခဲတာရှိလို့ တိုင်တည် တော့…ဘုန်းကြီးတစ်ပါးက သိပ်ရင်းနှီးသေးတာ မဟုတ်ဘူး။ ဆွမ်းခံသွားရင်း နဲ့ လိုက်ခဲ့လို့ခေါ်ပြီး ရှေးတုန်းက စာအုပ်အဟောင်းကြီးတစ်အုပ် ထုတ်ပေးတယ်။ အဲ့ဒီအထဲမှာ ဘုန်းဘုန်းသိချင်တာ အကုန်ပါတယ်။ ဒါနဲ့ ကျေးဇူးရှိတယ်ဆိုပြီး ကျောင်းမှာပင့်ပြီးခေါ်ထားတယ်။ ဒါပေမယ့် သူ့ရဲ့ခန္ဓာကိုယ်ဖွဲ့စည်းပုံက မကောင်းဘူး။ သွားကျဲတယ်။ သွားခေါ်တယ်။ ဘုရားဟောမှာရှိတာ သွားတွေ ဟာ စီပြီး ညီမှ ကောင်းတယ်မဟုတ်လား။ အတင်းပြောတဲ့ ဝါသနာကြောင့် သွားတွေကြဲတာကိုး။ ဘုန်းဘုန်းရဲ့ကွယ်ရာဆို ဘုန်းဘုန်းမကောင်းကြောင်း ပြောတယ်။ နောက် သူ့မှာ လေတစ်ဖက်ဖြတ်ထားသေးတော့ မသန်ဘူး။ မြန်မြန်မသွားနိုင်ဘူး။

ဒီလိုနဲ့ တစ်နေ့…သူ့အတွက် ကျောင်းဆောက်ပေးတယ်။ သူကသွပ် မိုးပြီး ပြတင်းပေါက်မှန်လေး တပ်ချင်တာကိုး။ ဝတ္ထုမနိုင်သေးတော့ သွပ်ကို နောက်မှမိုးပေးမယ်ဘုရား။ ခေါင်တော့ချိုးထားတယ်လို့ လျှောက်ထားတယ်။

www.burmeseclassic.com



ဒါနဲ့ သွပ်မမိုးဖြစ်တော့ သူနေတဲ့နေရာက ဆင်းလာပြီး လက်ညှိုးထိုး ပြော တော့တာပဲ။ သူနဲ့ဘုန်းဘုန်းက တစ်တောင်ဆောက်ပဲကွာတယ်။ ဒီလို သူလက်ညှိုးထိုးပြီးပြောနေတဲ့အချိန် သူ့ကိုစိတ်ဆိုးစရာရှာကြည့်တယ်။ ရှာလို့ မတွေ့ဘူး။ သူ့အတွက် ကိုယ်ကပိုက်ဆံအကုန်ခံပြီး ဆောက်ပေးတာ ဖြစ်နေ တော့နော်။ သွပ်ကိုလည်း အဆင်ပြေတော့ မိုးပေးမယ် ပြောထားပြီးသား။ ဒီတော့ စိတ်ဆိုးစရာရှာလို့မရဘူးပေါ့။ သူက ကိုယ်တော့တရားဟာ ဘာတရား လဲ····စသည်ဖြင့် အစုံပေါ့။ ပြောလိုက်တာ။ နောက်ဆုံး ဘုန်းဘုန်းလည်း စဉ်းစားတာမရတော့ ပြောချင်တာ ပြောတော့ဆိုပြီး မျက်စိမှိတ် တရားမှတ်ပစ် လိုက်တယ်။

အဓိကတော့တရားဟောတဲ့ အနတ္တလက္ခဏသုတ္တန်ပေါ့··· "နေတံမမ နေသောဟ မသ္မိ နမေသော အတ္တာ" ဆိုတာကိုပေါ့နော်။ အာရုံသိတာ တကယ်တော့ ဝိညာဏက္ခန္ဓာပါပဲ။ ငါးခုပေါင်းစုလို့ ပေါ်တာအထည်သတ္တဝါ မဟုတ်ဘူး။ ငါ သူလို့လည်း မပြောဘူး။ တံလျှပ်လိုဘဲလို့ ဖယ်လိုက်တော့ သူရော၊ ကိုယ်ရော မရှိတော့ဘူး။ ပြောနေတဲ့ အသံတွေဟာလည်း အချိန်နဲ့ အမျှကုန်နေတာပဲလို့ ကြည့်နေတော့ ညဏ်မိပြီး···· လွတ်နေတယ်၊ ပတ်ဝန်းကျင် ကို အထည်မှုမလုပ်တာဘဲ၊ ပျောက်နေတာပေါ့၊ ကြားသမျှကာလမဆက်တော့ အကုန်ပျောက်နေတာပေါ့၊ သူ့ဟာသူပြောချင်ရာပြောတော့ဆိုပြီး တရားမှတ် နေလိုက်တာပေါ့ ···နော်။ အချိန်ဘယ်လောက်ကြာသွားတယ် မသိဘူး၊ ပြောလို့မောတော့ သူပြန်သွားတယ်၊ ဘုန်းဘုန်းကို လက်သမားတွေကကြည့်ပြီး စိတ်မကောင်းကြဘူး၊ ဆောက်မပေးတော့ဘူးဆိုပြီး လွှတွေကိုလွှင့်ပစ်လိုက် ကြတယ်၊ ဘုန်းဘုန်းက ဒီလိုမလုပ်ပါနဲ့၊ လူကြီးဆိုတာဖြစ်တတ်တယ်၊ သူ့မှာ လေငန်းရောဂါရှိတော့ စိတ်တိုတာပေါ့၊ ပြီးအောင်လုပ်ပေးလိုက်ပါဆိုပြီး ပြော ရတယ်၊ မေတ္တာထားရတာပေါ့၊ ဒီလိုနဲ့ပဲ ကျောင်းဆောက်ပြီးသွားတယ်···

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပေါ်တက်ပြီး (၄)ရက်လောက်ကြာတော့ နူတယ်၊ ဘုန်းဘုန်းက အံ့အား သင့်သွားတယ်၊ မျိုးရိုးလည်းမရှိဘူးနော်၊ နူတာမှ အထွတ် အထွတ်ပဲ … ဘယ်သူမှ အနားမကပ်နိုင်ဘူး၊ ကြည့်ပြီးလန့်သွားတယ် … အကြောင်းရှာ တော့မှ ဓာတ်လိုင်းသဘောတွေရဲ့ အားများပုံကိုသိရတော့တယ်၊ ဒီတော့မှ ပိုယုံတော့တယ် … စိတ်လှိုင်းနော်၊ သူက ဒေါသလှိုင်းကို အပြင်းအထန် လွှတ်တဲ့အချိန်၊ ဘုန်းဘုန်းက ဘုရားပေးတဲ့ဓာတ်နဲ့ အအေးဓာတ်နဲ့ခံတဲ့အချိန် သူ့ဆီ အကုန်ပြန်သွားတာ။ တန်ပြန်အဆ အများကြီးဝင်သွားတာနော်၊ ဒီလောက် ပြင်းထန်လိမ့်မယ်လို့ မထင်မိဘူး… ဒီတော့မှ သိတာနော် …. ဒီလိုမှန်း သိရင် ဘုန်းဘုန်း တရားမမှတ်ပါဘူး၊ မသိလို့ မှတ်မိတာနော်၊ ဒီမှာတင် ဒီလောက် ပြင်းထန်ပါလားဆိုပြီး သံဝေဂရပြီး တအားကြောက်သွားတယ်၊ သူက နူတာကို စိန်ဆေးတွေသောက်တယ်၊ နူတာတော့ လျော့သွားတယ်၊ ဒါပေမယ့် အဲ့ဒီစိန်ဆေးတွေကြောင့် အူတွေပြတ်ပြီး သေတာပဲ၊ ဒါ ကိုယ်တွေ့ ဖြစ်ရပ်နော် … ဒီတော့မှ ဘုရားဟောက မှန်လိုက်တာလို့ ဉာဏ်ကစားရ တာပေါ့၊ ဘုရားဟောမှာပါတာက ဒီခန္ဓာကိုယ်ကြီးကို အစိုင်အခဲလို့ ဘုရား က မဟောဘူး၊ ဓာတ်ရိုပ်၊ ဓာတ်ခိုးလို့ဟောတယ်၊

ဓာတ်ခိုးတွေတဲ့ သဘောပေါက်လား အတုံးအခဲ မယူနဲ့နော်၊ ခန္ဓာ အိမ်ကြီးဟာ ကံနဲ့ယှဉ်ဖြစ်တယ်ခေါ်တယ်။ အပူဓာတ်အရှိန်နဲ့ဖြစ်တဲ့ ဓာတ်ရိုပ်၊ ဓာတ်ခိုးကျတော့ ညှံ့ဖျင်းတယ်၊ အရောင်မှိန်တယ်၊ တန်ခိုးကျတယ်၊ အအေးဓာတ် အရှိန်နဲ့ဖြစ်တဲ့ ဓာတ်ရိုပ်၊ ဓာတ်ခိုးကျတော့ အရောင်တောက်တယ်၊ တန်ခိုး ကြီးတယ်၊ နားလည်ပြီနော်၊ ဓာတ်ချင်းတိုက်တာ ပိုဆိုးတယ် အင်မတန် အအေး ဓာတ်ထွက်နေတဲ့ ခန္ဓာအိမ်ကို ဒီက (နှလုံးအိမ်က) အပူဓာတ်တွေ လွှတ်လို့ရှိရင် ပြန်ပြေးတာဘဲ သူလည်းပူတဲ့အပြင် တန်ပြန်လည်းလာပြီ။ အရမ်းလောင်တော့ တာပဲ။ ဒါ့ကြောင့် ရုပ်တွေပါ ပျက်စီးကုန်တာလို့ နားလည်ရမယ်။ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ ကိုယ့်အပေါ်ဆိုးဆိုး သူဆိုးတာသည့်သူ့အပိုင်း၊ သူမှား သူခံလိမ့်မယ်။ တပိုင်းစီနော် ကိုယ်က သူ့အကြောင်းကို ဒီပေါ် (နှလုံးသွေးပေါ်) တင်တွေးရင် ကိုယ်ရှုံးမှာပဲ၊ ဒီပေါ် (နှလုံးသွေးပေါ်) တင်လိုက်တာနဲ့ သတ္တိကိန်းသွားပြီး သူ့အကြောင်းကို ပုံဖေါ်တဲ့အခါ ပြုံးတဲ့ပုံကို ဖေါ်နိုင်အောင်ကြိုးစားပါ။ မဖေါ်နိုင်ရန် တွေးကိုမတွေးနဲ့ ရပ်ထားလိုက် ကုသိုလ်စိတ်နဲ့ ယှဉ်တဲ့ အတွေးဘက်ကိုပြောင်းလိုက်၊ သဘောပေါက်လား၊ နို့မဟုတ်ရင်တော့ ကိုယ့်ပြန်စူးပြီး၊ လောကစံအဆိုးကိုခံရလိမ့်မယ်၊ နားလည်ကြတယ်နော်။ ဒီတော့မှ ဘုန်းဘုန်းလည်း ဒီဓာတ်သဘောဟာ မှန်ပါလားဆိုပြီးလက်ခံတော့တာနော်။

**ရှုးကြဲဖေါက်ပြန်** အမေ အဖေ သူငယ်ပြန်တာကို ရိုက်တဲ့ကလေးမလေး၊ အသက် (၂၀)လောက်ပဲရှိသေးတယ်၊အမေနဲ့အဖေက သူမြင်ရင်ကြောက်နေလိုက်တာ၊ ဟိုပုန်း၊ ဒီပုန်းနဲ့ အဲ့ဒီလောက်ဆိုးတဲ့ကလေးမလေးနော်၊ နောက်တော့ မိဘ (၂)ပါး သေပြီးတဲ့ နောက်ပိုင်းမှာ အကောင်းသားကနေ ရူးသွားတယ်၊ ချက်ချင်းတော့ မရူးဘူးနော်၊ နောက်ပိုင်းမှဖြစ်တယ်၊ ဘယ်ဆရာမှ ကုလို့မရဘူး၊ စုန်းပြုစားတာမှ သမ္ဗုဒ္ဓေဂါထာနဲ့ ပျောက်ရင် ပျောက်အုံးမယ်၊ အဲ့ဒီလိုဖြစ်မှားတဲ့ ကံစူးထားရင် မပျောက်ဘူး၊ ဒဏ်ရဲ့သဘောနော်၊ အရမ်းကြောက်စရာကောင်းတယ်၊ အမေတွေမှာ အရှုံးတပိုင်းဖြစ်ရတယ် မဟုတ်လား၊ ကြောက်ပြီး ဟိုပြေး၊ ဒီပြေးနဲ့ ပြေးနေရ-ဘာနော်။ သူလည်း ဒီအတိုင်းကို ဖြစ်တာပဲ အဲ့ဒီအားတွေဟာ အချိုးအစားအလိုက် သတ္တိရော တန်ပြန်ပါဝင်ရင် ဘုန်းမကြီးဘူး အပိတ်အဆို့များပြီး စီးပွားမတက်ဘူး ဒါလည်းမှတ်သားထားကြ။

www.burmeseclassic.com

www.burmeseclassic.com



**မင်းအောင်သင့်ခန်း** ကလေးတစ်ယောက်အကြောင်း၊ သူက အဖေကို လက်သီးနဲ့ပြန်ထိုး၊ အစ်မလည်း ပြန်ရိုက်နဲ့နော်၊ အရမ်းကြမ်းတမ်းတယ်၊ ဒီကလေးဒီလောက်ကြမ်းတမ်းနေရင်တော့ ဘာဖြစ်မလဲ မသိဘူးဆိုပြီး ဘုန်းဘုန်းစောင့်ကြည့်နေတယ်၊ နောက် မကြာဘူး သူငယ်ချင်းနဲ့ ဆေးခြောက်သွားဝယ်တော့ စီမံချက်နဲ့ငြိပြီး အဖမ်း ခံရတယ်၊ ထောင် (၅)နှစ် ကျတယ်။

ထောင်ကထွက်ပြီးတော့လည်း ခုချိန်ထိ နလံမထူသေးဘူး၊ စီးပွားကို မတက်ဘူး။ ဒဏ်သင့်ထားတာကိုး၊ တစ်ချို့ဆို အိမ်မှာနေရင်းနဲ့ အဖမ်းခံရတာ ရှိတယ်။ ဘယ်လိုမှရှင်းလို့မရဘဲ ထောင်ကျသွားတာတွေရှိတယ်နော်။ ဘာကြောင့်လဲ အဖြေရှာတော့ သူငယ်ချင်းက သူ့နာမည်ကို ယောင်ပြော မိလို့ အပြစ်မရှိဘဲနဲ့ ထောင်ကျသွားတာကိုရှိတယ်၊ သူက မိဘတော့တအား ကိုနိုင်တယ်။ အဖေ အမေကို ကလေးတွေလိုမှာန်၊ ငေါက်နဲ့လုပ်တယ်။ ဒါဟာ တစ်ချိန်ကျတော့ အကျိုးပေးတော့တာပဲ မိဘကိုချုပ်ချယ်တယ်ခေါ်တာပေါ့၊ သူ့မြင်ရင် ရင်ပူနေရပြီ၊ တူသောအကျိုးပေးပဲ။

www.burmeseclassic.com



မုလိနာအခည့်ရှိ ဘုရားအလောင်းတော်တဝတုန်းက အရက်မူးမူးနဲ့
ပစ္စေကဗုဒ္ဓါသင်္ကန်းရုံနေတာကို တေးက မာတုကာမတစ်ယောက်ကလည်း
ဖြတ်သွားတဲ့အချိန်နဲ့ တိုက်ဆိုင်တာကို တာညာ တာညာ ဖွင့်ဖွဲ့နေသည့်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ကြာမ်းတမ်းစွပ်စွဲ စွပ်စွဲတဲ့ဘေးကိုမှတ်ပါ၊ ဘုရားရှင်တောင် ခံရတယ် တန်ပြန်အဆမျှားတဲ့ ပဋိစ္စကဗုဒ္ဓါကို ပြစ်မှားလိုက်တဲ့ ကံတဲ့ မုလိနှာအမည်ရှိတဲ့ အလောင်းတော်ဘဝ တုန်းကပေါ့နော်။ သူမှူးနေတဲ့အချိန်မှာ ပစ္စေကဗုဒ္ဓါ သင်္ကန်းရုံနေတာကို၊ ဘေးက ဒကာမတစ်ယောက်ကလည်း ဖြတ်သွားတဲ့အချိန်နဲ့လည်း တိုက်ဆိုင်နေတော့၊ ဘာညာ ဘာညာ …လို့စွပ်စွဲလိုက်တာ အထင်ကို အမြင်လုပ်ပြီး စွပ်စွဲတယ်လို့ခေါ်တယ်၊ မပြောရဘူးနော်၊ သူ့အပိုင်းနဲ့သူကိုယ့်အပိုင်းနဲ့ကိုယ်ပဲ။ အပိုင်းခွဲထားနော်။ ဒါကလည်း မေတ္တာကင်းမဲ့လို့ပဲပေါ့။ ဒီလိုအထင်ကို အမြင်လုပ်တာ အင်မတန်မှားတတ်တယ်နော်၊ အဲ့ဒီ စွပ်စွဲတဲ့ ကံအရှိန်အဟုန်ကြောင့် ငရဲကျတဲ့အပြင်၊ ဘဝအဆက်ဆက်ပါလာတယ်။ ဘုရားဖြစ်တဲ့နောက်ဆုံးဘဝမှာတောင် သုန္ဒရီ ပရိဗိုဇ်နဲ့ စွပ်စွဲခံရတယ်။ ဘုရားလက်ထက်တော်အခါက ဂိုဏ်း (၆) ဂိုဏ်းရှိတယ်။ အဲ့ဒီ ပုဂ္ဂိုလ်တွေက ဘုရားမလာခင် သာဝတ္ထိမြို့မှာ အင်မတန် လာဘ်လာဘပေါတယ်၊ ဘုရားလည်းကြွလာရော လူတွေဟာ အမှန်တရားကို နားလည်လာကြတယ်။ တရားနာကြည့် သိတာပေါ့နော်။ လမ်းမှန်ဆိုတာကို သဘောပေါက်တော့ သူတို့ဆီ အသွားအလာနည်းသွားတယ်၊ သူတို့ကတိုက်ခိုက်တယ်၊ ဘုရားကမတိုက်ခိုက်ဘူး၊ အဖြစ်မှန်အတိုင်း ဘုရားကသွားတယ်၊ တစ်ချို့ဒကာတွေဆိုရင် "သင်ဟာ ဒီဂိုဏ်းဂဏတွေရဲ့ ရေတွင်း၊ ရေကန်လိုဘဲ အဲ့ဒီအတွက်လည်းလှူကြ၊ တန်းကြဆိုပြီး" ပြန်လွှတ်တယ်၊ ဒီလိုပြောလေ လူတွေက သဘောပေါက်လေပဲ၊ ဟိုဘက်ကတော့ ဂေါတမဘုရားဆီကို မသွားဖို့ပိတ်ပင်တယ်။ ဘုရားက သူတို့လိုမဟုတ်တော့ ဆန့်ကျင်ဘက်တွေဖြစ်နေတာပေါ့။ မေတ္တာကြီးမားတော့ ဘုရားကိုဘဲ ပိုလေးစားကြတယ်၊ သူတို့လာဘ်လာဘတွေ ရှားပါးတော့ ဘုရားကို နာမည်ပျက်အောင် ကြံစည်ကြတယ်၊ သုန္ဒရီ ပရိဗိုဇ်မလေးက လှတယ်။ သူ့ကို ဝိုင်းပြီးခိုင်းကြတယ်၊ ဘုရားကျောင်းတော်မှာ ညဆိုအဝင်ပြတယ်။ မနက်ခို

www.burmeseclassic.com



အထွက်ပြတယ်၊ ပရိတ်သတ်က တရားနာပြီးလို့ ညနေပြန်ပြီဆိုရင် သူက ကျကျနနပြင်ဆင်ပြီး ကျောင်းတော်ကို အဝင်ပြတယ်၊ ဘယ်လဲလို့ လူတွေက မေးရင် ကိုယ့်ကိစ္စမဟုတ်ဘဲ မပြောပါနဲ့လို့ ပြန်ပြောတယ်။ မနက်ကျတော့လည်း ဒီအတိုင်းပဲဖြေတယ်၊ အထင်မှားအောင်ပေါ့နော်၊ ဒီလိုနဲ့ (၁)လလောက်ကြာတော့ ဂေါတမဆီသွားအိပ်တာလို့ ပြောချလိုက်တယ်၊ အဲ့ဒီနောက်ပိုင်း သူပျောက်သွားတယ်၊ လူပျောက်ကြေငြာတာပေါ့၊ ရှာကြတယ်၊ အများထင်တာက ဘုရားကျောင်းတော်ဘဲထင်တာပေါ့။ သာဝတ္ထိမြို့မှာ လူဦးရေ (၇)ကုဋေရှိတယ်။ (၅)ကုဋေက နေ့စဉ်ဘုရားကျောင်းတော်ကို အသွားအလာရှိကြတယ်။ ဘုရားကျောင်းတော်ကလည်း အကျယ်ကြီးပဲနော်၊ အဲ့ဒီ (၇)ကုဋေ လူဦးရေ လှူတဲ့ပန်းတွေကလည်း အများကြီးပဲ၊ ပန်းတွေစွန့်တဲ့မြောင်းဟာလည်း အကြီးကြီးပဲတဲ့၊ ဒါနဲ့ ဘုရားကျောင်းမှာရှာတော့ အလောင်းကို စွန့်ပစ်ထားတဲ့ ပန်းပုံကြီးရဲ့ကြားထဲမှာ သွားတွေ့တယ်၊ အလောင်းကိုထမ်းပြီး ဒိဋ္ဌိတွေက "ဘုရားဟာ မတရားလုပ်တယ်၊ သားတွေကသတ်တယ်လို့" ဆိုပြီး မြို့ထဲကိုပတ်တယ်၊ မသိတဲ့ ပုထုဇဉ်တွေကတော့ ယုံတာပေါ့၊ ရဟန်းတွေ ဆွမ်းခံသွားတော့ အဖေက မတရားလုပ်၊ သားတွေကသတ်နဲ့ စွပ်စွဲခံရတယ်၊ ရဟန်းတွေက ပြန်လာပြီး ဘုရားကိုလျှောက်တယ်၊ ဘုရားရှင်က ဘဝများစွာ ကိုမြင်ထားတော့ အေးအေးဆေးဆေးပဲနော်၊ ရဟန်းတော်များကို ပြန်ပြောရန် သင်ပေးတော်မူတယ်၊ "အကြင်ပုဂ္ဂိုလ်သည် ကိုယ် ကိုယ်တိုင်မမြင်ဘဲ မကြားဘဲနဲ့ မြင်သယောင်၊ ကြားသယောင် စွပ်စွဲပြောဆို၏။ ကိုယ် ကိုယ်တိုင် မကောင်း မှုပြုပြီးတော့ မပြုဘူးဟုပြောဆို၏။ ထိုနှစ်ဦးသားတို့သည် ငရဲသို့ လားရမယ်တဲ့" ဓမ္မဓိဋ္ဌာန် စကားကို ဆိုပါလို့ဆိုတော့ သူတို့တွေက ဆို-ဆိုသွားတယ်။ ဒါဟာကျိန်စာပဲဆိုပြီး လူတွေကြောက်သွားကြတယ်နော်၊ မကောင်းတာလုပ်ပြီး မလုပ်ဖူးလို့ပြောတယ်၊ တကယ်မသိဘဲ ကိုယ်မြင်တာ မဟုတ်ဘဲ အထင်နဲ့စွပ်စွဲတယ်ဆိုရင် ငရဲလားရမယ်၊ သူတို့မဟုတ်ရင် သူတို့

www.burmeseclassic.com

www.burmeseclassic.com



ခံရမယ်ဆိုပြီး ကျိန်စာတိုက်သွားတာပဲတဲ့၊ တကယ်စဉ်းစားကြည့် ငါတို့လည်း တကယ်မြင်တာ မဟုတ်ဘူး။ တဆင့်ကြားနဲ့ပြောတာဆိုပြီး လူတွေဟာ အပြောရပ်သွားတယ်၊ ဒီအမှုနဲ့ပတ်သက်ပြီး ထောက်လှမ်းရေး လွှတ်ထားတယ်တဲ့၊ (၇)ရက်လည်း ပြည့်ရော ထန်းရည်ဆိုင်မှာ (သေရည်ဆိုင်လို့ခေါ်တယ်) အမူးသမားတွေမူးပြီး ရန်ဖြစ်တော့မှ ဒီအမှုဟာပေါ်တာ၊ "မင်းဟာ ငွေငါးရာရလို့ သုန္ဒရီကို တစ်ချက်တည်းနဲ့ရိုက်တဲ့အကောင်"လို့ ပြောလိုက်တော့ ဖမ်းစစ်ပြီး ဘုရင်က နှင်ပစ်လိုက်တယ်တဲ့။ ဂိုဏ်းဆရာတွေက ငွေငါးရာပေးပြီး တပည့်ကိုပြန်သတ်တယ်၊ အဲဒီလောက်ဆိုးတာ လာဘ်လာဘ အတိုက်အခိုက်တွေနော်၊ ဒီလို သူတို့ကို နှင်ပစ်ပြီးတဲ့နောက်ပိုင်း ဘုရားကျောင်းတော်က ပိုတောင်စည်ကားသွားသေးတယ်တဲ့၊ ခုနစ်ရက်အတွင်းမှာတော့ အစွပ်စွဲခံရတဲ့ဘား သင့်သေးတယ်၊ ဒါဟာ ဘယ်ကံလည်းဆိုတော့ ပစ္စေကဗုဒ္ဓကို စွပ်စွဲမိတဲ့ကံ၊ သဘောပေါက် တယ်နော်၊ တစ်ခုခု မကောင်းတဲ့ကံ ညွှတ်လိုက်ရင် (စိတ်မှီရာသွေး)မှာ ဒဏ်ရာလိုဘဲ သတ္တိကိန်းသွားတာ၊ တစ်ချိန်ပြန်ပေါ်မှာပဲ။

ဥပမာ – ချော်လဲလို့ နံ့အောင့်သွားတယ်ဆိုရင် ဆေးကုရင် ၄/၅ရက်နဲ့တော့ ပျောက်သွားတယ်၊ ဒါပေမယ့် နေမကောင်းတဲ့အခါ သူက စပြီးပြန်နာတာပဲ၊ ဒီတော့ ကိုယ်လုပ်သမျှတွေဟာ ကိုယ့်ဆီ အကုန်ပြန်လာမှာပဲ၊ မှတ်ကြပါ၊ မကြမ်းကြနဲ့နော်၊ ကြမ်းရင်ဘယ်သူခံရမှာလဲ။

ကိုယ်က ကုသိုလ်လေးနဲ့ အုပ်ထားလို့သာ ငုတ်နေတာနော်၊ တစ်ချိန်ပြန်ပေါ်မှာဘဲ အခွင့်သာရင် ကိုယ့်ကို ဒုက္ခပေးတော့မယ်၊ သတိထားကြနော်၊ သူ့စိတ်က ဘယ်လိုရှိတယ်မသိဘူး၊ အကောင်းဖြစ်နေမလား၊ အဆိုးဖြစ်နေလား ဆိုတာ မသိရဘူး၊ အကောင်းဆုံးဟာ မေတ္တာနဲ့နေတာဟာ အကောင်းဆုံးပဲ အထင်းပြောစရာ အကြောင်းမရှိဘူး၊ ကိုယ့်ကိုယ်အရှုံးမခံပါနဲ့ သဘောပေါက်ပြီနော်၊ ဘယ်အရာမဆို မေတ္တာထားတာ အကောင်းဆုံးပဲ။

www.burmeseclassic.com

www.burmeseclassic.com



**သေကွဲသားချင်း** ဒါဟာလည်း အလွန်အင်မတန် ချစ်စရာ နှလုံးအေးစရာ ကောင်းတဲ့ သားသမီးတွေနဲ့လည်း သေကွဲကွဲတတ်တယ်. ကိုယ်တွေ့ဖြစ်ရပ်ပါဘဲ၊ အမေကို ဆဲတဲ့ ကလေး တစ်ယောက်နော်။ အမေနဲ့သမီး (၂) ယောက်တည်းရှိတာ၊ သမီးက အိမ်ထောင်ပြုတော့ အမေက သဘောမတူဘူးပေါ့၊ နောက် သူက အမေနဲ့ အတူမနေဘဲ ယောကျ်ားအိမ်မှာ လိုက်နေတယ်။ တစ်နေ့ အမေက နေမကောင်း ဖြစ်တယ် ပြုစုဖို့လာတယ်။ ဒါပေမယ့် အမေကို ငြိုငြင်တယ်၊ ဆောင့်အောင့် ဆဲဆိုပြီး ပြုစုတယ်၊ တော် ... မြန်မြန်သေရင်ကောင်းမယ်၊ တော်ကြီး မြန်မြန်သေရင် ကောင်းမယ်ဆိုပြီး နားမခံသာအောင် ပြောတယ်နော်။ အမေကို ဖြစ်မှားတဲ့ လှိုင်းကများလွန်းတော့ တန်ပြန်လှိုင်းက လာပြီနော် တစ်နေ့ (၂)နှစ်အရွယ် သူ့သမီး နေမကောင်းဖြစ်တယ်၊ ဒါကိုဆေးတိုက်တာ ဆေးတိုက် မှားပြီး သေသွားတယ်၊ တစ်ညလုံး ငိုလိုက်တာ၊ မနက်မိုးလင်းတော့မှ အမေမှားသမျှ သမီးခံရတယ်ဆိုပြီးပြောတယ်၊ ကြားဖူးနားဝရှိနေတာကိုး၊ အဲ့ဒီ နောက်ပိုင်း အမေကို မပြစ်မှားရဲတော့ဘူး၊ ကိုယ်တွေ့တွေ့ပဲ။

**ပျက်ခြင်းစည်းစိမ်** စည်းစိမ်လည်း ပျက်စီးလွယ်တတ်တယ်၊ ဒါကတော့ ရှင်းပါတယ်။

**နေ့အိမ်မီးလောင်** နေအိမ်မီးလောင်ဆိုတဲ့နေရာမှာ ခန္ဓာအိမ်ကိုပါ ထည့် သင့်တယ်။ မိုးကြိုးခိုလို့ လောင်တာရှိတယ်၊ ငရဲမီးလည်း ရှိတယ်၊ ရိုးရိုးမီးလည်း ရှိတယ်၊ အဆိပ်မီးလည်း သင့်တတ်တယ်။

အညာဒေသမှာဖြစ်ပျက်ခဲ့တဲ့အကြောင်းကို ပြောရအောင်နော်၊ အညာဘက်က အိမ်တွေဟာ ခြေတံရှည်တဲ့ ဆင်ဝင်အိမ်ကြီးတွေနော်၊ ဒီတော့

www.burmeseclassic.com



လှေခါးက အရှည်ကြီးပေါ့၊ အိမ်တစ်အိမ်မှာ အမေရယ်၊ သားရယ်၊ ချွေးမရယ် (၃)ယောက်နေတယ်၊ အမေအိုကြီးက မျက်စိမသန်ဘူး၊ အသက် (၇၀)လောက်ရှိပြီ၊ ဒါကို ချွေးမလုပ်သူက ငြိုငြင်တယ်၊ ယောက်ျားကို တိုက်တယ်၊ ကြာတော့ သားကအမေကိုမုန်းလာတယ်၊ တစ်နေ့ နေ့လည် အရက်မူးပြီး ပြန်အလာ မိန်းမက ဆီးပြီး ပြောလိုက်တော့ ဒီအသွားကြီး ရှုပ်လိုက်တာဆိုပြီး အိမ်ပေါ်ကနေ လှေကားအောက်က ကန်ချတယ်၊ အမေက တောင်းပန်တယ် မရဘူး၊ ကန်ချတယ်၊ တစ်ဝက်လောက်ပဲကျတယ်။ ဒါကို ဆက်ပြီး ကန်ချတယ်၊ ဒီလောက်ကြမ်းတာနော်။ ဘေးအိမ်တွေက မခံနိုင်တော့ဘူး။ ဒုတ်၊ ဓါးဆွဲပြီးလာကြတယ်၊ "ဒီကောင်ကိုသတ်ပစ်တာ ကောင်းပါတယ်" ဆိုတော့ မိခင်မေတ္တာဘယ်လောက်ကြီးတယ်ဆိုတာနော်၊ ပုံလဲနေတဲ့ ကြားထဲက ... "ကျွန်မသားလေးကို မလုပ်ကြပါနဲ့" ဆိုပြီး တောင်းပန်ရှာတယ်၊ သားလုပ်သူ သွေးရဲ့ သံရဲ့ဖြစ်မှာစိုးရိမ်တာကိုး၊ မိဘမေတ္တာနော်။

ဒါနဲ့သတ်ဖို့လာတဲ့ လူတွေက နောက်ဆုတ်သွားတယ်၊ ဒီလိုကောင်မျိုးအတွက် ငရဲဆိုတာမရှိတော့ဘူးလားဆိုပြီး ကျိန်ဆဲတာပေါ့၊ ဒါနဲ့ပဲ ပြဿနာဖြစ်ပြီး (၂)လအတွင်းမှာ ချမ်းသာလိုက်သေးတယ်၊ မျက်စိလည် စရာပဲနော်၊ (၂)လပြည့်ပြီးတော့မှ ရေချိုးနေရင်းနဲ့ ပူလိုက်တာဆိုပြီး အော်တယ်၊ ဝိုင်းပြီးရေလောင်းတယ်။ ဒီကြားထဲကပဲ ပူတယ်လို့အော်တယ်။ ဒါနဲ့ ရေစိမ်ကြတာပေါ့။ သူစိမ်နေတဲ့ရေက ပွက်ပွက်ဆူပြီး သူသေသွားတယ်။ ငရဲမီးခေါ်တာပေါ့။ အညာက ဖြစ်ရပ်တစ်ခုနော်။

ဘုန်းဘုန်း အောက်ဘက်ဒေသ သင်္ကန်းယ်သောင်မှာ တရားသွား ဟောတော့ ပုသိမ်နယ်ဘက်မှာဖြစ်တဲ့ ဖြစ်စဉ်တစ်ခုကို ဆရာတော်က ပြောပြ တယ်။ ဓာတ်ပုံပါရိုက်ထားတယ်တဲ့။ ဓာတ်ပုံကို ဘုန်းဘုန်းတောင်းထားတယ်။ မြေမျိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်အကြောင်း နောက်တစ်ပတ်တော့ ဓာတ်ပုံရ မယ်ထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေက ဆင်းရဲတယ်။ သမီးနဲ့သားက ကုန်စုံဆိုင် ချမ်းသာတယ်။ အမေက အကြော်ရောင်းတယ်။ ဒါကို လှည့်မကြည့်ကြဘူး။ တစ်နေ့ အမေက ဆန်ကုန်လို့ သမီးဆီ သွားတောင်းတယ်။ ဒါကို သမီးက မချေမငံပြောတယ်။ အမေက စိတ်မရှည်တော့ ပါးကိုရိုက်လိုက်တယ်။ အစ်ကို့ကို လှမ်းတိုင်တော့ ရိုက်ရပ့ါမလားဆိုပြီး အမေကို အိမ်ပေါ်က ကန်ချတယ်တဲ့။ ဒါနဲ့တင် မကျေနပ်သေးဘူး။ ဓားဆွဲလိုက်တယ်။ အမေက ကြောက်လို့ထွက်ပြေးတယ်။ သူ့တဲလေးထဲ ဝင်ပုန်းနေတယ်။ လိုက်ရှာပြီး ခုတ်မယ်ဆိုတော့ အမေက နောက်ဖေးဘက်က ဆင်းပြီး ကွင်းထဲကိုထွက်ပြေးရတယ်။ သားက လိုက်တုန်းတဲ့ တစ်နေရာလည်းရောက်ရော မြေကြီးက ဟက်ခနဲဆိုပြီး အပူတွေထွက်လာတယ်။ မြေကြီးကကွဲပြီး သူကျွံကျသွားတယ်။ ခါးနားလောက်ရောက်တော့ ရပ်သွားတယ်။ အဲ့ဒီတစ်ဝက်လောက်ကျန်တော့ အနားနားကို ဘယ်သူမှ မကပ်နိုင်ဘူး။ (၇) ရက်ကြာတယ်တဲ့ ခေတ်ပုံရိုက်ပြီး အနီးအနားအကုန်ချိတ်ထားခိုင်းတယ်တဲ့။ ခေတ်ပုံတော့ တောင်းထားတယ်နော်။ တပည့်တော် နယ်လှည့်ဟောတော့ ပြချင်လို့ပါဆိုပြီး တောင်းထားတယ်နော်။ ရမယ်လို့တော့ ပြောတယ်။

ဒီတော့ ငရဲမီးလည်းရှိတယ်လို့မှတ်ပါ။ အညာမှ သံဃာပါဘဲ သံဃာအချင်းချင်းတောင်ဖြစ်တယ်နော်။ သီလပြည့်တဲ့ ဆရာတော်ကြီးကို တစ်ပါးက စိတ်ဆိုးပြီးတော့ ခုံကိုထုထုပြီး ကျိန်းတယ်တဲ့။ လူကိုတော့ မလုပ်ဘူး။ ဒီလိုကျိန်းရုံသက်သက်တောင် လောင်တယ်။ လက်မှာ ညှိမဲပြီး နှင်းခူလို ဖြစ်တာ ဘာဆေးမှလိမ်းလို့မပျောက်ဘူး။ သူ သဘော နည်းနည်းပေါက်လာတော့ ဆရာတော်ကြီးရဲ့ဂူကို သွားကန်တော့တယ်။ ကျောင်းတွေပြန်ဆောက်တယ်။ ဒီတော့မှ ပျောက်သွားတယ်။ ထိတယ်နော်။ အင်မတန် ကြောက်စရာကောင်းတယ်မှတ်။ အပူလှိုင်းတွေဟာ မီးတွေဘဲလို့ မှတ်ထားပေ့ါ။

www.burmeseclassic.com

www.burmeseclassic.com



မိခင်မျောက်အိုမကြီးကို ပြုစုလုပ်ကျွေးနေကြသော မဟာနန္ဒိယ (ဘုရားအလောင်း)
စူဠနန္ဒိယ (ညီတော်အာနန္ဒာအလောင်း) နှင့် မိခင်အိုကြီးတို့ကို
ဒေဝဒတ်အလောင်း မုဆိုးမှ မညှာမတာ ရက်စက်စွာ သတ်ဖြတ်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်လည်းမီးလောင်တတ်တယ်။ ဘုရားအလောင်းမျောက်မင်း စူဠနန္ဒိယ၊ မဟာနန္ဒိယ ဆိုတာရှိတယ်။ မျောက်ရှစ်သောင်းကို အုပ်ချုပ်နေတာ။ အာနန္ဒာအလောင်းနဲ့ ဘုရားအလောင်းနော်။ မျက်စိမမြင်တဲ့ အမေအို မျောက်မကြီးရှိတယ်။ အသီးအနှံ့ကောင်းတွေဆိုရင် အမေအိုကို ပေးလိုက်ပါ ပြောတယ်။ ဒါပေမယ့် မျောက်တွေဟာ လမ်းမှာတင် စားပစ်တယ်။ ဒီအကြောင်းတွေသိတော့ အလောင်းတော်ကြီးက "ညီလေး ငါတော့ ဒီ မျောက်တွေနဲ့ အတူမနေတော့ဘူးတဲ့။ အမေ့ခေါ်သွားပြီး ပြုစုတော့မယ်တဲ့" ကျွန်တော်လည်း လိုက်မယ်ဆိုတော့ (၃)ယောက်ဟာ သီးခြားတစ်နေရာနေပြီး အမေကို ပြုစုကြတယ်။ တစ်နေ့ ဒေဝဒတ်အလောင်းဟာ မုဆိုး၊ သူဟာ မျောက်မကြီးကို တွေ့တော့ မြှားနဲ့ပစ်မယ်ဆိုပြီး ရွယ်တယ်။ ဘုရားအလောင်းဟာ လူစကားပြောတတ်တယ်။ မလုပ်ဖို့တောင်းပန်တယ်။ ဒါပေမယ့် မရဘူး။ ပစ်လိုက်တယ်။ အလောင်းတော်ကြီးက ငါမသေ အမေမသေရဘူးဆိုပြီး ရှေ့ကနေ ဆီးပြီးကာတယ်။ ဟိုကပစ်ချလိုက်တယ်။ သေသွားတယ်နော်။ အာနန္ဒာအလောင်းကလည်း ထွက်လာတယ်။ ငါမသေ အမေမသေရဘူးဆိုပြီး ရှေ့ကခံတယ်။ ဟိုကပစ်ချတယ်။ သေသွားတာပဲ။ (ဒါကြောင့် အာနန္ဒာ မထေရ်မြတ်ကြီးတွေဟာနော် ဖြည့်ခဲ့တဲ့ ပါရမီတွေဟာ ပေါ့ပေါ့မဟုတ်ဘူး။ စွမ်းအားပြည့်တယ်နော်) နောက်ဆုံး အမေပါ ပစ်ချလိုက်တယ်။ ဟိုက အအေးဓာတ်နော်။ ဒေဝဒတ်က အပူဓာတ်နော်။ နိုင်ပြီဆိုပြီး မျောက် (၃)ကောင် ဆမ်းပြီး ပျော်ပြီး ပြန်လာတယ်။ ရွာထိပ်လည်းရောက်ရော သူ့အိမ်မိုးကြိုးပစ်တာပဲ။ သူလည်း အော်ဟစ်ပြီး အိမ်ထဲဝင်ရှာတော့ မိန်းမနဲ့ ကလေး (၂)ယောက် သေနေတယ်။ သူလည်း ထုတ်တန်းမီးလောင်ပြီး ခေါင်းပေါ်ပြုတ်ကျသေတယ်။ ဖြစ်ခဲ့ဖူးကြတယ်တဲ့ နားလည်နော်။

နောက်တစ်ခု ဘုန်းဘုန်းကျောင်းမှာ ဟိုးတုန်းက ဘုန်းကြီးငါးပါးဘဲ ရှိတယ်။ ဘုန်းဘုန်းတို့ ဝတ်ခါစက (၂)ပါးဝတ်တာဆိုတော့ နဂိုရှိတဲ့ ဘုန်းကြီးနဲ့ဆို ငါးပါးပဲရှိတယ်။ မနက်ဆို (၄)နာရီထ၊ ဘုရားရှိခိုး မေတ္တာပို့ပေါ့နော်။

www.burmeseclassic.com

www.burmeseclassic.com



နေလည့်လည်း ဒီအတိုင်းပဲ။ ဒါကိုကျောင်းဘေးနားက အိမ်က ဘယ်အချိန် ထဲက ကြည့်မရလည်းမသိဘူး။ ဝင်းထရံတွေချိုးပြီး ထင်းဆိုက်တယ်။ ဘုန်းကြီးတွေ ဘုရားရှိခိုး၊ မေတ္တာပို့တာကို ဆဲတယ်။ ဒါနဲ့တစ်နှစ်လောက် ကြာသွားတယ်။ တစ်နေ့ကျတော့ သူတို့တစ်အိမ်ဘည်း မီးလောင်တော့တာပဲ။ အမှုတွေဖြစ်ပြီး စီးပွားပျက်သွားတာကို တွေ့ရဖူးတယ် နားလည်ပြီနော်။

ဒီက တန်ပြန်တွေခေါ်တယ်ပေါ့။ ကိုယ်ပြုတဲ့ကံဟာ ပဲ့တင်သံလိုပဲ။ ကိုယ့်ဆီအကုန်ပြန်လာမှာ။ ရှေးစကားရှိတယ်နော်။ "ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ လို ကိုယ့်ထံပြန်လာမယ်တဲ့နော်" အပူလှိုင်းဟာ မီးတောင်လောင်တယ်နော်။ ကြောက်စရာကောင်းတယ်။ ဒီတော့မှတ်ပါ။ ကိုယ်မှားရင် ကိုယ်ပဲ ခံရတတ် တယ်လို့နော်။ ဒီနေရာမှာ အပိုင်းခွဲထားပါ။ သေသေချာချာမှတ် မေးစရာတော့ရှိ တယ်ပေါ့။ "တကယ်ဆိုးလို့ ဆိုးတယ်ပြောတာကို အပြစ်လား" လို့ မေးစရာ ရှိတယ်ပေါ့။ တစ်ချို့ကလေးတွေဆို ဆင်ခြေကန်တယ်နော်။ ကလေးတစ် ယောက်ဆို အတင်းပြောနေတယ်။ အတင်းပြောတယ်ဆိုတာဟာ ပြစ်မှားတာ ပဲပေါ့။ "မှန်တာပြောတာပဲ အတင်းလားတဲ့" ရှင်းပြရတယ်။ မဟုတ်သေးဘူး သမီး။ အပိုင်းခွဲထားရတယ်။ သူဆိုးတာဟာ သူ့သွေးနဲ့ သူ့စိတ်၊ သူ့ကိုယ် သူခံလိမ့်မယ်။ သူ့အကြောင်းကို ကိုယ်က ဆွဲယူလိုက်တော့ ဒီက (ဘဝင်မှာ) ပုံဖော်ရတာ။ "နလုံးသွင်းတယ်ခေါ်တယ်။ စိတ်အစာစားတယ်လို့လည်း ခေါ်တယ်" ပြီးတော့ ဝမ်းထဲလည်း မကောင်းဘူးပေါ့။ မကောင်းတဲ့အစာကို စားမိသလိုပဲ သူလည်း ဒီလိုပဲ အာရုံသွင်းတယ်ဆိုရင် အပူတော်နဲ့ ဒီမှာ (သတ္တိ ညံ့ပြီး) ရှုံးသွားရောပေါ့။ အပိုင်းခွဲထားကြပါ။ ဒီလို အပိုင်းခွဲတာသည် ရဟန္တာ အထိ အရေးကြီးတယ်လို့မှတ်ပါ။ ဒီအကြောင်းကို နားလည်ထားတဲ့ ရဟန္တာ ကြီးတွေဆိုရင် သတ်ဖို့လာပစေအုံး သေမယ့်ကံပါရင် သေမှာပဲ စိတ်မဆိုးဘူး။ သတ်နေပစေ ကိုယ့်အလုပ် ကိုယ်လုပ်တယ်။ သူ့ အလုပ်သူလုပ်တယ်။ ကိုယ့် အလုပ်ကိုယ် လွတ်အောင်လုပ်သွားတာလို့ မှတ်ပါ။ သူမှား သူခံပဲ။ သဘော ပေါက်လား… ဒီလိုအပိုင်းခွဲထားရမှာနော်။ ကိုယ်ပြုတဲ့ကံရှိလို့သာ သူက

www.burmeseclassic.com



ကိုယ့်ကိုတိုက်ခိုက်တာ ကံမရှိရင် လာပါ့မလား။ ဒါကို သိထားရမယ်နော်။ ပြန်မတိုက်ရဘူး။ "အကြွေးကြေအောင်သာ ဆပ်လိုက်တော့။ နောက်ထပ် အကြွေးသစ်ကို ထပ်မတင်စေနဲ့တော့" သဘောပေါက်တယ်နော်။

ဒီတော့ ဒဏ်ဆယ်ပါးသည် တစ်ပါး ပါးဖြစ်စေ၊ ဆယ်ပါးလုံးဖြစ်စေ၊ အချိုးကျဖြစ်စေ ကိုယ်ပြုတဲ့အတိုင်း သင့်တတ်ပါတယ်လို့ မှတ်ကြပါ။ လူ့ဘဝ နေရတဲ့အချိန်လေးဟာ ဘယ်လောက်မှ မကြာပါဘူး။ အကုသိုလ်တွေနဲ့ လုံး ထွေးနေမယ်ဆိုရင် စီးပွားလည်း တက်မှာ မဟုတ်ဘူး။ အသက်သာကြီးသွား ရော ပလုံးပထွေးနဲ့သေရရင် မကောင်းဘူးနော်။ ဒီစာတ်တွေရှိနေတယ်ဆိုရင် မဂ်တား၊ ဖိုလ်တားလည်းဖြစ်တတ်တယ်။ ဒီလောက်ကြမ်းတမ်းပြီး သွေးသတ္တိ တွေ ညှံ့နေမှတော့ စွမ်းအားလည်း ညံ့ပြီပေါ့။ ဒီတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် လည်းဝေးပြီပေါ့။ သဘောပေါက်ကြလား။ အကင်းပါးပါး နေကြနော်။

## နံပါတ် (၃) ပုဂ္ဂိုလ် (၁၄) ဦးနဲ့ တန်ပြန်အဆ

ဘုန်းဘုန်းဟောက ဇာစ်လောကလုံးမှာရှိတဲ့ ပုဂ္ဂိုလ်တွေကို ဘုရားက ခွဲလိုက်တော့ (၁၄)ဦးတွေ့တယ်။ အပေါ်ဆုံးက (၂)ဦး၊ နောက် (၈)ဦး၊ နောက် (၄) ဦး၊ ဒီ (၄) ဦးမှာ တိရစ္ဆာန်က စတယ်နော်။

ဒီလိုရေးလိုက်မယ်။

ဗုဒ္ဓ (အထူးဆိုဖွယ်မရှိ) သက်ရှိဘုရား မိဘ

၂ ပစ္စေကဗုဒ္ဓ

| | | | |
|---|---|---|---|
| | အရဟတ္တ | မဂ်ဖိုလ် | |
| ၈ | အနာဂါမိ | ။ | |
| | သကဒါဂါမိ | ။ | (ဆိုဖွယ်မရှိ) |
| | သောတာပတ္တိ | ။ | အသေချောယျ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၄ | သီလ + သမာဓိ | ကုဋေတစ်သိန်း |
| | သီလရှိ လူ | သိန်း |
| | သီလမဲ့ လူ | ထောင် |
| | တိရိစ္ဆာန် | အဆ/ဘဝ ရာဂဏန်း |

ကိုယ့်စိတ်က အာရုံကို လက်ခံပြီး ဆုံးဖြတ်တဲ့အခါမှာ ထိုထို ပုဂ္ဂိုလ်နဲ့ ယှဉ်ပြီးဆုံးဖြတ်တော့ မေတ္တာအအေးဓာတ်နဲ့ တစ်ဖက်သားနှလုံး အေးအောင် ပြည့်စုံအောင်၊ ချမ်းသာအောင်လို့ ညွှတ်ပြီးပေးကမ်းမယ် (သို့မဟုတ်)မေတ္တာ ပို့မယ်၊ ဂုဏ်တွေပွားများမယ်ဆိုရင်တော့ အအေးဓာတ်အရှိန်ကြောင့် အဲဒီက (သတ္တိလှိုင်း) တန်ပြန်လာမှာပဲ။ နားလည်ပြီလား။ ဒေါသအရှိန်နဲ့ဆိုရင်လည်း အဲဒီက (သတ္တိလှိုင်း) တန်ပြန်လာမှာပဲ တန်ပြန်အဆသည် အချိုးအစားအလိုက် ကွာသွားတယ်လို့ မှတ်ပါ။

**တိရစ္ဆာန်** — မှာကျတော့ တန်ပြန်အဆသည် ရာဂဏန်းရှိတယ်တဲ့ အဆ အရာ ဘဝအရာလို့ မှတ်ပါ။

**သီလမဲ့** — သီလမဲ့တဲ့ လူဆိုရင်တော့ တန်ပြန်အဆဟာ ထောင်ဂဏန်း ရှိတယ်တဲ့။ အဆအထောင် ဘဝအထောင်နော်။

**သီလရှိ** — သီလရှိတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ အဆတန်ပြန်အားဟာ သိန်း ဂဏန်းရှိတယ်တဲ့ အဆအသိန်း၊ ဘဝအသိန်း ပိုများတယ်။ သီလရှိတော့ အေးချမ်းတာကိုး။

**သီလ၊ သမာဓိ** — သီလအပေါင်း၊ သမာဓိစျာန်ပါရှိတဲ့ ပုဂ္ဂိုလ်ဆိုရင် ပိုအေးချမ်းတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးကို ပြစ်မှားမိရင်တော့ ကုဋေတစ်သိန်းတဲ့ အဆရော၊ ဘဝရော၊ တန်ပြန်လိုက် တတ်ပါတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



**အရိယာ (၈) ယောက်** ။ ဒီ အရိယာ (၈)ယောက်မှာ အရဟတ္တာ၊ အရဟတ္တ မဂ်ဖိုလ်၊ အနာဂါမိ မဂ်ဖိုလ် တည်လို့ရှိရင် အရဟတ္တ မဂ်ပုဂ္ဂိုလ်လို့ ခေါ်တယ်။ အရဟတ္တမဂ်မှာ တည်ပြီ ဆိုရင် အရဟတ္တဖိုလ်လို့ခေါ်တယ်။ ဒီလိုနော်။ ပြီးရင် အနာဂါမိ မဂ်ဖိုလ်နော်။ ပြီးရင် သကဒါဂါမိ မဂ်၊ ဖိုလ်၊ နောက် သောတာပတ္တိမဂ်ဖိုလ်။ ဒီ (၈) ယောက်ကို ရေတတ်ပြီနော်။

သောတာပန်မှာ မဂ်၊ ဖိုလ် (၂)ဦး၊ သဒါဂါမ်မှာ မဂ်၊ ဖိုလ် (၂)ဦး၊ အနာဂါမ်မှာ မဂ်၊ ဖိုလ် (၂) ဦး၊ နောက် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် (၂) ဦး၊ ပေါင်းတော့ စုစုပေါင်း (၈)ဦး မဟုတ်လား။

အောက်ထစ်ဆုံး သောတာပတ္တိတည်တဲ့ ပုဂ္ဂိုလ်တောင်မှ တန်ပြန် အဆဟာ အသေချေယျလို့ ပြတယ်။ အဆအများကြီး အဆများစွာလို့ ဘုရားက ဟောပြတယ်။ နားလည်ပြီနော်။ ဒီတော့ အထက် မဂ်ဆိုရင်တော့ ပြောဖွယ် ရာ မရှိတော့ဘူးလို့ မှတ်ပါ။ ပိုများသွားပြီ။

**ဘုရား၊ ပစ္စေကဗုဒ္ဓ** ။ အပေါ်ဆုံးမှာက ဘုရားနဲ့ ပစ္စေကဗုဒ္ဓပဲ။ ဒါလည်း သိပြီးသားနော်၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်ကျတော့ ကိုယ်တိုင်လည်း ပညာအလင်းပွင့်သလို၊ တစ်ဖက်သား ကိုလည်း ပညာအလင်းပွင့်အောင် ဟောနိုင်တယ်။ ပစ္စေက ဆိုတာ သီးခြား တစ်ပါးတည်းပွင့်တာ။ တစ်ဖက်သားကို သဘောပေါက် နားလည်အောင် မဟောတတ်ဘူး။

ဒီ (၂) ဦးစလုံးဟာ အမြင့်ဆုံးပဲတဲ့။ ပြစ်မှားမိရင် တန်ပြန်အဆ များစွာဟာ ဆိုဖွယ်ရာ မရှိတော့ဘူးတဲ့။ ဒီအထဲမှာ ထူးခြားတာဟာ သက်ရှိ ဘုရားဆိုတာ ရှိတယ်။ ဒါဟာ ဆရာများ ဆုံးမတာနော်။ မိဘဟာ သက်ရှိ ဘုရားတဲ့ ကိုယ့်အတွက် မိဘဟာ သက်ရှိဘုရားပဲ။ အဆသိပ်များတယ်မှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဝေဿန္တရာမင်းကြီးဘဝတွင် သမီးနဲ့ သားကို ဇူဇကာပုဏ္ဏားအား လှူဒါန်းနေပုံ

www.burmeseclassic.com

www.burmeseclassic.com



**မြတ်စွာဘုရားရဲ့မေတ္တာတော်ကြီးမားပုံ**

စိတ်ဝင်စားစရာကောင်းတာက ဗုဒ္ဓလို့ အမည်ရှိတဲ့ ဘုရားရှင်ရဲ့ သဘောပဲ။ ဘယ်လိုလဲဆိုရင် သတ္တဝါအားလုံးအပေါ်မှာ မိခင်ရင်းပဲ မေတ္တာအပြည့်ပဲ။ ဝေဿန္တရာမင်း ဇာတ်တော်မှာပါတဲ့ သမီးနဲ့သားလှူတဲ့အခန်းကို ဘုန်းဘုန်းတို့ ငယ်ငယ်ကဖတ်ပြီး ဘုရားကို တအားကြည်ညိုခဲ့ရတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သုမေဓာရသေ့ဘဝတည်းက နိဗ္ဗာန်ကို ဝင်လိုက ဝင်နိုင်ပါတယ်တဲ့။ သို့သော်လည်း သတ္တဝါအားလုံးအပေါ်မှာ ချစ်တဲ့စိတ်နဲ့ မေတ္တာဓာတ် အင်မတန်ကြီးမားတာကြောင့် ဘုရားဆုပန်ခဲ့တယ်နော်။ ဒီလို ဆုပန်တဲ့အခါ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အချိန်ကာလတွေဖြတ်သန်းပြီး ပါရမီတွေဖြည့်ခဲ့တယ်။ အင်အားတွေ ဖြည့်ခဲ့ရတယ်နော်။ ဆယ်ပါးသော ပါရမီတွေဖြည့်ခဲ့ရတယ်။ ဥစ္စာ၊ ပြည်၊ ရှာ သားသမီး သားမယား၊ အင်္ဂါကြီးငယ် နောက်ဆုံးအလိုရှိမယ်ဆိုရင် အသက်ပါစွန့်ရတယ်။ ဒီထဲမှာ သားသမီး စွန့်ရတာ အခက်ဆုံးပဲ။

အလောင်းတော်ဟာ ဝေဿန္တရာမင်းကြီးဘဝမှာ ဇူဇကာပုဏ္ဏားဟာ သမီးနဲ့သား သေးသေးလေးတွေကို ကျွန်လုပ်ဖို့အတွက် လာတောင်းတယ်။ လာပြီး အလှူခံတယ်တဲ့။ ဒါကို အလောင်းတော်ကြီးဟာ ပျော်တယ်။ ပီတိဖြစ်တယ်တဲ့။ ပါရမီပြည့်တော့မယ်။ သတ္တဝါတွေအားလုံးကို ကယ်ဖို့ အခွင့်ရတော့မယ်ဆိုပြီး တအားပျော်တယ်။ ဝမ်းသာနေတယ်တဲ့ ဒါနဲ့ သမီးနဲ့သားကို ချော့ခေါ်ပြီး ရိုရိုသေသေပဲ လှူလိုက်တယ်။ ပြီးမှ ပီတိဖြစ်ပြီး ကျောင်းသင်္ခမ်း ရှေ့ ကျောက်ဖျာပေါ်မှာ တင်ပလ္လင်ခွေထိုင်ပြီး ပီတိနဲ့နေခဲ့တယ်တဲ့။ အဲ့ဒါကို ပီတိစားတယ်လို့ ခေါ်တာပေါ့နော်။

ဇူဇကာပုဏ္ဏားဟာ မလှမ်းမကမ်းလည်းရောက်ရော ကလေးတွေကို နွယ်ကြိုးနဲ့ ချည်ပြီး ရိုက်နှက်ခေါ်သွားတယ်။ ကလေးတွေဟာ ကြောက်တော့

www.burmeseclassic.com

www.burmeseclassic.com



ရုန်းကန်ကြတယ်။ ပုဏ္ဏားက အသက်ကြီးတော့ လဲသွားတယ်ပေါ့။ အဲဒီအချိန်မှာ ကလေးတွေဟာ နွယ်ကြိုးတွေဖြုတ်ပြီး ပြန်ပြေးလာကြတယ်တဲ့။ အလောင်းတော်ကြီးရဲ့ တစ်ဖက်တစ်ချက်စီမှာ ဒူးထောက်ထိုင် မျက်နှာကိုမော့ကြည့်ပြီး ဖခင်ရဲ့ပေါင်ကို လှုပ်ကာလှုပ်ကာနဲ့ ပုဏ္ဏားကြီးဟာ ဘီလူးနဲ့တူပါတယ်ဆိုတဲ့အကြောင်း၊ ပုဏ္ဏားကြီးနဲ့ မထည့်လိုက်ဖို့အကြောင်းကို တီတီတာတာနဲ့ ပြောကြတယ်။ ဒါကို အလောင်းတော်ကြီးဟာ မျက်စိမှိတ်ပြီး ဘာမှပြန်မပြောဘဲနေခဲ့တယ်။ ဒီအချိန်မှာပဲ ပုဏ္ဏားကာ ပြန်လာပြီး ကလေးတွေကို ဆွဲခေါ်သွားတယ်တဲ့။ ဘုရားရှင်ဟာ ဒီအကြောင်းကိုပြန်ပြီး အမိန့်ရှိခဲ့တယ်။ **"ချစ်သားတို့ ထိုအချိန်က ငါဘုရားအလောင်းတော်ရဲ့ နှလုံးအိမ်ဟာ မီးအလျှံ အလျှံတောက်နေတဲ့ ဖားဖိုအဝနားမှာ ထည့်ထားတဲ့ သံတွေခဲ့လိုပဲ အင်မတန် ပူပါတယ်တဲ့"** အအေးဓာတ်ပျောက်သွားတယ်နော်။ အဲဒီပူတဲ့အရှိန်ကြောင့် ကျခဲ့တဲ့ မျက်ရည်တွေဟာလည်း အဖြူရောင်မဟုတ်ဘဲ ကြေးနီရောင် ကျပါတယ်တဲ့။

ဒီလောက်ဘောင် ခံစားရတယ်တဲ့နော်။ အဲဒီ ခံစားချက်ကို အလောင်းတော်ကြီး ဘယ်လိုဖြေသိမ့်လဲဆိုတော့ အရပ်စကားနဲ့ နားလည်လွယ်အောင်ပြောရရင် ဘုရားဆိုတာသည် သား...သမီး တစ်စုအတွက် မဟုတ်ဘူး။ ကိုယ်တွေ ပြန်ကြည့်တော့ သားသမီးတစ်စုအတွက် မိဘဖြစ်နေတယ် မဟုတ်လား။ ဘုရားကတော့ ဒီလိုမဟုတ်ဘူး။ တစ်ခါ ရပ်ရွာတစ်ခု၊ မြို့ရွာတစ်ခု၊ တိုင်းပြည်တစ်ခု အတွက်လည်း မဟုတ်ဘူး။ ကမ္ဘာတစ်ခု အတွက်လည်း မဟုတ်ဘူး။ စကြဝဠာရှိတဲ့ သတ္တဝါအားလုံးအတွက် ဘုရား၊ အားလုံးကို မေတ္တာပေးဖို့အတွက် မေတ္တာဖြန့်လိုက်တယ်။ ဒီလို ဖြန့်လိုက်တော့ ဇာလီနဲ့ ဂဏှာဆိုတဲ့ သားနဲ့သမီးအရေးဟာ အသေးအဖွဲလေးဖြစ်သွားတယ်။ ဒါကို ကျော်နိုင်သွားတယ်နော်။ သဘောအစိပ္ပာယ်က အမြင်ပြောင်းသွားတယ်ပေါ့နော်။

www.burmeseclassic.com

www.burmeseclassic.com



အင်မတန် သေးငယ်တဲ့ဆံပင်ချည်ကို လက်ဝါးထဲ ထည့်ကြည့်ရင် မမြင်လောက်အောင် သေးငယ်မယ်။ သူငယ်အိမ်မှာ ကပ်နေရင်ကော့ ကမ္ဘာကို ဖုံးနိုင်တယ်။ သဘောပေါက်တယ်နော်။ အခု အားလုံးဟာ အိမ်မှာရှိတဲ့ သားရေး၊ သမီးရေးက ကမ္ဘာကိုဖုံးနေတာပဲ။ အဲ…ဘုရားရှင်မြင်တဲ့ အမြင်မျိုး ချဲ့လိုက်ရင်တော့ အိမ်မှာရှိတဲ့ သားသမီးဟာ အသေးအဖွဲလေးပဲနော်။ ကျော်နိုင်တာပေါ့။ ဘုရားဟာ အားလုံးအတွက် မေတ္တာဖြန့်လိုက်တော့ သားရေး သမီးရေးဟာ အသေးအဖွဲ ဖြစ်သွားပြီ။ အအေးဓာတ်က အပူဓာတ်ကို လွှမ်းနိုင်တယ်။ နားလည်ပြီနော်။ အင်မတန် မေတ္တာကြီးမားတဲ့ မြတ်စွာဘုရားလို့ မှတ်ကြပါ။

**သက်ရှိဘုရား** ကိုယ့်အတွက်ကျတော့ မိဘနှစ်ပါးဟာ ဘုရားဘဲ။ သဘောပေါက်ကြလား။ မိဘနှစ်ပါးဟာ သက်ရှိဘုရား၊ အမြဲတမ်းကိုယ့်ကို စိတ်ဝင်စားပြီးတော့ တန်ဘိုးထားတာနော်။ တိုးတက်မှု အမြဲတမ်း စိတ်ကညွှတ်နေတာ စဉ်းစားလေ၊ အစားအသောက်နည်းတယ်ဆိုရင်ပဲ မိဘက စိတ်မကောင်းဘူး။ ဘာလေးချက်ကျွေးရင်ကောင်းမှာပဲဆိုပြီး ကောင်းကောင်းစားနိုင်ဖို့အရေး အားစိုက်တာနော်။ ဒီလောက် အပြတ်မလပ် စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်အတွက်ဟာ တခြားပုဂ္ဂိုလ်မရှိနိုင်ဘူး။ မိဘပဲရှိတယ်။ သဘောပေါက်လား။ သားမယားတောင် စိတ်တိုင်းကျတုန်း ခဏပဲ မတည့်ရင်ပြစ်ထားတာနော်။ ဒီတော့ ကိုယ့်အတွက် မိဘဟာ သက်ရှိဘုရားပဲလို့မှတ်ပါ။ သူတို့ရဲ့ အသွေးအသားထဲမှာရှိတဲ့ ဓာတ်ဟာလည်း ကသိုင်းအောင်ထားတယ်လို့ခေါ်တယ်။ သားသမီးလေးတွေ ဗိုက်ထဲမှာနေကတည်းက ပုံဖော်ပြီး ချစ်နေတာ။ နှလုံးသွေးပေါ်မှာတင်ထားတာ တီဗွီ (TV) အခွေ ရိုက်ထားသလိုပဲပေါ့နော်။ သတ္တဝါတွေကိန်းတာ (၉)လ လွယ်၊ (၁၀)လဖွားတော့လည်း သားသမီးလေးတွေရဲ့ မျက်နှာကိုကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ချစ်တာ၊ ကလေးနို့ဆွဲတော့လည်း မိဘက ရင်ထဲ အရိုးထဲအထိ စိမ့်သွားတာနော်။ သားသမီးတွေကြည့်ပြီး ပီတိဖြစ်ကြတာ။ မပြတ်မလပ် မျက်နှာလေးစိုက်ကြည့်ပြီးတော့ ပျော်နေကြတာ။ ကြာတော့ ကသိုင်းအောင်သလိုပဲတဲ့၊ မျက်စိမှိတ်ထားလည်း သားသမီးရဲ့မျက်နှာပေါ်နေတာပဲ အမှုအရာမျိုးစုံကို ဖော်လို့ရတယ်နော်။ ကြီးအောင်ချဲ့လို့ရတယ်။ သေးအောင်လည်း ချုံ့လို့ရတယ်။ စိတ်ကလိုသလို ပုံဖော်လို့ရသွားတယ်။ ဒါက ကသိုဏ်းအောင်တာပဲ။ ဘာလို့လဲဆိုတော့ ဘုန်းဘုန်းတို့ ဗုဒ္ဓကသိုင်းကို ကြည့်တဲ့အခါ၊ ဘုရားရှင် ရူပ-ကာယကို ပုံဖော်လို့ ရ,ရတယ်။ အသက်ဝင်လာပါယ်။ အကြီးကြီးလည်း ချဲ့လို့ရ,ရမယ်။ ဒါဆိုရင် ကသိုင်းအောင်တယ်လို့ခေါ်တယ်။

ဘုန်းဘုန်းစဉ်းစားပြီး ပြုံးမိတယ်။ "မိဘတွေဟာ ဘုရားကသိုင်းသာ မအောင်တာ။ သားသမီးကသိုင်းတော့ အောင်ကြတယ်လို့"နော့။ ဒါတော့သေချာတယ်။ အကုန်လုံးဖော်လို့ရတာကိုး။ ဒီလောက် ချစ်ကြတာ။ နားလည်ပြီလား။ ကြာတော့ သူတို့ အသွေးအသွားမှာ ဖြစ်တဲ့ဓာတ်ကများတော့ အသွေးကနေပိုရင် အသားဖြစ်တယ်။ သွေးက အသားအစားထိုးတာနော်။ ပိုရင် ချဉ်ဆီဖြစ်သွားတယ်။ ဒီတော့ အသွေးအသားချဉ်ဆီထဲကအထိ ချစ်ဂဲ့ဓာတ်က အပြည့်လို့မှတ်။ သို့သော် ပုထုဇဉ်တို့ သဘာဝက တစ်ခါတစ်လေ ကွာဟချက်ရှိရင် ဒေါသနဲ့အော်မိ ငေါက်မိတာတော့ ရှိတာပေါ့။ သို့သော် အော်၊ ငေါက်ရင်းနဲ့ပဲ နောက်က သွေးသားဟာ အစားထိုးပြီး ပြန်ချစ်သွားတာပဲ။ ပြောရင်းနဲ့ စိတ်ဆိုးတာတွေဟာ ပြေပြီး ချစ်တာဟာ မလျော့ဘူး။ နားလည်ပြီနော်။

ဒါ့ကြောင့်မို့ မိဘရဲ့မေတ္တာအရှိန်ဟာ ပြင်းလွန်းအားကြီးလို့ သက်ရှိဘုရားလို့မှတ်ပါ။ နားလည်ပြီလား။ ဒီတော့ သက်ရှိဘုရားဖြစ်တဲ့ မိဘတွေအပေါ် ပြစ်မှားရင်လည်း ဘုရားပြစ်မှားသလိုပဲ၊ တန်ပြန်အဆပဲဟာ များတယ်။ မိဘပြစ်မှားတဲ့ ပုဂ္ဂိုလ်ဟွေ ခံရမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပြစ်များခြင်း ၈ ပြစ်မှားခြင်းကို ဝဋ္ဋနဲ့သွားရအောင်နော်။ လူစင်စစ်ကနေ ငှဲသားဖြစ်သွားတာရှိခဲ့ဘူးတယ်။ ဒီခေတ်မှာလည်း ရှိပါတယ်။ ဒီခေတ်ကိုပြောမယ်။ အကြမ်းဖျဉ်းမှတ်ပါအုံး။

အညာဘက် မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ သရက်တောရွာမှာ ဦးကုလား ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူက ငါးတွေ သတ်တာ သိပ်ဝါသနာပါတယ်။ ဘုန်းဘုန်းတို့ ငယ်ငယ်က မှတ်တမ်းရှိခဲ့တာနော်။ ဘိုးအေ၊ ဘွားအေတွေ လက်ထက်တည်းက တံငါလုပ်တယ်။ သူကစိတ်ဝင်စားပြီး သတ်ပါများတော့ စိတ်ကျက်စားရာ အားများခဲ့တယ်နော်။ သတ္တဝါတစ်ကောင်ကို သတ်တယ် ဆိုတာ လွယ်တာမှ မဟုတ်တာနော်။ အင်မတန်ချစ်တဲ့စိတ်၊ မေတ္တာစိတ်ရှိ ရင် သတ်ရဲပါ့မလား။ (မရဲပါဘူးဘုရား ...) ဒါဟာ ဒေါသဘဲ။ ဒေါသကြောင့် အပူဓာတ်ထွက်တယ်။ အပူရှိန်ပြင်းတယ်ပေါ့။ မေတ္တာကင်းမဲ့ရင် မာန၊ လောဘ၊ ဒေါသ၊ ဒါတွေပဲ လာမှာပဲ။

အကြိမ်များစွာ စိတ်ဝင်စားပြီး သတ်ပါများတော့ သူကိုယ်တိုင်က ဓာတ်ပြောင်းသွားတာနော်။ ဓာတ်ရိပ်၊ ဓာတ်ခိုးတွေ ပြောင်းသွားတာ။ တန်ပြန် လည်းလာတယ်။ အဆလည်းပါတယ်။ ဒီလိုပြောင်းသွားပြီး ရေထဲက ငါးတွေ ကို မြင်နေရတယ်။ ရေထဲဆင်းသွားရင် မမွမ်းတော့ဘူး။ တစ်နာရီ၊ နှစ်နာရီ ရေထဲမှာငုပ်ပြီးနေနိုင်တယ်။ အိမ်ထောင်ကျတော့ မိန်းမဖြစ်သူက ဦးကုလား ဘာဟင်းလေးစားချင်လိုက်တာလို့ ပြောရင် မတ်တပ်ဆင်းသွားတယ်။ တာအောင့်ကြာတော့ ငါးတွေဖမ်းပြီး ပြန်တက်လာတယ်။ နောက်ပိုင်းကျတော့ စကားမပြောတော့ဘူးတဲ့။ တနေ့ ရေထဲဆင်းသွားတာ ပြန်မလာတော့ဘူး။ အရှင်လတ်လတ် ငရဲဘုံသားဖြစ်သွားတာလို့မှတ်။ ပြိတ္တာဆိုတာ ငရဲပဲ အပါယ်လေးဘုံသားပဲ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဒီလိုနော်။ သူက ပြိတ္တာဖြစ်သွားတာ ဒါဟာဖြစ်ရပ်မှန်နော်။

www.burmeseclassic.com

www.burmeseclassic.com



အခုပြောမယ့် ဇာတ်လမ်းကတော့ မိတ္တဝိန္ဒကလို့ခေါ်တယ်။ ဘုရားလက်ထက်တော်အခါက ရဟန်းတစ်ပါးဟာ ပြောရဆိုရခက်တော့ ဘုရားကို အပ်ကြတယ်။ ဘုရားရှင်က ကြည့်လိုက်တာနဲ့သိတယ်တဲ့။

ချစ်သား .... သင်မဓိုက်နဲ့တဲ့၊ ပြောဆိုရ ခက်ခဲခဲ့တာကြောင့် ဆိုနိုင် ခက်ခဲရှိခဲ့တာကြောင့် သင်ဟာ အရှင်လတ်လတ် ငရဲကျခဲ့ဘူးတယ်တဲ့။ ဒီလိုပြောပြီး ဘုရားဟာ ဆိတ်ဆိတ်နေတယ်။ မသေဘဲ ငရဲကျတာနော်။ ဒါကိုသိချင်တော့ ရဟန်းတွေက တရားတောင်းကြတယ်။

ဘုရားရှင်က အတိတ်ကိုဆောင်တော်မူခဲ့ပါတယ်။ စကားပြေနဲ့ပဲ ပြောရအောင် ... ပြီးခဲ့တဲ့ ဘုရားရှင်သာသနာနောက်ပိုင်းမှာ ဖြစ်ခဲ့တဲ့အဖြစ်လို့မှတ်ပါ။ သူကြွယ်လင်မယား နှစ်ယောက်မှာ သားတစ်ယောက်ဖွားမြင်ရထားပါတယ်တဲ့။ သားနာမည်က "မိတ္တဝိန္ဒက" လို့ခေါ်တယ်။ မိဘနှစ်ပါးက သောတာပန်တွေလို့ပဲ မှတ်လိုက်ပါအုံး။

သားဖြစ်တဲ့ မိတ္တဝိန္ဒကမှာ ငြင်ဆိုးရှိတယ်။ နူတ်လှန်ထိုးတတ်တဲ့ ငြင်လို့မှတ်ပါ။ နူတ်လှန်ထိုးဆိုတာ ...

ဥပမာ – သားရေ ထတော့ စာကျက်တော့ .. မထချင်ဘူးဗျာ၊ ဟင့်အင်း ... ဆိုတာမျိုးပေါ့၊ ဒါ သွားပေးစမ်း ... ထမင်းစားနေတုန်းကို။ သမီးချည်း ခိုင်းနေတာပဲ၊ သားချည်းခိုင်းနေတာပဲ ... စသည်ဖြင့် ဆန့်ကျင်တာမျိုးကို ... နူတ်လှန်ထိုးလို့မှတ်။

မိဘကဖြစ်ချင်တာလေးကို ပုံစံချထားတယ်။ ဒါကို တော်လှန်တယ်ဆိုရင် နူတ်လှန်ထိုးတယ်ခေါ်တယ်။ ဒါဟာ ပြစ်မှားခြင်းကို သရုပ်ဖော်တဲ့စကားပါပဲ။ မိဘရင်ထဲ ပူသွားအောင် ပြောဆိုလုပ်ကိုင်လိုက်တာကိုလည်း နူတ်လှန်ထိုးလို့ခေါ်တယ်။ မိမိဘက်က ပုံစံချထားတာကို မိဘကပြင်ရင်

www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး။ လက်မခံဘူး။ ဒေါသနဲ့ပြန်တိုက်ခိုက်တယ်။ အမှုအရာနဲ့ပြန်တိုက်ခိုက်တယ်။ ဒါဟာ ပြစ်မှားတာပဲ။ စိတ်ကောက်တယ်ဆိုတာလည်း ပြစ်မှားတာဘဲ။ သဘောပေါက်ရဲ့လား။ ဘုန်းဘုန်းတို့တတွေ ငယ်ငယ်က စိတ်ကောက်ဘူးတယ် မဟုတ်လား။ ဒါဟာ ပြစ်မှားခဲ့တာပဲ။ မိဘက ကိုယ်စိတ်ကောက်တယ်ဆိုရင် ချော့ရတယ်။ စိတ်ကောက်နေတယ်ဆိုတာ သိတာကိုး။ လိုချင်တာမရတော့ ဒီမှာ (ဘဝင်မှာ) ပူပြီး တိုက်ခိုက်တာပဲ။ ဒေါသပါတယ်နော်။ ကိုယ်က ဆော့ချင်တယ်။ အမေက မသွားနဲ့ဆိုတော့ မျက်ထောက်နီကြီးနဲ့ ကြည့်ပြီး ထွက်သွားတယ်။ တစ်ချို့ဆို ဘာမှပြန်မပြောဘဲ ဖွတ်ထွက်သွားတယ်။ နားမထောင်ဘူး။ ရင်ထဲတင်းတာနော်။ အိမ်က အသိုးကြီး၊ အသွားကြီးနဲ့ တင်းလာတယ်ဆိုတာ ရှိသေးတယ်။ ဒီလိုပြောခဲ့ဖူးကြတယ်မဟုတ်လား။ ဒါဟာ ပြစ်မှားလိုက်တာပဲနော်။ ဒါကိုပဲ ဂုဏ်ယူပြီး ပြောနေလိုက်ကြသေးတယ်။ အရှမ်းအန္တရာယ်များတယ်နော်။ မိဘပြောချင်တာ ပြောပစေ၊ မိဘကို အမှန်ထားရတယ်။ တကယ်ချစ်ရတယ်နော်။ တကယ်ချစ်တဲ့ ပုဂ္ဂိုလ်များဟာ ဘယ်တော့မှ မဆင်းရဲဘူး။

သုဝဏ္ဏသာကက ကလေးတစ်ယောက်ဆိုရင် ချမ်းသာတယ်။ အမေနေမကောင်းတဲ့အကြောင်းပြောတဲ့ စကားကို ဘုန်းဘုန်း တအားသဘောကျတယ်။ ဘုန်းဘုန်းရယ် အခုနေ သမီးသေပေးလို့ အမေနေကောင်းမယ်ဆိုရင် သမီးသေပေးလိုက်တယ်တဲ့။ ဒီလောက်ချစ်တာနော်။ ဒီပုဂ္ဂိုလ်မျိုး ချမ်းသာတယ်။

နောက် မလေးရှားရောက်နေတဲ့ ဒကာတစ်ယောက်၊ သူလည်း အမေအဖေကို တအားချစ်တာပဲ။ အဖေသေသွားတော့ အမေပဲရှိတော့တယ်။ ချွေးမနဲ့နေတာကိုး။ သူက မိဘနဲ့ပတ်သက်ရင် အမှား၊ အမှန် ဘာမှခေါင်းထဲ မထည့်ဘူး။ တစ်ခါတလေ အမေက မှားတဲ့အခါလည်းမှားတာပေါ့နော်။ ချွေးမ

www.burmeseclassic.com



က ယောက်ျားကို လှမ်းတိုင်တဲ့အခါ အမေမှန်လည်း အမေမှန်တယ်။ အမေမှားလည်း အမေမှန်တယ်လို့ထားလိုက်။ ဘာမှ စကားမပြောနဲ့တဲ့။ ငါ့ အသက်ဟာ အမေ့အသက်ပဲ။ ငါတောင် အမေ့အတွက် သေရဲသေးတာ။ နင်တို့ သည်းခံကြတဲ့။ ဒီလိုနော်။ တအားချမ်းသာတယ်နော်။ ကုမ္ပဏီပိုင်ရှင်က သူပြီးမှပြီးတယ်။ ဒီလိုစိတ်နဲ့ ပတ်သက်တယ်။ အရေးအကြီးဆုံးပဲ။ စေတနာကောင်းမှ ကံကောင်းမှာကိုး။ အဲ့ဒီကလေးဟာ' တရားနဲ့ပတ်သက်ရင်တော့ ဘုန်းဘုန်းရဲ့ တပည့်ပေါ့။ ဒါပေမယ့် သူ့ရဲ့စကားကျတော့ ဘုန်းဘုန်းရဲ့ ဆရာ။ ဒီစကားလေးဟာ တန်ဖိုးရှိလွန်းလို့နော်။ အမေမှားလည်း အမေမှန်တယ်။ အဖေမှားလည်း အဖေမှန်တယ်။ မှားလည်းပဲ မှန်တယ်လို့ထားရတယ်။ အဲ့ဒီလို စိတ်မျိုးမွေးရမယ်။ သဘောပေါက်ရဲ့လား။ မိဘကို မှားတယ်လို့ပြန်မပြော။ ပြန်မလုပ်နဲ့နော်။ မှားတယ်ဆိုရင် ဒေါသပါသွားပြီ။ ခွင့်လွှတ်နားလည်ပေးရမယ်။ မိဘကို ပိုပြီးချစ်ရမယ်နော်။

ခုန မိတ္တဝိန္ဒကဟာ ဒီလိုမဟုတ်ဘူး။ ပြောင်းပြန် သူက တိုက်ခိုက်တာကိုး။ ဒီလိုနဲ့ အကြိမ်များစွာ တိုက်ခိုက်တယ်။ သူ (၁၆)နှစ်သားအရွယ်ရောက်တော့ အဖေသေသွားတယ်။ အမေက စဉ်းစားမိတယ်။ ဒီအတိုင်းသာ ငါ့သားလေးသွားရင် ငရဲကျတော့မှာပဲတဲ့။ အမေက သောတာပန်ဆိုတော့ နားလည်နေပြီကိုး။ သူက အယူမှားတဲ့ပဲထွက်နေတဲ့ ကလေးဆိုတော့နော်။

အမေ ငွေ (၁၀၀၀) ပေးမယ်။ ဥပုပ် (၁) ရက်စောင့်မလားတဲ့။ ဟိုတုန်းက ငွေတစ်ထောင်ဆိုတာ ရွှေဒင်္ဂါးတွေကိုး။ အများကြီးဆိုတော့ စောင့်မယ်ပြောတာပေါ့။ တကယ်လည်း ရအောင်စောင့်တယ်။ ကတိတည်တယ်။ မနက်အစောကြီးသွား ဥပုပ်ယူပြီး ညပါအိပ်ရတယ်။ နောက်တစ်နေ့မနက်မှ ငါးပါးသီလခံပြီး ပြန်ရတာကိုး။ ဒါကိုသူက ရအောင်စောင့်ခဲ့တယ်။ တရားတော့ မနာခဲ့ဘူး။ နောက်တစ်နေ့ မနက်စောစောပြန်ပြီး ငွေအရင်တောင်းတယ်။ ရမှ အဆာပြေကျွေးတာစားပြီး ထွက်တော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



တရားမနာခဲ့တော့ အသိမတိုးဘူးပေါ့။ ကုသိုလ်၊ အကုသိုလ် မခွဲတတ်တော့ လမ်းမှန်ဘယ်သိမလဲ။ တစ်နေ့သူဟာ တစ်ခြားတစ်မြို့ကို သွားမယ်ဆိုပြီး စီမံလာတယ်။ သင်္ဘောထွက်ခါနီးမှ လိုက်သွားမယ်ဆိုပြီး အမေကို လာပြောတယ်။ အမေကလည်း ဒီသားလေးတစ်ယောက်ထဲရှိတော့ စိတ်ပူတာပေါ့။ အမေနဲ့ ဒီသား(၂)ယောက်ထဲရှိတာကိုး။ စိုးရိမ်တော့ မသွားဖို့တားတာပေါ့။ ဒါပေမယ့် မရဘူး။

သတ်မှတ်ချက်ဘောင်ခတ်တာများတယ်။ ဖြစ်ချင်တာ အရှိန်များတာကိုး။ ကွာဟချက်ဆိုတော့ တင်းခနဲဖြစ်သွားပြီး တားပိုင်ခွင့်မရှိဘူးလို့ ပြောချလိုက်တယ်။ အမေကသားကို ချစ်လွန်းတော့ သားလေးလက်ကိုကိုင်ပြီး "သားရယ် အမေပဲ တားပိုင်ခွင့်ရှိတာပေါ့"တဲ့။ ချော့မော့ပြီး ပြောတယ်။ ဒါကို အရမ်းစိတ်ဆိုးတယ်။ လက်ကိုရုန်းပြီး အမေကို လဲအောင် ရိုက်ပစ်ခဲ့တယ်။ လဲအောင်ရိုက်တယ်ဆိုတော့ ပြင်းထန်တာပေါ့။ အမေကို စိတ်ရှိလက်ရှိ ရိုက်ပစ်ခဲ့လိုသာ လဲတာပေါ့နော်။ ပြီးတော့ ထွက်သွားတယ်။

ရှေးတုန်းက သင်္ဘောတွေဟာ ရွက်သင်္ဘောတွေ၊ ရွက်တွေအများကြီး လွှင့်ပြီး သွားတော့ မြားပစ်သလိုပဲ။ မြန်တယ်တဲ့။ တစ်နေရာရောက်တော့ ဒီသင်္ဘောဟာ ရပ်သွားတယ်။ သူ့ကံအရှိန်ကြောင့် ရပ်ကိုသွားတာနော်။ ဆရာတော်ကြီးများက ကောက်ချက်ချတယ်။ ကံ, ဆိုတာသည် အရှိန်အဟုန်တစ်ခုပဲတဲ့နော်။ လက်ကို ရမ်းတယ်ဆိုရင်လည်း တွန်းအားရှိမှ ရမ်းလို့ရတာနော်။ ဒီအထဲမှာ တွန်းအားအရှိန်အဟုန်ရှိမှ လက်ကို တွန်းလို့ရတာနော်။ ပြုလုပ်ခြင်းလို့ ခေါ်တယ်။ သို့သော် စေတနာဟာ အရှိန်အဟုန်ပဲ။ ဒီအရှိန်ဟာ နှလုံးအိမ်က ထွက်တာ။ အများဆုံးဖြတ်ရင် အပူဓာတ်အရှိန်၊ မေတ္တာနဲ့ယှဉ်ရင် အအေးဓာတ်အရှိန် နားလည်ပြီနော်။ ဒါပဲရှိတာနော်။

www.burmeseclassic.com


မိတ္တဝိန္ဒက အမေကို ပြစ်မှားလိုက်တဲ့ အပူဓာတ်အရှိန်နဲ့ အကျိုးပေးပြီတဲ့။ သင်္ဘောက ရပ်သွားတယ်။ ဒီအခါ မာလိန်မှူးက မဲချတယ်။ သူ့ချည်း (၃)ခါ ပေါက်တယ်။ ဒီတော့ "မိတ္တဝိန္ဒက သင့်အသက်နဲ့ အများအသက်နဲ့ မလဲနိုင်ဘူး" ဆိုပြီး ဖောင်လုပ်ပြီး ရေထဲချလိုက်တယ်။ သူလည်းအောက်ရောက်ရော သင်္ဘောကတန်းထွက်တာပဲတဲ့။ အံ့သြစရာကောင်းတယ်နော်။

ဥပုသ်(၁)ရက်စောင့်ထားတဲ့ ကံလေးရှိနေတော့ သူမသေသေးဘူး။ ဒီလိုနဲ့ ဖောင်လေးက မျောပြီး၊ ကျွန်းတစ်ကျွန်းကို သွားကပ်တယ်။ အဲ့ဒီကျွန်းမှာ (၄)ခါ ပျော်ပျော်ပါးပါး နေခွင့်ရတယ်။ နတ်သမီးတွေနဲ့တဲ့ ပထမ(၄)ယောက်၊ ဒုတိယ (၈)ယောက်၊ နောက်(၁၆)ယောက်၊ (၃၂)ယောက် အထိတောင် နေရတယ်တဲ့။ ဆတိုးသွားတာနော်။ အဲ့ဒီ နတ်သမီးတွေက အစစ်မဟုတ်ဘူး။ အသူရကာယ်တွေ ခုနစ်ရက်စံ၊ ခုနစ်ရက်ခံ၊ (၇)ရက်ပဲ နတ်သမီးလို ချမ်းချမ်းသာသာ ဗိမာန်နဲ့ နေရစားရတယ်။ ကျန်တဲ့ (၇)ရက်က ငရဲခံရတာ။ အမောင်··· ကျွန်မတို့ကို စောင့်ပါ။ (၇)ရက်ပြည့်ရင် ပြန်လာမယ်။ ကျွန်မတို့ သွားစရာ ရှိတယ်လို့ ပြောပြီးပျောက်သွားတယ်။ ဒါပေမယ့် သူက မစောင့်ဘူး။ ဖောင်ကို ဆက်မျှောတယ်။ နောက် (၈)ယောက် သွားတွေ့တယ်။ ဒီလိုနော် ဆပွားနဲ့ သွားလိုက်တာ (၃၂)ယောက်အထိ ဖြစ်သွားတယ်။ သဘောပေါက်တယ်နော်။ ဒါနဲ့ သူက ရှေ့ဆက်သွားရင် ဒီထက်ပိုကောင်းတာ တွေ့မယ်ထင်ပြီး ပီတိဖြစ်နေတယ်။ ဒီလိုတွေးတဲ့အချိန် သူ့မှာ ကုသိုလ်နဲ့ဘယ်နေမလဲ။ ကြမ်းတယ်ပေါ့။ ကာမဂုဏ်အာရုံဆိုတာ အင်မတန်ကြမ်းတမ်းတဲ့စိတ်နဲ့ဆိုတော့ အပူဓာတ်ပဲ ထွက်မှာပဲ။ မေထုန်မှုတွေ၊ ကာမဂုဏ်တွေဆိုတာ အင်မတန်ကြမ်းတမ်းတယ်။ အပူဓာတ်ထွက်တယ်ဆိုတော့ သူ့မှာရှိတဲ့ ဓာတ်တွေကုန်တော့တာပဲ။ ရုပ်တွေ ပျက်စီးကုန်တာနော်။ ကုသိုလ်ဓာတ်တွေ ကုန်တော့တာပဲ။ ဒီဟာပြီးရင် ပိုကောင်းမယ်ထင်ပြီး ဆက်မျောတော့ သူ့တစ်ကိုယ်လုံးမှာ ကုသိုလ်ဓာတ် တွေ မရှိတော့ဘူး။ ဒီတော့မှ ငရဲသားကဖြစ်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကံရှိန်အတိုင်းပဲ မိဘများပြစ်မှားရင်ကျတဲ့ ဥဒ္ဒသသ ငရဲဘုံကို ဖောင်ကဆိုက်တယ်။ အဲဒီကို အလွယ်တကူပဲ ဝင်လို့ရသွားတယ်။ မြို့ကြီးလိုပဲ စည်းကားနေတယ်လို့ သူမြင်တယ်တဲ့။ ဒါပေမယ့် အထဲမှာက ပြေးလွှားပြီး အော်ဟစ်နေတယ်။ ကံသတ္တိကြောင့် ခေါင်းထိပ်မှာ သင်တုန်းဓား အဝိုင်းပြား ဓားစက်ခေါ်တယ်တဲ့။ စကြလိုလည်ပြီး ဖြတ်တယ်။ ခေါင်းတစ်ဝက်ကို ဖြတ်တာ၊ မသေလည်း မသေဘူး။ သေလောက်အောင် ခံစားပြီး ပြေးနေရ တယ်။ တစ်မြို့လုံး သွေးတွေရဲပြီး ညီစော်နံနေတာပဲတဲ့၊ နှစ်ပေါင်းလည်း အကြာကြီးခံစားနေရတယ်တဲ့။ အဲဒါကို သူကကြည့်လိုက်တော့ အမြင်တွေ ပြောင်းပြန်ဖြစ်နေပြီ။ ခေါင်းမှာ အင်မတန်လှတဲ့ ကြာပန်းကြီးကို ပန်ပြီး သီချင်းတွေ ဆိုနေတယ်လို့ မြင်နေ၊ကြားနေတယ်။ ညီစော်နံနေတာကို မွှေးနေ တယ်။ သူပါရောပြီး ပျော်တယ်တဲ့နော်။ နာခေါင်းကရတဲ့ အနံ့ကလည်း ပြောင်းပြန်ဖြစ်သွားပြီ။ ဓာတ်ရိပ်၊ ဓာတ်ခိုးက ပြောင်းသွားတယ်လို့မှတ်။

ခွေးများလိုပေါ့ မစင်ဆိုတာ အင်မတန်နံတယ်မဟုတ်လား။ ဒါပေမယ့် ခွေးကတော့ မွှေးနေတယ်။ အကုသိုလ်အကျိုးပေးဟာ အဲ့ဒီလို ပြောင်းပြန် နော်။ အရက်သမားဆိုလည်း သူ့အတွက် အရက်ကမွှေးနေတာပဲ။ သူတို့ အတွက်က အကောင်းဆုံးပဲ။ ဒီလိုမဟုတ်လား။ အရက်သံမားပါရင် ဘွာတေး ပေါ့နော့။

အခုလည်း မိတ္တဝိန္ဒကဟာ ညီစော်နံနေတာကို သူကမွှေးတယ်။ အော်တဲ့အသံ ငိုတဲ့အသံကို သီချင်းသံလို့ ကြားနေတယ်။ ပြောင်းပြန်နော်။ အခု ဒစ္စကို (Disco) သီချင်းသံတွေ ဒီလောက်ဝုန်းဒိုင်းကြဲနေတာကို နားထောင်ကောင်းတယ်လို့ထင်ပြီး နားထောင်တဲ့ သူကရှိသေးတယ်နော်။ ဒါလည်း တစ်မျိုးပဲပေါ့။ ခပ်ကြမ်းကြမ်းအသံကို နားထောင်ကောင်းတယ် ဆိုတော့ သိပ်ဟန်မကျဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့သူက အနားကို ရောက်လာတဲ့သူကို "ခင်ဗျားခေါင်းပေါ်က ပန်းကို ကျွန်တော့်ကို ပေးပါ"လို့ တောင်းတယ်။ ဟိုက ကယ်ပါယူပါလို့ အော်ရင်းကနေ ခင်ဗျားမှားနေပြီ။ ကျုပ်တို့ အခုဟာက မိဘပြစ်မှားလို့ ငရဲခံနေရတာ ဒါဟာ ဓားစက်ခေါ်တယ်တဲ့။ "ခင်ဗျား မပေးချင်လို့ပြောတာပါ" လို့ မိတ္တဝိန္ဒကဆိုတော့ ဟိုကသိသွားပြီ ငါကျွတ်တော့မယ်ပေါ့။ ဒီတော့မှ ရော့ယူတော့လို့ ပြောလိုက်တာနဲ့ တပြိုင်နက် ဟိုကချက်ချင်းပျောက်သွားတယ်။ ကိုယ်လုံးပါ ပျောက်သွားတာနော်။ အကုသိုလ်အရှိန် ကုန်သွားတာပေါ့။ ဒီအခါ သူ့ခေါင်းပေါ်မှာ ဓားစက်ဟာ လာပေါ်တော့တယ်တဲ့။ ဒီတော့ခေါင်းမှာ သွေးတွေဖြာထွက်သွားတယ်။ ပြေးလို့လည်း မလွတ်ဘူး။ သူလည်းအော်ဟစ်ပြီး ပြေးရတော့တယ်။

ဒါကို ဘုရားအလောင်း ရုက္ခစိုးနတ်မင်းက သိတယ်။ အဲဒီတောမှာ နတ်မင်းဖြစ်နေတာကိုး။ လူ့ပြည်နဲ့ တဆက်တည်းနော် ဘုရားအလောင်းတော်ဟာ တောထဲကိုလှည့်လည်သွားတဲ့အချိန် ငရဲသားအသစ်ကိုတွေ့တော့ ရပ်ကြည့်နေတယ်။ ဒါကို အားကိုးတကြီးနဲ့ အရှင်နတ်မင်းရယ် နေပါဦး။ ဘာကြောင့် သူဒီလိုခံစားနေရတာလဲလို့ မေးတော့ အလောင်းတော်နတ်မင်းက ရှင်းပြလိုက်တယ်။ သင်ဟာ ငယ်စဉ်ကတည်းက မိဘကို နှုတ်လှန်ထိုးတယ်။ ပြစ်မှားတာနော် အမေကိုလည်း လဲအောင် ရိုက်ပစ်ခဲ့တဲ့ကံ ရှိတယ်တဲ့။ ဒီဘဝမှာ ဥပုသ်လေး(၁)ရက်စောင့်ပြီး ကုသိုလ်လေးဖြည့်ခဲ့တဲ့ကံဘဲ ရှိတယ်။ ဒါကလည်း နတ်သမီးတွေနဲ့ (၄)ခါတောင် ဖြုန်းခဲ့မယ်။ ဒီတော့ ဒီကုသိုလ်ဟာ ကုန်ပြီတဲ့။ သင့်သန္တာန်မှာ အကုသိုလ်အပြည့်နဲ့ မိဘကိုပြစ်မှားတဲ့ ကံပဲရှိတယ်တဲ့။ ဒီတော့မှ သူက နတ်မင်းရယ် သိပါပြီတဲ့။ ဘယ်လောက်ကြာအောင် ခံရမှာလဲလို့ မေးတဲ့အခါ သင့်ရဲ့ကံ အရှိန်မကုန်မချင်း ခံရမှာပဲလို့ အမိန့်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခံရတော့ အကြောင်းရှာပြီ (မိုက်တဲ့ ပုဂ္ဂိုလ်တွေဟာ တအားခံလာရရင် ကြောက်တယ်တဲ့)။ ဒီတော့မှ အကြောင်းအရင်းကို ရှာတာနော်။ အကြောက်တရား အရှက်တရားပေါ်မှ လိမ်မာတယ်လို့ မှတ်ပါ။ ဒါကြောင့် လောကပါလတရားဖြစ်တဲ့ အရှက်အကြောက်တရားဟာ အရေးအကြီးဆုံးပဲ။ ဒါကို ဟီရိ၊ ဩတ္တပ္ပလို့ ခေါ်တယ်။

ဘုရားအလောင်းတော်ဟာ ပြောပြီးဖယ်ခဲ့တယ်တဲ့။ ရှေ့က ရဟန်းကို ဘုရားဟောနေတာနော်။ ပြီးတော့ ဘုရားဟာ ဇာတ်တော်ကို ပြန်ပေါင်းတယ်။

ချစ်သား ... မပေါ့နဲ့၊ မမိုက်နဲ့တဲ့။ မိတ္တဝိန္ဒကဆိုတာ။ သင်ကိုယ်တိုင်ဖြစ်ခဲ့တာတဲ့။ ရက္ခစိုးနတ်မင်းဟာ ငါဘုရားအလောင်းတော်တဲ့ ဇာတ်ပေါင်းပေးတယ်။ အဲဒါနဲ့ သူတအားကြောက်တယ်။ ဒီတော့မှ ဘုရားက သစ္စာတရားဟောပေးလိုက်တော့ သဘောပေါက်သွားတယ်။ သောတာပန်ဖြစ်ပြီး ရှေ့ဆက်မဂ်တွေထိ တက်သွားတာပေါ့နော်ဖြစ်ခဲ့ဖူးတယ်လို့ မှတ်ပါ။

အပိုင်းခွဲပါ ဒီတော့ ကိုယ်မှားရင် ဘယ်သူခံရမှာလဲ စဉ်းစား (ကိုယ်ပဲခံရမှာပါဘုရား) အပိုင်းခွဲထားနော်။ သူ့ကိုယ်နဲ့သူ့စိတ်တပိုင်း။ တခြားသူရဲ့ ပုံရိပ်ကို ဒီမှာဆွဲဖို့တယ်။ ပြီးရင် ပြစ်မှားတယ်။ ဒီအခါ ဘယ်သူရှုံးလဲ။ ကိုယ်ရှုံးတယ်နော်။

မှန်လို့ဖြစ်စေ၊ မှားလို့ဖြစ်စေ၊ ပြစ်မှားမိရင် ကိုယ်ရှုံးတာပဲ။ အပိုင်းခွဲတဲ့နေရာမှာအရေးကြီးတယ်နော်။ ဒါကို ဘုန်းဘုန်းဘယ်ကရလဲဆိုတော့ ဒရိုင်ဘာတစ်ယောက်ဆီကရတာ။ ဟိုးတုန်းက ပုသိမ်နဲ့ ရန်ကုန်လိုင်းကားတွေ စီးရင်

www.burmeseclassic.com

www.burmeseclassic.com



ညောင်တုန်းမှာ ခဏဆင်းရတာကိုး။ ဘုန်းဘုန်းတို့ကလည်း တရားဟောပြီး အပြန်ပေါ့။ ဒီမှာ ကလေးနေမကောင်းလို့ ပါလာတဲ့ ခရီးသည် တစ်ယောက်က ဒရိုင်ဘာကိုမေးတယ်။ ဒီကားက ဇက်ပေါ်ကို ကားတင်ပြီး တိုက်ရိုက်သွားတဲ့ ကားလားလို့ မေးတယ်။ ဒရိုင်ဘာက မဟုတ်ပါဘူးတဲ့။ ညောင်တုန်းမှာပဲ ရပ်ပါတယ်လို့ ဖြေလည်းပြီးရော ခရီးသည်က ထသောင်းကျန်းတော့တာပဲ။ ယုတ်မာကြတယ်။ လက်မှတ်ကို လိမ်ရောင်းကြတယ်ပေါ့။ တစ်လမ်းလုံး သောင်းကျန်းလာတယ်။ ဒရိုင်ဘာက စိတ်မဆိုးဘူး။ ဒီတော့ ဘုန်းဘုန်းက ဒီဒရိုင်ဘာမှာ ဘာတရားများရှိလဲလို့ စောင့်ကြည့်နေတယ်။ စိတ်မဆိုးလို့နော်။ တဖက်က သိပ်ပြောပါများတော့ သူက တစ်ခွန်းတော့ ပြောလိုက်တယ်။ နောင်ကြီးရယ် … "ဒါဟာ ကျွန်တော့်အပိုင်းမဟုတ်ဘူး။ လက်မှတ်ရောင်းတဲ့ သူ့ အပိုင်းပေါ့ဗျာ" တဲ့။ ဒီလိုပြောလိုက်တော့ ဟိုက ဘွဲ့ရ၊ ပညာတတ်ပဲနော်။ ကျွန်တော်မှားသွားတယ်ဗျာဆိုပြီး ပြန်တောင်းပန်တယ်။ ဒီလို အပိုင်းခွဲထား တော့ ကားကို အေးအေးဆေးဆေးပဲ မောင်းနေနိုင်တယ်ပေါ့။ ဒီစကားကို ဘုန်းဘုန်းက တအားသဘောကျသွားတယ်။ အပိုင်းခွဲတတ်တယ်နော်။ အပိုင်းခွဲ တာ အရေးအကြီးဆုံးပဲ မှတ်ပါ။

**သုံးသပ်ချက်** ❂ သုံးသပ်ချက်လေးလည်း ထည့်ပြောရအောင်နော်။
လူတစ်ယောက် သူ့ခေါင်းမှာရဲပြီး အနာတွေပေါက်တယ်။
နူသလို ဖြစ်ချင်နေတာ။ နားကိုတောင် ကူးလာပြီ။

ဘုန်းဘုန်းသတင်းကြားတော့ ရောက်လာတယ်။ ဘုန်းဘုန်းကလည်း နေမကောင်း တော့ ကုတင်မှာ လှဲနေတယ်။ ဒါနဲ့ပဲ တိုတိုပဲ စကားပြောရအောင်။ ဘယ်သူ့ ကို ပြစ်မှားထားလဲလို့ မေးလိုက်တော့ မှန်လှပါ။ ယောက္ခမ ပြစ်မှားမိပါတယ် ဘုရားတဲ့။ သူ့ကို ငယ်ငယ်လေးထဲက မွေးစားထားတဲ့ ယောက္ခမနော်။ ဘွဲ့ရ ပညာတတ်အောင်လည်း သင်ပေးထားပြီး သမီးနဲ့လည်း ပေးစားထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးက ဘယ်လောက်များလဲ စဉ်းစားနော်။ ယောက္ခမက သူ့အပိုင်းနဲ့ သူမှားတာ။ အဲ့ဒီမှားတဲ့ အပိုင်းကို ကြားကနေ သူက စိတ်ဆိုးပြီး ဆဲဆိုတယ်။ ပြီးတော့ အိမ်ကဆင်းတယ်။ တခြားစီပဲနော်။

နောက်အိမ်ငှားနေတယ်။ ခေါင်းယားလို့ ကုတ်ရင်းနဲ့ ပွတက်လာတယ်တဲ့။ ငွေချမ်းသာတော့ ကုလည်းကုနိုင်တာပေါ့။ ဒါပေမယ့် ကုရင်းနဲ့ ပိုဆိုးလာတယ်။ ဒီတော့ အရမ်းလန့်ပြီး ဘုန်းဘုန်းဆီကို ရောက်လာတယ်။ ဘုန်းဘုန်းမေးမယ်လို့ အခုယောက္ခမအပေါ်မှာ စိတ်က တွေးတိုင်းအေးလားပူလားဆိုတော့ တွေးတိုင်းမကျေနပ်ဘူးတဲ့။ အေး… ဒီလို မကျေနပ်ရင်တော့ ဆေးကုလို့ရမှာ မဟုတ်ဘူးလို့နော်။ ဘာလို့လဲဆိုတော့ တွေးတိုင်း ပြစ်မှားနေတာကိုးလို့။ အပူစာတ်ထွက်နေတာကိုး။ သူရှိတဲ့ အသွေးအသားဟာ ဟိုပုဂ္ဂိုလ်ရဲ့ အသွေးအသားဖြစ်နေတာ။ သူ့ကျွေးလို့ ကြီးပြင်းလာရတာ။ သူ့ရဲ့ကျေးဇူးက ထောက်ပံ့ထားတာမဟုတ်လား။ ပြစ်မှားတဲ့ အားများလွန်းတော့ ခံရတာပေါ့နော်။ ဒကာကြီးအပိုင်းခွဲထားရတယ်လို့ ကိုယ့်ကိုယ်ကိုယ့်စိတ်နဲ့ ကိုယ်သွေးက တစ်ပိုင်း၊ သူမှားတာ သူခံလိမ့်မယ်။ သူ့အကြောင်းကိုတွေးပြီး ကိုယ်က ဒီမှာ(ဘဝင်က) ပူရင်ဖြင့် ကိုယ်အရှုံးဘဲလို့ သူကျွေးတဲ့ ကျေးဇူးက ကိုယ့်မှာရှိတာကိုး။ သူကျွေးထားတဲ့ ကျေးဇူးနဲ့ သူ့ကို ပြစ်မှားတယ်ဆိုရင် ဒါဟာ တန်ပြန်လှိုင်းလာပြီး ကိုယ်ရှုံးတယ်လို့ပြောတော့ နားလည်သွားတယ်။ ဒါနဲ့ သူ့ကိုသွားတောင်းပန်ခိုင်းလိုက်တယ်။ ယောက္ခမက တံခါးပိတ်ထားတယ်တဲ့။ ဒါနဲ့ ရွှေတိဂုံမှာ သွားကန်တော့ခိုင်းလိုက်ရတယ်။ လေးပတ်လောက်ကြာတော့ သူ့ရောဂါပျောက်သွားတယ်။ သူကျွေးတဲ့ကျေးဇူးက ကိုယ့်မှာရှိတာကိုး။ သူကျွေးထားတဲ့ ကျေးဇူးနဲ့ သူ့ကို ပြစ်မှားတယ်ဆိုရင် ဒါဟာ တန်ပြန်လှိုင်းလာတယ်။ သဘောပေါက်ကြလား။ အပိုင်းခွဲထားနော်။ သူမှားတာ သူခံလိမ့်မယ်။ သူ့ အကြောင်းကို တွေးပြီးကိုယ်က ဒေါသဖြစ်တယ်ဆိုရင် ဘယ်သူရှုံးမလဲ။

www.burmeseclassic.com

www.burmeseclassic.com



(ကိုယ်ပဲ ရှုံးမှာပါဘုရား)

ရဟန္တာတွေဆို ဒီအပိုင်းကို ရှင်းရှင်းမြင်ထားတော့ သတ်ဖို့လာပစေဦး။ ဒီလူကို စိတ်မဆိုးဘူး။ သတ်မနေပစေဦး။ အဲ့ဒီလူကို စိတ်က မညွှတ်ဘူး။ သဘောပေါက်ရဲ့လား။ သတ်တာ သူ့ကံနဲ့ သူ့အပိုင်းသွားတာ။ ကိုယ့်ဟာကိုယ် တရားမှတ်ပြီး လွတ်အောင်နေတာက ကိုယ့်အပိုင်း၊ ရှင်းရှင်းလေး ခွဲထားလိုက်တာနော်။ ဓာတ်ရိပ်၊ ဓာတ်ခိုးတွေ အပျက်မခံဘူး။ အကြောင်းညီညွတ်လို့ သေမယ့် ကံပါလာရင် ရှောင်လို့မရဘူး။ သေမှာပဲ။ အပိုင်းခွဲပစ်လိုက်တာနော်။ ကိုယ့်ကို မကောင်းပြောပြီး ဆဲနေပစေဦး။ ကိစ္စမရှိဘူး။ သူ့အပိုင်းနဲ့သူပဲ ကိုယ်ကအကြွေးကျေတယ်။ သူများအကြွေးလာဆပ်ပေးတယ်လို့မှတ်။ အချိန်ကာလတစ်ခုကြာရင် ပြီးသွားမှာပဲ။ ဒီလိုအပိုင်းခွဲရမယ်။ အရေးကြီးတယ်နော်။

**ဘာကြောင့်ချက်ချင်းအကျိုးမပေးတာလဲ** ❓ သုံးသပ်ကြည့်တော့ ဘုန်းဘုန်း စောစောကပြောတဲ့မိတ္တဝိန္ဒကရော၊ အမေကို ကန်ချပြီး (၂)လအတွင်း ချမ်းသာတဲ့ပုဂ္ဂိုလ်ရော ဆန်းကြယ်တဲ့ အဖြစ်လေးတွေ ကြည့်ရအောင်နော်။ ပြစ်မှားပင် ပြစ်မှားသော်လည်း ချက်ချင်းငရဲသားမဖြစ်ဘူး။ ဘာမှမဖြစ်ဘူး။ ဒါဟာ စဉ်းစားစရာဖြစ်လာတယ် မဟုတ်လား။

လူတစ်ကိုယ်လုံးမှာရှိတဲ့ ဓာတ်ရိပ်၊ ဓာတ်ခိုးသတ္တိတွေ ကိန်းတာကို သွေးတစ်စက်နဲ့ ပြန့်ပြီးပေါင်းလိုက်ရအောင်နော်။ သွေးတစ်စက်ဟာ တစ်ကိုယ်လုံးပဲ ထားလိုက်ပါတော့။ သတ္တိဆိုတာရှိတယ်။ သတ္တိဆိုတာ ပါဝါ (Power) လို့ လည်း ခေါ်တယ်။ စိတ်ကျက်စားရာ တွေးတိုင်း တွေးတိုင်း ဒီမှာ သတ္တိဆို တာရှိတယ်။ နားလည်ပြီလား။ ဒီမှာ အအေးဓာတ်များတဲ့ ပုဂ္ဂိုလ်ဟာ ချမ်းသာ တယ်။ ရုပ်ပါလှတယ်။ အအေးဓာတ်ဆိုတာ အပေးနဲ့ပျော်တာပေါ့။ ဒါန၊ သီလ

www.burmeseclassic.com

www.burmeseclassic.com



ဘာဝမှာ ဒါတွေပေါ့။ တစ်ဖက်သား ရင်ထဲအေးအောင်၊ နှလုံးအေးအောင်၊ သားသမီးကအစ အကုန်ပါတယ်။ ပေးပြီးပျော်နေတဲ့ ပုဂ္ဂိုလ်ဟာ တူသောအကျိုးပေး၊ စိတ်တိုင်းကျအောင် ပေးပျော်ခဲ့တဲ့အားများသောကြောင့် စိတ်တိုင်းကျဖြစ်တယ်။ စိတ်တိုင်းကျနေရတယ်လို့ မှတ်ပါ။ အဲဒီသတ္တိတွေများသောကြောင့် ရှေ့ပိုင်းမှာ မိတ္တဝိန္ဒကဟာ ရာနှုန်း (၁၀၀) မှာ (၉၀)လောက်က ကုသိုလ်လှိုင်းများ ရှိတယ်။ (၁၀)လောက်က အကုသိုလ်လို့ မှတ်ရအောင်။

သွေးပေါ်မှိုပြီး ဖြစ်တဲ့စိတ်က သွေးနှလုံးအိမ်ထဲ ရောက်တိုင်းရောက်တိုင်း စိတ်ဟာ ဖြစ်ခွင့်ရတယ်နော်။ ဒီကနေ အာရုံကို ဆွဲပြီး ကြံစည် တောင့်တတဲ့ အရာဟာ အမျိုးတစ်ရာရှိရင် ရာနှုန်း (၉၀) ပြည့်လိမ့်မယ်။ သူကြွယ်သားဆိုတော့ ပြည့်စုံတာပေါ့။ သဘောပေါက်ပြီလား။ သူ့မှာ ဆရာကောင်း၊ သမားကောင်းကို မမှီရတော့ အကြံမကြံမိအာရုံဆွဲယူတာများတော့ ဒီထဲမှာ (ဘဝင်မှာ) အပူဓာတ်တွေ တိုးပြီးလာတယ်။ ရာနှုန်း (၁၀၀) မှာ (၃၀)က အကုသိုလ်ဆို (၇၀) ဟာ ကုသိုလ်ပဲ ကျန်တော့တယ်။ (၇၀) နဲ့ (၃၀) ဆိုတော့ (၇၀) က မသာဘူးလား။ (သာပါတယ် ဘုရား...) ဒါဆို မသိသာသေးဘူး။ စီးပွားရေးလည်း မသိသာသေးဘူး။ အကျိုးပေးလည်း မသိသာသေးဘူးနော်။ ထပ်ပြီး မိဘလည်းပြစ်မှား၊ ဘုရားလည်း ရှိမခိုး၊ ပုတီးလည်း မစိပ်ဘဲ သောင်းကျန်းနေမယ်ဆိုရင် အပူဓာတ်ထွက်နေတယ်ပေါ့။ စိတ်ကနော် သူများအတင်းပြောတာကအစ ပါတယ်။ နားလည်ပြီလား။

ဒါဆိုရင် ရာနှုန်း (၁၀၀) မှာ (၅၀) က အကုသိုလ်ဆို (၅၀) ဟာ ကုသိုလ်ပဲ ကျန်တော့တယ်။ ကုသိုလ်နဲ့ အကုသိုလ်ဟာ (၅၀)စီ။ ဒါဆိုရင် စိတ်တိုင်းကျတာ တစ်ဝက်၊ မကျတာ တစ်ဝက်ပေါ့။ ဒါလည်း မသိသာသေးဘူး။ နှလုံးအေးစရာ ဆွဲအားက စိတ်တိုင်းကျတာ တစ်ဝက်။ မကျတာ တစ်ဝက်ဖြစ်နေပြီ။ သဘောအဓိပ္ပါယ်က စီးပွားရေးမှာ (၁) သိန်းရရင်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်သိန်းကုန်မယ်။ ဒီလိုနော်။ အဖတ်မတင်တော့ဘူးဆိုရင် စဉ်းစားရမယ်။ တို့တစ်အိမ်လုံး ကုသိုလ်ခတ်တွေ မှိန်လာပြီ။ အကုသိုလ်ဝင်လာပြီးလို့ မှတ်ရမယ်။ ဒါဆိုရင် ဘုရားရှိခိုး မပျက်နဲ့တော့။ ရုပ်ရှင်၊ တီဗွီ(TV) တွေ လျှော့တော့၊ မလျှော့လို့ မရဘူးနော်။ ပြီးရင် ဘုရားကို ခဏခဏသွားပြီး အအေးခတ်နဲ့ ပီတိဖြစ်နေ၊ ဒါန ပိုပြုပေး သီလဆောက်တည်ပေးတော့ ဒီလိုဆို ပြန်တက်လာလိမ့်မယ်။

**အမွေပေးတတ်ပါစေ** ကိုယ့်ရှိတဲ့ ပစ္စည်းတွေဟာ ဆွဲအားကြောင့် ဖွံ့ပြီးနေတာကိုး။ ဆွဲအား မရှိရင် စီးပွားဟာ ကျမှာဘဲ၊ ဒါကြောင့် တစ်ချို့ဟာ မိဘဘိုးဘွား အစဉ်အဆက်ချမ်းသာတယ်။ ဒါပေမယ့် သားသမီးလက်ထက်ရောက်တော့ တစ်ချို့ဆင်းရဲသွားတာရှိတယ်။ ဘာလို့လဲလို့ ဆန်းစစ်တော့ မိဘလက်ထက်မှာ ချမ်းသာတော့ သုံးချင်တိုင်းသုံး၊ ဖြုန်းချင်သလို ဖြုန်းနေကြတယ်။ မိဘကိုလည်း ဒေါသနဲ့ ပြန်အော်ပြီး ပြစ်မှားတယ်။ ဒီအခါ စွမ်းအားတွေ ကျကုန်တာပေါ့။ စီးပွားပျက်ရော၊ ဘာလို့လဲဆိုတော့ ဆွဲအားမှ မရှိတော့တာကိုး၊ ဒီတော့ မှတ်ပါ၊ သားသမီးတွေ ချမ်းသာစေချင်ရင် အမွေပေးချင်ရင် ကုသိုလ်နဲ့ တွဲပေးရတယ်။ အဲ့ဒီ ပစ္စည်းဥစ္စာနဲ့ လျော်ညီတဲ့ ဆွဲအားကို ထည့်ပေးမှ ရမှာပေါ့။

အအေးခတ်ကို ထုတ်ပြီး အားဖြည့်တော့နော်။ ဒီလိုမဟုတ်ဘဲ ဆက်မိုက်နေမယ်ဆိုရင် အကုသိုလ်ဘက်ကို (၁၀)တိုးလိုက်မယ်ဆိုရင် (၆၀) ဖြစ်ပြီနော်။ ရာနှုန်း (၁၀၀)မှာ (၄၀)က ကုသိုလ်ဆို (၆၀)ဟာ အကုသိုလ်ပဲ များလာတယ်။ အကုသိုလ်ဟာ သာသွားပြီနော်။ ဒါဆိုရင် ကြိုက်သလိုရှာ၊ အကြွေးတွေနဲ့ လည်နေမှာပဲ။ ကြံဖန်ပြီး အကြွေးတင်နေမှာပဲနော်။ စိတ်ဆင်းရဲစရာ အမြဲကြုံနေရမယ်။ ဒီထက်အပို အကုသိုလ်တွေနဲ့ဆက်ပြီး ကျက်စားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်ဆိုရင် ရုပ်ကွက်ရုံးပဲ ရာနှုန်း (၁၀၀) မှာ (၃၀) က ကုသိုလ်ဆို (၇၀) ဟာ အကုသိုလ်ပဲ များလာတယ်။

ဒဏ်ဆယ်ပါးစ ,ပြီနော်။ ဒီထက်အလွန်ဆိုရင်တော့ ရာနှုန်း ၁၀၀ မှာ ၈၀ (အကုသိုလ်)၊ ဒါဆိုရင် အချုပ်တို့ ထောင်တို့ပဲနော်။ ဘဝတွေ ကြမ်းတမ်းပြီး၊ အပြည့်ဆိုရင်တော့ ပြောစရာမရှိတော့ဘူးပေါ့။ ငရဲသားလိုဘဲ ထောင်ထဲမှာ ခံစားနေရတာနော်။ မိတ္တဝိန္ဒက ရုတ်တရက် ပြည့်သွားတဲ့ ပုဂ္ဂိုလ်နော်။ ခုနပြောတဲ့ အမေကိုကန်တဲ့ ပုဂ္ဂိုလ်ဟာလည်း ပြည့်သွားတာပဲ နားလည်ပြီလား။ ကြားထဲမှာ (၂) လအတွင်း ချမ်းသာတာ အခြားမဟုတ်ဘူး။ ကံဆိုတာ အမြဲတန်ပြန်လိုက် လာတာကိုး။ အချိန်ကာလအားဖြင့် သိန်းပေါင်းများစွာ ချမ်းသာနိုင်တဲ့အချိန်။ အဲဒီအချိန် သူ့မှာဆွဲအားမရှိတော့ (၄/၅) သိန်းနဲ့ ပြီးသွားတယ်။ သဘောပေါက်တယ်နော်။ တစ်ချို့ဆို သောက်စားပျော်ပါးပြီး မိဘလည်း မလေးစားဘူး။ ကြမ်းတမ်းနေတဲ့ ပုဂ္ဂိုလ်တွေနော်။ ဒီလိုပုဂ္ဂိုလ်တွေ ချမ်းသာနေတာကို အားမကျနဲ့၊ အပေါင်းစားတွေ၊ ဒီအချိန်မှာ သူ့ရဲ့ အတိတ်ကံက ထောင်ချီပြီး အကျိုးပေးချိန်မှာ ဒီအထဲမှာ (အခံဓာတ်) ဆွဲအားမရှိတော့ တစ်ရာလောက်နဲ့ပဲပြီးနေတယ်။ အရှိန်ကုန်သွားရင် ထိုးကျတော့မယ်။ အင်အားကောင်းတွေကို နှလုံးအိမ်က အစာစားများတယ်လို့ ခေါ်တယ်။ အကုသိုလ်ဖြစ်စေတဲ့အစာကို ထည့်တော့ (နှလုံးသွင်းခြင်းကြောင့်) အားလျော့လျော့သွားတာပေါ့။

**ကိုယ်မှားကိုယ်ခံ** အဲဒီအချိန်မှာ ကိုယ်မှားရင် ကိုယ်ပဲခံရမှာ။ နောက်ဆုံး မိသားစု တစ်ခုလုံးမှာ တစ်ယောက်တည်း ကွက်ဆိုးနေလည်း တစ်ယောက်တည်းပဲ ခံရမှာပဲ။ ဒီအနားမှာ နေသွားတဲ့ ဒကာတစ်ယောက်ဆိုရင် သူကအမူးသမားပဲ။ နေ့တိုင်း ဆဲဆိုနေတာ။ သားသမီး၊ သားမယားကို သိပ်နိုင်တာပဲ။ မိန်းမနဲ့ ကလေးတွေက

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဘုန်းဆီ ချဉ်းကပ်ပြီး ငွေလေးစုထားကြတယ်။ ကလေးတွေ အရွယ်ရောက်ရင် ရဟန်းခံချင်လို့ပါတဲ့။ ဘုန်းဘုန်းကလည်း မဖြစ်ဖြစ်အောင် ရဟန်းခံပေး၊ အလှူဒါနပြုပေးတော့ မိသားစုကျန်တဲ့ ပုဂ္ဂိုလ်တွေက အကုန်ကုသိုလ်ဒါနရှိတယ်။ ကုသိုလ်ဓာတ်ရှိတယ်။ သူတစ်ယောက်ထဲ ဆိုးနေတာနော်။ စီးပွားရေးလည်း တက်ရော၊ ဟိုလူက လေဖြတ်ပြီး မစားရဘူး။ အဲဒီ စီးပွားရေးနဲ့ သူနဲ့မဆိုင်တော့ဘူး။ သူ့မိသားစု စီးပွားရေးတက်တော့ ဟိုလူက လေဖြတ်ပြီး သေသွားတယ်။ ဒီလိုနော်။ တစ်ယောက်တည်းဆိုးလည်း တစ်ယောက်တည်း ခံရတယ်နော်။ ကွက်ပြီးခံရတယ်။ ဒီတော့မှတ်ပါ၊ ကိုယ်မှားရင် ကိုယ်ပဲခံရမယ်နော်။

ကံသဘောတရားဟာ မျက်နှာမလိုက်ဘူး။ ဒီကံအရှိန်ကို ဘုန်းဘုန်းတို့က ရပ်တတ်ဖို့၊ လျှော့တတ်ဖို့၊ ထိန်းတတ်ဖို့ပဲ လိုတယ်။ အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေ၊ ဝါရင့်တဲ့ ပုဂ္ဂိုလ်တွေ သိပါတယ်နော်။ ရှာတိုင်းမရမှန်းကို၊ ဘယ်လောက်ပဲ သေသေချာချာ ချိန်းထားပါစေ၊ ချိန်းထားရင်နဲ့ဘဲ တစ်နည်းမဟုတ်၊ တစ်နည်းလွဲနေတာတွေရှိတယ်နော်။ ဒါကြောင့်မို့ မိမိရဲ့ ကုသိုလ်ကံကို ဖြည့်ကြပါ။ အပေးနဲ့ပဲပျော်ပါ။ ဒီလိုလုပ်ပေးမှ အကောင်းဘက်ကို ရောက်မှာပေါ့။ အအေးလှိုင်း၊ အအေးဓာတ် ဖြစ်မှာပေါ့။

ဘုန်းဘုန်းက တရားဟောနေပေမယ့်လည်း မနောက အပူဓာတ်တွေ ထွက်နေတယ်။ ညံ့နေမယ်ဆိုရင် ဘုန်းဘုန်းခံရမှာပဲ။ ကတုံးမို့လို့ မညာဘူးနော်၊ သဘောပေါက်ပြီလား။ ကိုယ်မှား ကိုယ်ခံကြေးပဲ။ အဝတ်အစားနဲ့လည်း မဆိုင်ဘူး။ အမည်နာမနဲ့လည်း မဆိုင်ဘူး။ ဒီမနောဘဲ၊ အဓိက စိတ်ကျက်စားရာလွဲရင် ကိုယ်ခံရမှာချည်းဘဲ။ နားလည်ပြီနော်။ ဒီတော့ အချိန်တိုင်းအချိန်တိုင်းကို သတိထားရမယ်။ တစ်ယောက်တည်း ကွယ်ရာမှာ သူများဆိုးကြောင်းတွေးနေ မယ်ဆိုရင် ညံ့မလား၊ ကောင်းမလား၊ (ညံ့ပါတယ် ဘုရား ...)။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ ကိုယ်ရှုံးမှာပဲနော်။ အချိန့်တိုင်းအရေးကြီးတယ်။ သဘောပေါက်ပြီ နော်။

ဗေဒင်မေးရင်တော့ မွေးလတို့၊ ဘာတို့၊ ညာတို့ပေါ့။ ဒီလိုနော်။ အချို့က ဘုန်းဘုန်းကို ဗေဒင်ဆရာသာသာလောက်ပဲ အောက်မေ့ကြတယ်။ ဘုန်းဘုန်း က ဘုရားဟောအတိုင်း သင်ပေးနေတာ။ ဓာတ်သဘော၊ ကံသဘောတွေကို ချိန်ဆပြီး သင်ပေးနေတာ။ နားလည်ပြီနော်။ ဗေဒင်မေးတာကို ဘုန်းဘုန်း ကြိုက်မှ မကြိုက်တာ။ အင်းတွေ၊ ဆေးတွေလည်း မကြိုက်ဘူး။ ကံသဘောကို သာ ချိန်ဆပြီး သင်ပေးတာပဲရှိတယ်။ သဘောပေါက်ကြပြီလား။ ဒါကိုလည်း သိဦးမှ၊ တစ်ချို့က ဒါကို နားမလည်ကြဘူးနော်။

အားလုံးဟာ သွေးမှာမှီပြီးဖြစ်တဲ့စိတ်က အာရုံကို ဆွဲယူတာကိုး။ သွေးမှာ ငွေတွေအများကြီးလှူခဲ့တဲ့ သတ္တိကိန်းထားတယ်ဆိုရင် ငွေနဲ့ ပတ်သက်ပြီး ဆွဲရတယ်။ ရွှေတွေလှူခဲ့တဲ့သတ္တိဆိုလည်း ဒီအတိုင်းဘဲ ရတယ်။ သတ္တိကိန်းနေတာကိုး။ ဒီလိုမဟုတ်ပဲ သူများမကောင်းကြောင်း အတင်းတွေ ပြောနေတဲ့ သွေးပိုင်ရှင်ဟာ အဲဒီသတ္တိသွေးပိုင်ရှင်ဟာ စီးပွားကို ဆွဲလို့ရပါ့ မလား။ အပျက်ပဲ ဆွဲလို့ရမယ်။ စိတ်တိုင်းမကျတာဘဲ ဖြစ်မယ်။ နားလည် ပြီနော်။ ဒါကြောင့်မို့ ဘုရားက အမိန့်ရှိတယ်။ ရာဟုလာဝါဒသုတ္တန်မှာ မြန်မာလိုပြောရင် သူတစ်ပါးရဲ့ မကောင်းကြောင်း ကဲ့ရဲ့ရှုံ့ချတဲ့ စကားကို ရှေ့မှာလည်း မပြောဘူး။ နောက်ကွယ်လည်း မပြောရဘူးတဲ့။ ပြောမယ်ဆိုရင် လည်း စဉ်းစားပြီးကုသိုလ်လား၊ အကုသိုလ်လားဆိုတာကို ချိန်ဆပြီး ပြောရ မယ်တဲ့။ ကိုယ်ပြောတဲ့ စကားဟာ အပူဓာတ်အရှိန်နဲ့ ပြောတာလား။ အအေး ဓာတ်နဲ့ ပြောတာလားဆို တာကို ခွဲခြားနေရမယ်။ ဒါဟာ သံလိုက်အိမ်မြှောင် လိုပဲနော်။ အပူဓာတ်ဆိုရင် အစုန်လမ်း၊ အအေးဓာတ်အရှိန်ဆို အဆန်လမ်း။ ဒါကို ကိုယ့်ကိုကိုယ် သိနေရမယ်။ ဒါဟာ မလွဲသာတဲ့တရား။ လူမျိုး၊

www.burmeseclassic.com

www.burmeseclassic.com



ဘာသာ၊ အမည်နာမနဲ့ မဆိုင်ဘူးနော်။ ရဟန်းရယ်၊ လူရယ် မဟုတ်ဘူး။ ဒီကျရင်တော့ ကိုယ်ဖြစ်ကိုယ်ခံပဲ။ ဒီလိုနော်။ သဘောပေါက်တယ်မဟုတ်လား။

ပြီးရင် သူတစ်ပါးရဲ့ အပြစ်ကို စိတ်ကကြံစည်ပြီး ပုံဖော်တဲ့ ပုဂ္ဂိုလ် နှုတ်ကပါပြောတဲ့ပုဂ္ဂိုလ်ဟာ အာသဝေါတရား တိုးသထက်တိုးတယ်တဲ့။ တစ်နည်းအားဖြင့် စွမ်းအားကျတယ်ပေါ့။ နိဗ္ဗာန်နဲ့ ဝေးသထက် ဝေးပါလိမ့်မယ်တဲ့။ ဒီတော့ အားလုံးမှတ်ပါ။ အိမ်ကိုပါအောင် သယ်ကြပါ။

**နိဗ္ဗာန်လိုချင်ရင် သူများအတင်းမပြောနဲ့**

ဒီတော့ တကယ်ချမ်းသာချင်ရင် သူများအတင်းမပြောရဘူး။ နိဗ္ဗာန်လိုချင်ရင် သူများအတင်းမပြောနဲ့။

နားလည်ပြီနော်။ ဒါဟာ ထွဋ်ခေါင်ဆရာတော်ကြီးဆုံးမလိုက်တဲ့ စကားနော်။ မကောင်းတဲ့ ဂုဏ်နဲ့ ပေါင်းစပ်တယ်ဆိုကတည်းက ပြစ်မှားလိုက်တာပဲ။ ဒေါသပါသွားပြီ။ ကျေးဇူးဆိုတာ အပြန်အလှန်ပဲ။ ဘယ်သူမှ မကင်းကြဘူး။ ဘုန်းဘုန်း ရွှေတောင်ကို ရောက်သွားတုန်းက ဆရာတော်ကြီးတစ်ပါး သူ့ဘေးနားမှာ ရေးထားတာကိုတွေ့တော့ ဘုန်းဘုန်းကြည့်ပြီး ပြုံးမိတယ်။ ချမ်းသာချင်ရင် သူများအတင်း မပြောနဲ့တဲ့။ ရေးထားတယ်နော်။ ဒီလိုရေးထားတော့ ဆရာတော်ဘုရားအနားကို လူတွေ သိပ်မသွားကြတော့ဘူး။ လူတွေဟာ များသောအားဖြင့် အတင်းအဖျင်းပြောချင်တဲ့သူတွေက များတယ်မဟုတ်လား။ စကားဆယ်လုံးမှာ ရှစ်လုံးဟာ အတင်းပါတော့ ဆရာတော်ကြီးနား လူတွေရှင်းနေတာပဲ။ ဆရာတော်ကြီးက အေးအေးလေးရယ် နေတာနော်။ ဒီတော့ ဆရာတော်ကြီးမှာ ပြောစရာစကား သိပ်မရှိတော့ဘူး။

နောက်ဆုံးပိတ် နိုင်ငံရေးလည်း မစွက်နဲ့။ ကိုယ့်အကြောင်းကို သိအောင်ကြိုးစားရမယ်။ သင်တာကိုလည်း မမေ့နဲ့နော်။ ကိုယ့်အလုပ်ကိုယ်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ရမယ်။ ကိုယ့်လမ်း ကိုယ်လျှောက်ရမယ်။ ဒါဟာ ယောဆရာတော်ကြီး ဆုံးမခဲ့တဲ့စကားနော်။ ပြန်ပြောမယ်။ ကိုယ့်အကြောင်းကိုယ်သိအောင် ကြိုးစားရမယ်။ ငါဟာ ကုသိုလ်များသလား၊ အကုသိုလ်များသလားဆိုတာ သိနေရမယ်။ ဘုရားဟောအတိုင်း သိအောင်ကြိုးစားနော်။

ပြီးရင် ကိုယ့်အလုပ် ကိုယ်လုပ်ရမယ်။ ကိုယ့်လမ်းကိုယ်လျှောက်ရမယ်။ ကိုယ့်နေရာ ကိုယ်နေရမယ်။ သဘောပေါက်ရဲ့လား။ ရဟန်းက ရဟန်းနေရာနေ၊ လူက လူနေရာ လူနေပေါ့။ ဒီဥပမာအတိုင်းဘဲ၊ ကိုယ့်နေရာကိုယ်နေပေါ့နော်။ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ့်အလုပ်ကိုယ်လုပ်ဆိုတာဟာ ကိုယ့်အလုပ်ကိုယ်လုပ်ခြင်းအားဖြင့် တာဝန်ကျေတယ်။ အများပါချမ်းသာတယ်။ အများအတွက်ပါ ပြီးသွားတယ်။ ရဟန်းဆိုရင်လည်း ရဟန်းတာဝန်က မကောင်းမြစ်တား၊ ကောင်းရာညွှန်လှစ်၊ အသစ်ဟောကျူး နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှုတဲ့၊ ကိုယ့်တိုင် ကိုယ့်ကျင့်တဲ့နေရာမှာ ဒကာများကို ဆက်ဆံတဲ့အခါ ကောင်းတဲ့လမ်း၊ မကောင်းတဲ့လမ်း ခွဲပေးရတယ်။ မေတ္တာပေးရတယ်။ တရားအကြိမ်ကြိမ်ဟောပေးရတယ်။ နာပြီးသားတရားကို ရှင်းအောင်လည်း သင်ပေးရတယ်။ နိဗ္ဗာန်အထိ လမ်းရောက်အောင် သင်ပေးရတယ်။ မေတ္တာထားရမှာ ဘုန်းဘုန်းတို့အလုပ်။ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ်နေရာကိုယ်နေပေါ့နော်။ သဘောပေါက်လား။ ဒီလိုနေရင် အများချမ်းသာသွားတာပဲ။ ကိုယ့်တာဝန်ကိုယ်ကျေလို့ မေတ္တာနဲ့နေမယ်ဆိုရင်တော့ ဘာမှပြဿနာမရှိဘူး။ ဒီတော့ ဒီနေရာမှာ ပြစ်မှားတယ်ဆိုတာသည် ဘောင်ကျော်တာပဲ၊ အပိုင်းကျော်ကြတာပေါ့။ ဒီတော့ အကောင်းဆုံးသည် မေတ္တာအကောင်းဆုံးပါပဲ။

ဘယ်သူ့အပေါ်ပဲဖြစ်ဖြစ် ပုံဖော်ရင် ပြုံးရွှင်တဲ့ပုံကိုသာ ရအောင်ဖော်ကြနော်။ မေတ္တာဘဲ လွှတ်ကြ။ နားလည်ပြီလား။ အပြစ်တွေမရှာရဘူးနော်။

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှာရင် အတင်းပြောတာဘဲ။ မနောကလည်း မပြောနဲ့၊ နှုတ်ကလည်း မပြောမိစေနဲ့၊ မေတ္တာသာလွှတ်။ ဘာလို့လဲဆိုတော့ တစ်ဦးနဲ့တစ်ဦး ကျေးဇူးဟာ ကင်းမှ မကင်းကြတာဘဲနော်။ ကျန်တဲ့ပြဿနာသည် ကိုယ့်ကိစ္စ မဟုတ်ဘူး။ သူ့အပိုင်းနဲ့သူ၊ သူ့ဟာသူ သွားလိမ့်မယ်။ ကံတွေဘဲပေါ့။ ကံအရှိန်လေးအတိုင်း ပဲ ဖြစ်နေကြတာကိုး။ ကိုယ်ကတော့ မေတ္တာလွှတ်။ ဒါဟာကိုယ့် တာဝန်ပဲ။ ကိုယ့်ဟာကို လုံအောင်ကာကြ၊ ဒါပဲရှိတယ်။ မေတ္တာနဲ့နေမှ အေးချမ်းမှာနော်။ ဘယ်သူ့အပေါ်ကိုမှ မကောင်းတဲ့ဂုဏ်တွေနဲ့ ပေါင်းစပ်ပြီး မကြည့်နဲ့။ အမြဲတမ်း ပြုံးပြုံးရွှင်ရွှင်နဲ့ ဖြစ်နေတဲ့ပုံကိုပဲဖော်ပါ။ ရွှေ၊ ငွေတွေ ပြည့်စုံပြီး ပြုံးရွှင်တဲ့ ပုံလေးဖော်၊ နှလုံးအေးတဲ့ ပုံကိုဖော်၊ ကိုယ့်တာဝန် ကိုယ်ကျေရင်ပြီးတာပဲ။ အဲဒီအတိုင်းနေကြရမယ်။ သဘောပေါက်ကြပြီလား။

**မဂ်တားနိုင်ဗိုလ်ပေါ်** ကိုယ့်သန္တာန်မှာ အသွေးအသားဟာ တီဗွီ (TV) စက်လို ပဲနော်။ နိုင်ငံပေါင်းစုံက လိုင်းတွေဖမ်းချင်ရင် စလောင်း တပ်ရတယ် မဟုတ်လား။ လိုင်းတွေ ထည့်ရသေးတယ် မဟုတ်လား။ ဒီတော့မှ ဖမ်းလို့ရတာ။ အသွေးအသားထဲမှာ အကုသိုလ်ဓာတ် တွေ ရာနှုန်းအပြည့်ထည့်ထားမယ်။ ကြမ်းတမ်းနေမယ်ဆိုရင် စီးပွားကို ဆွဲနိုင် ပါ့မလား။ (မဆွဲနိုင်ပါဘုရား…)။ ရတနာရှိရာ ရတနာစုဆိုတဲ့ စကားရှိတယ် မဟုတ်လား။ ဒီအသွေးအသားထဲမှာ မကောင်းတဲ့ဓာတ်တွေထည့်ထားတော့ စီးပွားတောင် မဆွဲနိုင်ဘူး။ သဘောပေါက်လား။ နိဗ္ဗာန်ဆိုသည် ဘုရားဉာဏ် တော်နဲ့ မြင်ခဲ့တဲ့ နိဗ္ဗာန်တရား၊ အင်မတန် သိမ်မွေ့တဲ့တရား၊ အင်မတန် ကြည် လင်တဲ့အသွေးအသား၊ စိတ်ပိုင်ရှင်မှ မြင်ရတာ။ ကုသိုလ်ဓာတ်ပြည့်မှ မြင်ရတာ နော်။ အနည်းဆုံး ပထမဈာန်ဆိုတာ မဟာကုသိုလ်ခေါ်တယ်။ ရာနှုန်းပြည့် ကုသိုလ်ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကုသိုလ်စာတ် အရှိန်မရှိဘဲနဲ့ နိဗ္ဗာန်မပေါ်ဘူး။ နားလည်ပြီနော်။ အဲဒီကုသိုလ်ဓာတ်အရှိန်အဝါများတဲ့ သွေးနဲ့သတ္တိစိတ်ဟာ ဖြေကြည့်ပါ။ နိဗ္ဗာန်မြင်ပါ့မလား။ (မမြင်ပါဘူးဘုရား...)။ တခြားစီဘဲ။ ဒါကြောင့် မဂ်တား၊ ဖိုလ်တားလို့ ပြောတာနော်။ တရားအားထုတ်ချင်တဲ့ စိတ်လည်းပေါ်မှာ မဟုတ်ဘူး။ အားထုတ်လည်း အဲဒီပုဂ္ဂိုလ်ရမှာ မဟုတ်ဘူးနော်။ နားလည်ပြီလား။ တစ်ချို့ဆိုပြောတယ်။ မျက်လုံးမှိတ်လိုက်ပြီဆိုရင် မှောင်တာတွေပဲ ပေါ်တယ်တဲ့။ တခြားဘာမှ မမြင်ရဘူးတဲ့။ ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်တွေ ထိုင်တယ်ဆိုရင် မှောင်နေတာပဲတဲ့နော်။ ဘုန်းဘုန်းက သူတို့ကိုကြည့်ပြီး၊ သြော်... အကုသိုလ်တွေ များလိုက်တာလို့နော်။ တကယ်လည်း အကုသိုလ် များတယ်။ ဒီတော့ မှတ်ပါ။ ကိုယ့်အသွေးအသားမှာရှိတဲ့ သတ္တိတွေကို ပြောင်းပြစ်ရမယ်။

ဒီအထဲမှာ ပဥ္စာနန္တရိယကံကလွဲရင် ကျန်တာတွေ ပြေတယ်လို့ မှတ်ထား။ ပဥ္စာနန္တရိယ ကံသမားတောင်မှ ကန်တော့လို့ရှိရင် ငရဲသက်တမ်း လျော့တယ်တဲ့။ အဇာတသတ်မင်းသားကိုကြည့်လေ။ ပဥ္စာနန္တရိယကံငါးခု ကို ရေတွက်ကြည့်ရအောင်။

- ✧ ဘုရားကို သွေးစိမ်းတည်အောင်လုပ်တဲ့ပုဂ္ဂိုလ် ဘယ်လောက် ကန်တော့ ကန်တော့ ငရဲကျမှာပဲတဲ့။
- ✧ ရဟန္တာသတ်မိတဲ့ပုဂ္ဂိုလ် ဖြေလို့မရဘူး၊ ကျမှာပဲ။
- ✧ အမိသတ်တဲ့ပုဂ္ဂိုလ် ဖြေလို့မရဘူး၊ ကျမှာပဲ။
- ✧ အဖသတ်တဲ့ပုဂ္ဂိုလ် ဖြေလို့မရဘူး၊ ကျမှာပဲ။
- ✧ အဇာတသတမင်းသား ငရဲကျတာဘဲနော်၊ မဂ်တား ဖိုလ်တားတယ်၊ မရဘူးနော်။

www.burmeseclassic.com

www.burmeseclassic.com



✧ သံဃာသင်းခွဲတဲ့ပုဂ္ဂိုလ် ဖြေလို့မရဘူး၊ ကျမှာပဲ။

ဒေဝဒတ်နော်၊ သူလည်းငရဲကျတယ်။ ဒါပေမယ့် အဇာတသတ်မင်းသားဟာ ငရဲသက်တမ်းလျော့သွားတယ်။ မဂ်သာမရတာနော်။ ဒါကြောင့် ကန်တော့တာ နည်းနည်းမှ မလျှော့နဲ့။ မရှုံးဘူးလို့မှတ်ပါ။

အဖေ၊ အမေကို သတ်မိပစေအုံး။ နားလည်ပြီး ဘုရားကို ကန်တော့ရင် ငရဲသက်တမ်းလျော့တယ်။ ပြန်စာက်ရင် အဆင်ပြေမယ်ပေါ့။ ရှုံးပါအုံးမလား။ (မရှုံးပါဘူးဘုရား …)။ ဒီတော့ ကာသိုလ်နဲ့ယှဉ်တဲ့ အအေးဓာတ်ကို သွင်းထား။ ကိုယ့်အတွက် အမြတ်ချည်းပဲလို့မှတ်။

**ကန်တော့ခန်း** ✿ ကန်တော့နည်းကိုလည်း သင်အုံးမယ်။ ဘုရားရဲ့ ဂုဏ်ကျေးဇူးတွေကို အောက်မေ့ပြီး ကန်တော့နော်။ မျက်စိမှိတ်လိုက်ရင် ဘုရားပုံ အကြီးကြီးကို ရအောင်ဖေါ်ကြ။ နားလည်ပြီလား။ မပေါ်ရင် ထပ်ကြည့်ပြီးရင် မျက်စိမှိတ်ပြီး အာရုံယူ ကန်တော့လိုက်။ ဘုရားအပေါ် ချစ်လာအောင် ပုံဖော်ရတယ်။ အဲဒီလို ကန်တော့ရင်တော့ ဒီက ( အခံဓာတ် ) စွမ်းအားတွေ ပြောင်းသွားရော။ မကောင်းတဲ့ဓာတ်တွေ ပျက်ပြီး၊ ကောင်းတာတွေ အစားထိုးလို့ ကြေသွားပြီ။ နိုင်သွားပြီ။ ကန်တော့နည်းနော်။ အဲဒါကို ဘုရားဟောမှာ လိုက်ရှာပြီး စဉ်းစား၊ အဖြေပေါ်တော့မှ ကန်တော့ခန်းကို ထည့်ပေးတာ။ တရားနာလို့မရတဲ့သူတွေ နာလို့ရသွားတယ်။ စီးပွားလည်း တက်ပါတယ်။ တစ်ချို့ ရောဂါတွေ ပျောက်ကုန်တယ်။ ကိုယ်တွေ့တွေ အများကြီးရှိပါတယ်။

ကန်တော့တဲ့နေရာမှာ ဘုရားခြေဖမိုးတော်နဲ့ မိမိ ဦးခေါင်းထိပြီး ကန်တော့တဲ့ပုံကို ဖေါ်ပြီးကန်တော့ပါ။ စိတ်အစာ စားတယ်ခေါ်တယ်၊ စိတ်ကူးပဲနော်၊ အရိပ်ပဲ၊ စိတ်အစာစားတာ အဓိကဘဲ၊ ဒီလိုအာရုံယူပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အေးနေရတယ်၊ နားလည်ပြီလား၊ ဒီကုသိုလ်အရှိန်နဲ့ ပြစ်မှားတဲ့ ကံတွေပျောက်အောင် ကန်တော့ပါတယ်၊ ဒီလိုနော်၊ ဒါဆိုရင် ဓာတ်တွေ ပြောင်းသွားတာပေါ့၊ ကန်တော့ရင်လည်း ဘုရားဓာတ်တော်ကိန်းရာမှာ ကန်တော့ရမယ်နော် ….။ အပြစ်မှားခံ ပုဂ္ဂိုလ်မရှိဘူးဆိုရင် ဘုရားဓာတ်တော် ကိန်းရာမှာ ကန်တော့ရတယ်၊ ဓာတ်တော်ဟာ ဘုရားပဲ၊ တန်ပြန်အဆများတယ်၊ မေတ္တာကြီးမားတဲ့ဘုရားလို့ ဒီလိုပီတိစွမ်းအားကို ယူနော်။

ရှေးရှေးဘုရားများဟာ ပရိနိဗ္ဗာန်စံတယ်ဆိုရင် ရွှေတုံးကြီးလိုပဲ ထားပေးခဲ့တယ်။ ရွှေတုံးလို တစ်တုံးတည်းရှိတာနော်၊ ဂေါတမ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကျတော့ သက်တမ်းတိုလို့ သတ္တဝါတွေ မဖူးလိုက်ရဘူး၊ ဓာတ်တော်တွေ ကွဲသွားတယ်၊ ဓာတ်တော်ဟာ ပူဇော်ရင်ပွားတယ်၊ မပူဇော်ဘူး။ မရိုသေဘူးဆိုရင် ဓာတ်တော်ဟာ မနေဘူး၊ ပြန်ကြွသွားတယ်။

**သက်ရှိဘုရားလို့မှတ်** အောက်ဘက်အရပ်မှာ ဒကာတစ်ယောက်ရဲ့ ကိုယ်တွေ့နော်။ ဓာတ်တော်ဟာ အသက်ဝင်တယ်။ အသက်ရှိတယ်လို့ပဲ ယူဆတယ်၊ သက်ရှိဘုရားလို့ပဲ ခံယူထားတယ်၊ ဘုန်းဘုန်းခံယူထားတယ်နော်၊ အဲ့ဒီဒကာဟာ ဓာတ်တော်(၉)ဆူကို ပုလင်းထဲကို ထည့်ထားတယ်၊ အိမ်ပြင်တော့ ဓာတ်တော်ပုလင်းကို ကုတင်အောက်ထဲ ထည့်ထားတယ်၊ "ဒကာကြီး အဲ့ဒီလိုဆိုရင် ရှိချင်မှရှိလိမ့်မယ်" ပြောလိုက်တော့ ကဗျာကသီ ပြေးကြည့်တယ်၊ ပုလင်းကို အဖုံးပိတ်ထားတာနော်၊ မရှိတော့ဘူးတဲ့၊ ဘယ်လိုလုပ်ရမလဲလို့ ဘုန်းဘုန်းကို မေးတယ်၊ စမ်းကြည့်မယ်ပေါ့၊ ဓာတ်တော်ထည့်တဲ့ ပုလင်းကို ဆေးတယ်၊ နောက် ကန်တော့ပွဲထိုး ငါးပါးသီလခံပြီး ညဘက်ကျတော့ ပင့်တာပေါ့၊ ဘုန်းဘုန်းက သိချင်လို့ အဖုံးမဖွင့်ထားဘူး၊ မနက်ကျတော့ (၉)ဆူလုံး ပြန်

www.burmeseclassic.com



ရောက်နေတာ တွေ့ရတယ်။ အံ့ဩစရာကောင်းတယ်၊ သက်ရှိဘဲနော်။ သဘော ပေါက်လား။

**စကြာဝဠာပျံ့နေသောဘုရားဓာတ်** ဒီတော့ သက်ရှိဘုရား ရှိနေတယ်လို့ကို စိတ်ထဲမှာထားရမယ်၊ တန်ပြန်အဆက လည်း အများကြီးပဲပေါ့၊ ဓာတ်တော်ရဲ့ ဓာတ်ရိပ်၊ ဓာတ်ခိုးတွေဟာ စကြာဝဠာကို ပျံ့နေပါတယ်လို့ဆိုတယ်၊ ဒီခေတ် တော့ နားလည်လွယ်ပါတယ်၊ တီဗွီ (TV) လှိုင်းလိုပေါ့၊ ဒီအနီးအနားမှာ တီဗွီလှိုင်း (TV Wave) ရှိတယ်မဟုတ်လား၊ သို့သော် ဒီအတိုင်း လက်နဲ့ ကိုင်လို့ စမ်းလို့တော့မရဘူး၊ လိုင်းတူစက်နဲ့ဖမ်းရင် (TV) အရုပ်တွေ ပေါ်လာ မှာပဲ၊ ဓာတ်တူရာနဲ့ ဖမ်းမှရတယ်လေ၊ သဘောပေါက်တယ်နော်၊ အဲဒီလိုပဲ ဓာတ်ရိပ်၊ ဓာတ်ခိုးတွေက ပျံ့နေတာ၊ ကိုယ်က အင်မတန်အေးတဲ့ဓာတ်နဲ့ ဘုရားကိုပုံဖော်မှ စိမ့်ဝင်လာမှာ၊ နှလုံးအေးပြီး မာန်လျှော့၊ ကြွက်သားအာရုံ ကြောတွေ လျှော့ချလိုက်ရတယ်။ ရင်ထဲမှာ စကားမပြောဘဲ အေးနေအောင် ခံစားတတ်ရတယ်။ အင်မတန်အေးတဲ့ဓာတ်နဲ့ ဘုရားကို ပုံဖော်မှ စိမ့်ဝင်လာမှာ၊ နားလည်ပြီနော်။ ဒါမှ စွမ်းအားပြောင်းမှာနော်။

ဓာတ်ရိပ်၊ ဓာတ်ခိုးရှိတယ်ဆိုတာ ပြောလို့သိရတာ။ ရွှေတိဂုံဘုရား တစ်ဝိုက် ရုပ်ကွက်ရောက်သွားရင်တောင် အောက်လမ်းပညာတွေဟာ တစ် ဝက်လောက် သုံးမရဘူးတဲ့။ ဘုရားရဲ့ ဓာတ်ရိပ် ဓာတ်ခိုးရှိတော့ တစ်ဝက် လောက် သုံးလို့ကို မရဘူးတဲ့။ သူတို့ ပြောကြတယ်။ တအားအံ့ဩဖို့ကောင်း တယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားရဲ့ ဓာတ်တော်တွေရှိလို့ပဲ။ ဘုရားရဲ့ ဓာတ်ရိပ်၊ ဓာတ်ခိုးတွေရှိလို့နော်။ အဲဒီဓာတ်ရိပ်၊ ဓာတ်ခိုးတွေဟာ ဒီအခန်း လောက်တော့ အသာလေးပဲပေါ့။ စကြာဝဠာသောင်းချီပြီးတော့တောင် ပျံ့နေ သေးတာပဲနော်။ ဘုရားရဲ့ရင်ငွေ့၊ ဘုရားရဲ့ နှလုံးသားထဲကို ရောက်နေသလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးပုံဖော်ပြီး ဘုရားကို ဦးခိုက်ကြည်ညို ကန်တော့ရမယ်၊ လုပ်ကြည့်ပါ။ အဲဒီစွမ်းအားတွေပြည့်ပြီဆိုရင် ဘာဂြိုဟ်၊ နက္ခတ်မှ စောင့်စရာမလိုပါဘူး။ အဲဒီစွမ်းအားတွေကြောင့် ဓာတ်ရော၊ နတ်ရော၊ မနေနိုင်ပါဘူး။ ဗိုင်းတာပါပဲ။ ဓာတ်ပိုင်တယ်၊ နတ်ပိုင်တယ်ဆိုတာ တခြားမဟုတ်ပါဘူး။ မိမိရင်ထဲ အအေးဓာတ်ရှိနေဖို့ပဲ လိုပါတယ်။

စောစောက အရာရှိဒကာဆို အပိုင်းခွဲသင်ပေးလိုက်တော့ သဘောပေါက်ပြီး ဘုရားမှာ သွားကန်တော့တယ်။ (၄)ပတ်လောက်ကြာတော့ သူ့ရောဂါပျောက်သွားတယ်။ ဓာတ်တွေပျက်သွားတာပေါ့နော်။ ဓာတ်ပြယ်သွားတယ်။ ဒီလိုနော်၊ အသွေးအသားတွေဟာ စိတ်နဲ့ဆိုင်တာကိုး။ ပြောင်းလဲသွားတာပေါ့။ ကြိုးစားပြီး ကြည်ညိုကြပါ။ ရင်ထဲအေးနေပစေနော်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သတ္တဝါတွေအပေါ် အင်မတန်မေတ္တာ ကရုဏာကြီးမားတယ်နော်။ သုမေဓာ ရသေ့ဘဝမှာ နိဗ္ဗာန်ရလိုက ရနိုင်ပါသော်လည်း သတ္တဝါတွေအပေါ် သနားတဲ့စိတ် ကရုဏာဓာတ် အင်မတန်ကြီးမားတာကြောင့် ဘုရားဆုပန်ခဲ့တယ်နော်။ ဘုရားဆိုတာသည် မိသားစုအတွက်မဟုတ်ပါဘူး။ ရပ်ရွာတစ်ခု၊ မြို့ရွာတစ်ခု၊ တိုင်းပြည်တစ်ခု၊ ကမ္ဘာတစ်ခုအတွက် မဟုတ်ပါဘူး။ စကြာဝဠာရှိ သတ္တဝါအားလုံးအတွက်နော်။ ဒီလိုမေတ္တာ၊ ကရုဏာပိုင်ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတောင်မှ မိုက်မဲတဲ့ ပုဂ္ဂိုလ်များအတွက် ကျွတ်တန်းဝင်ရန် ဓာတ်တော်ချန်ပေးခဲ့တယ်။ အဓိဋ္ဌာန်ပေးခဲ့တယ်နော်။ ဓာတ်တော်သည် ဘုရားကိုယ်စား ဘုရားပါပဲလို့မှတ်ကြ။ အဲဒီဓာတ်တော်ကို သက်ရှိထင်ရှားလို့ အောက်မေ့ကြပါ။ ဒါကြောင့်မို့ အားလုံးရဲ့ သဗ္ဗညုတညာဏ်ရှင်ဖြစ်တဲ့ သက်တော်ထင်ရှားရှင်တော်မြတ်ဘုရားကြီး ကြွရောက်နေပါပြီ ...။ "သက်တော်ထင်ရှားရှင်တော်မြတ်ဘုရား၊ ဘုရားတပည့်တော်တို့သည် မသိ၊ မလိမ္မာခင်က

www.burmeseclassic.com

www.burmeseclassic.com



မိုက်မဲစွာ ပြစ်မှားမိတဲ့ ကံတွေရှိခဲ့ပါ၏။ ထိုကံသတ္တိနှင့် တန်ပြန်မှု အပြစ်တွေ ပျောက်ခြင်းငှာ ရှင်တော်မြတ်ဘုရား အဆုံးအမကို ခံယူလျက်၊ ရှင်တော်မြတ်ဘုရားထံ၌ပင် တောင်းပန်ကန်တော့ခြင်းအခွင့်ကို ပေးတော်မူဘုရား။"

**လိုက်ဆိုရန်ပိုင်း** ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမားကြကုန်သော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမားကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတို့၏အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

(ဉာဏ်ဆန်းကြယ်မှ ကံဆန်းကြယ်တယ်နော်။ မိမိနဖူးထိရာ အရပ်သည် ဘုရားရှင်ရဲ့ ခြေဖမိုးတော်ကို ထိသကဲ့သို့ ရအောင်ကြိုးစားပြီး ပုံဖော်နော်။ ရင်ထဲအေးချမ်းပါစေ။ အအေးဓာတ်ကို စိမ့်နေပစေ၊ ရအောင်ကြိုးစားပြီး ကန်တော့ပါ။)

ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမားကြကုန်သော အဂ္ဂသာဝက၊ မဟာသာဝကရဟန္တာ အရှင်မြတ်ကြီးတို့၏ အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါ

www.burmeseclassic.com

www.burmeseclassic.com



စေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

(ကြက်သီးမွေးညှင်း ထလောက်အောင် အအေးဓာတ်စိမ့်ထွက်ပစေ၊ အဲဒါဆို ပိုကောင်းပါတယ်။ ကြိုးစားကြနော်၊ တဖြည်းဖြည်းနဲ့ ရလာပါလိမ့်မယ်။)

⊛ ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့၏ အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

(အဂ္ဂသာဝက၊ မဟာသာဝကဆိုတာ ဘုရားရှင်ရဲ့ ပါရမီကို လေးပုံတစ်ပုံ ဖြည့်ရတယ်။ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်ရတာနော်။ အဂ္ဂသာဝကဆိုတာ တခြားမဟုတ်ဘူး။ လက်ဝဲရံ လေးဆယ်၊ လက်ျာရံ လေးဆယ်၊ စုစုပေါင်း ရှစ်ဆယ်ပေါ့။ အဲဒီမှာ ဦးဆောင်တဲ့ ပုဂ္ဂိုလ်ဟာ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန် ပုဂ္ဂိုလ်နှစ်ပါးနော်။ အဂ္ဂသာဝကလို့ခေါ်တယ်။ ဖွဲ့စည်းပုံတွေ ကောင်းသထက်ကောင်းအောင် အချိန်ပေးပြီး ပါရမီဖြည့်ခဲ့ရတာ။ ကျန်တဲ့ (၇၈)ပါးသော ပုဂ္ဂိုလ်တွေဟာ ကမ္ဘာတစ်သိန်း ဖြည့်ရတဲ့ မဟာသာဝက ရဟန္တာကြီးတွေလို့ မှတ်ပါ။ ရိုးရိုး ရဟန္တာတွေက ပါရမီ အတိုင်းအတာမရှိဘူး။)

⊛ ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမားကြကုန်သော မိခင်၊ ဖခင်တို့၏အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

www.burmeseclassic.com

www.burmeseclassic.com



(မိဘနှစ်ပါးရှိသေးတယ်ဆိုရင် နေ့စဉ် နဖူးနဲ့ခြေထောက်ထိပြီး ကန်တော့ကြပါ။ အိပ်ယာဝင်ခါနီးတိုင်း ကန်တော့ပြီးမှအိပ်ပါ။ အခွင့်မသာရင်တော့ ဓာတ်ပုံကိုဘဲ ပူဇော်ပါ၊ ရပါတယ်။ ခြေရာကို မသေသေးရင် ရအောင်တောင်းထားကြနော်။ အဲဒီခြေရာကို ရှိရှိသေသေနဲ့ သွားလေရာ ဆောင်ထား။ မိဘနဲ့ မေတ္တာစေတနာကြောင့် အစစ အရာရာ အဆင်ပြေ အောင်မြင်ပါလိမ့်မယ်။ အမွေထက် စိတ်ချရတယ်။ မိဘကို စိတ်ကညွတ်တဲ့အခါ အအေးဓာတ်နဲ့ညွတ်နော်။ ကိုယ့်ခေါင်းအထက်မှာ ပုံဖော်ထား၊ အကြိမ်ကြိမ် ကန်တော့ရင် သိသာပါလိမ့်မယ်။ ဘဝပြောင်းလဲမှု များပါလိမ့်မယ်။ အကောင်းပြောင်းလဲတာလို့မှတ်ပါ။)

- ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမားကြကုန်သော လိမ္မာစေရန် ကျိုးကြောင်းပြ၍ ဆုံးမတတ်သော ဆရာတို့၏အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

(ဒါဟာ စာပေအလိမ္မာ၊ အသက်မွေးဝမ်းကြောင်း အလိမ္မာတွေကို ကျွမ်းကျင်လိမ္မာအောင် သင်ကြားပေးတဲ့ လောကီဆရာသမားတွေကို ပြောတာနော်။)

- ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမားကြကုန်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဆည်းပူးဖြည့်ကျင့်လျက် ရှိကြကုန်သော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်တို့၏အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

www.burmeseclassic.com

www.burmeseclassic.com



(ရင်ထဲမှာ အေးချမ်းနေပစေ၊ ဆန္ဒမစောနဲ့၊ မာန်လျှော့ထားပါနော်)

ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော တရားဓမ္မတို့ကို ဟောပြော ပြသ ဆုံးမတတ်သော ဆရာသမားတို့၏ အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

(နောက်ဆုံးပိတ် ခင်ပွန်းဆိုတဲ့စကားဟာ ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်မှန်သမျှ ခင်ပွန်းလို့ သုံးတယ်နော်။ ထမင်းတစ်လုတ်ဖြစ်စေ၊ ရေတစ်မှုတ်ဖြစ်စေ၊ ဖျာလေး တစ်နေရာစာ စသည်ဖြင့် ထောက်ပံ့ဘူးတဲ့ ပုဂ္ဂိုလ်မှန်သမျှသည် ကျေးဇူးရှင်ခင်ပွန်းထဲ ထည့်ထားနော်။)

ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော ထမင်းတစ်လုပ်၊ ရေတစ်မှုတ်စသည်ဖြင့် ပေးကမ်းချီးမြှင့် ထောက်ပံ့ဘူးသော ကျေးဇူးရှင် ပုဂ္ဂိုလ်တို့၏ အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ – (မနောကံဆိုတဲ့နေရာမှာ အရေးကြီးတယ်နော်။ ပုဂ္ဂိုလ်တစ်ယောက်ကို ပုံဖော်တဲ့နေရာမှာ အပြစ်တွေတင်ပြီး မကျေမနပ်နဲ့တွေးရင်း ပြစ်မှားနေတယ်လို့မှတ်ပါ။ မကြည်မလင်နဲ့ အပြစ်တွေရှာ၊ အားနည်းချက်တွေရှာပြီး စိတ်ထဲက အဲဒီအားနည်းချက်တွေကို ပြောနေမယ်ဆိုရင် ပြစ်မှားနေတာပါဘဲ၊ နှုတ်နဲ့ပြစ်မှားနေတာကို မဟုတ်ဘူးနော်။ မနောနဲ့ ပြစ်မှားနေတာကို ပြောတာ။ ဒါကြောင့် နိဗ္ဗာန်လိုချင်ရင်၊ ချမ်းသာချင်ရင် သူများအတင်းမပြောနဲ့၊ စိတ်ကူးနဲ့ တောင် မဖော်ကြနဲ့နော်။ ပုံဖော်ရင်လည်း ပြုံးရွှင်နေတဲ့ပုံကိုပဲ ဖော်ရ

www.burmeseclassic.com



တယ်။ ကျေးဇူးဂုဏ်လေးတွေကိုတွေးပြီး ချစ်လာအောင်ဖော်ကြနော်။ ဒီတော့မှ ကိုယ့်ဘဝ တိုးတက်မယ်လို့ မှတ်ကြပါ။ ဒီမှာလည်း စဉ်းစား၊ သူများအကောင်းပြောခဲ့တာသည် နည်းသလား၊ များသလားလို့နော်။ သူများမကောင်းကြောင်းတွေ မကျေနပ်ချက်တွေ များရင်တော့ စွမ်းအားကျမယ်၊ စီးပွားလည်းကျမယ်နော်။ မလုပ်မိအောင် ကြိုးစားကြနော်....။) ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

"ဘုရားရှင်ကို ပိုပြီးကြည်ကြည်လင်လင် အာရုံယူပြီး ရှိခိုးနိုင်အောင် တညီတညာတည်း ငါးမာန်အောင်မြင် ဘုရားရှိခိုးဖြင့်ရှိခိုးကြရအောင်"

- ငါးမာန်အောင်မြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- ကိလေသာကင်းစင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- သစ္စာသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- အနန္တဂုဏ်အင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- ငြိမ်းအေးသခင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- သံသရာကယ်တင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- နိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- ပရိနိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

သာဓု - သာဓု - သာဓု

www.burmeseclassic.com

www.burmeseclassic.com



## ဆုတောင်းခန်း

ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကောင်းမှုကံ စေတနာတို့ကြောင့် အလုံးစုံသော ဘေးရောဂါ အန္တရာယ်အပေါင်းတို့မှ ကင်းဝေးပြီးလျှင် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော သစ္စာလေးပါး မြတ်တရားကို ကောင်းစွာသိမြင်၍ နိဗ္ဗာန်သို့စံဝင်နိုင်သောကိုယ်ဖြစ်ရပါစေသား အရှင်ဘုရား။

လောကီမင်္ဂလာအဖြာဖြာတို့သည်လည်း စိတ်ကြံတိုင်း တောင့်တတိုင်း လွယ်ကူလျှင်မြန်စွာ ပြည့်စုံ၍ နှလုံးစိတ်ဝမ်း အေးချမ်းရပါစေသား အရှင်ဘုရား။

## ကန်တော့ခန်း

တရားသိမ်းရအောင်၊ ပူဇော်ကြမယ် ...

ဣမာယဓမ္မာနု၊ ဓမ္မပဋိပတ္တိယာ၊ မင်္ဂလေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် တည်းဟူသော ဤလောကုတ္တရာတရား၊ ကိုးပါးအားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့် ဗုဒ္ဓံ မြတ်စွာဘုရားကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယဓမ္မာနု၊ ဓမ္မပဋိပတ္တိယာ၊ မင်္ဂလေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် တည်းဟူသော ဤလောကုတ္တရာတရား၊ ကိုးပါးအားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့် ဓမ္မံ တရားတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယဓမ္မာနု၊ ဓမ္မပဋိပတ္တိယာ၊ မင်္ဂလေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် တည်းဟူသော ဤလောကုတ္တရာတရား၊ ကိုးပါးအားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့် သံဃံ သံဃာတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာပို့ အမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမြအေးကြည် ဘေးမဲ့မည်သည်၊ ရွှေပြည်ထုတ်ချောက် လမ်းမကောက်ပဲ ရောက်ရပါလို၊ ထိုထိုဘဝ ကျင်လည်ရလည်း အနိဋ္ဌဘေးဒဏ် ရန်၊ မာန်အပေါင်း မကောင်းဟူသမျှ မတွေ့ရဘဲ သမ္ပတ္တိမင်္ဂလာကို ရှယ်တာတတိုင်းရစေသော် …။ ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနှင့် ကိုယ့်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစ၍ ရှိသမျှအလုံးစုံ ဘုံ သုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျတို့ ရကြပါစေ ပေးမျှဝေသည် … မျှားဝေသာခုခေါ်စေသော် … ဝသုန္ဓရေ ဤမြေပံ့သု သီလာထုလည်း သက်သေအမှုဒ္ဒ တည်စေသော် …။

ကုသိုလ် … အမျှ … အမျှ … အမျှ ယူတော်မူကြပါကုန်လော့။

သာဓု …. သာဓု … သာဓု



၁၃၆၅ ခု၊ ဝါဆိုလဆန်း ၁၂ ရက်
၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ကြာသပတေးနေ့တွင် ဟောကြားတော်မူသည်။

www.burmeseclassic.com


www.burmeseclassic.com

# ခင်ပွန်းကြီးဆယ်ပါးပြစ်မှားမိပါက


# သင့်တတ်သောဒဏ်ဆယ်ပါး

သွေးအန်ဖြစ်လွယ်၊ ရောင်းဝယ်ရှုံးခြင်း၊ ချို့ယွင်းအင်္ဂါ၊ နူနာကုဋ္ဌ၊
ရူးကြဖောက်ပြန်၊ မင်းဒဏ်သင့်ခတ်၊ ကြမ်းတမ်းစွပ်စွဲ၊ သေကွဲသားချင်း၊
ပျက်ခြင်းစည်းစိမ်၊ နေအိမ်မီးလောင်၊ ဒုက္ခကောင်သည်၊ လူ့ဘောင်ဒိဋ္ဌ၊
တွေ့ကြုံရ၍၊ သေကငရဲ၊ ကမ္ဘာစွဲ၏။
ဤဒဏ်ဆယ်ပါးအပြင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုလည်း တားနိုင်ပါသည်။
























www.burmeseclassic.com